www.burmeseclassic.com


e Empire Book 1

7 Day News ဂျာနယ်တွင် ဖော်ပြပြီးဖြစ်သည့် အယ်ဒီတာ့ဒိုင်ယာရီများ စုစည်းမှု

ကိုကို(စက်မှုတက္ကသိုလ်)

# အယ်ဒီတာ့ဒိုင်ယာရီ

## စာစုများ



www.burmeseclassic.com

# အယ်ဒီတာ့ဒိုင်ယာရီ စာစုများ

## ကိုကို(စက်မှုတက္ကသိုလ်)

ဆဲဗင်းဒေးနယူးစ်ဂျာနယ်တွင်ဖော်ပြခဲ့သော

အယ်ဒီတာ့ဒိုင်ယာရီစာစုများကိုစုစည်းတင်ဆက်သည်။

www.burmeseclassic.com

ကျေးဇူးရှင် ဖေဖေ နှင့်

သင်ဆရာ မြင်ဆရာနှင့် ကြားဆရာများ ဖြစ်ကြသော

သတင်းစာဆရာကြီးများ အားလုံးကို

ဤစာအုပ်ဖြင့်

ဂါရဝ ပြုပါသည်

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

---

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

**ပြည်သူ့သဘောထား**

♦ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
♦ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
♦ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
♦ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

---

ဥပဒေဘောင်တွင်း နေထိုင်ခြင်း
ဘေးကင်းရန်ကွာ ပြည်သာယာ။

---

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

♦ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
♦ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
♦ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
♦ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

♦ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
♦ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
♦ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
♦ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

♦ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
♦ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
♦ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
♦ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၇၁/၂၀၀၀၄(၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၀၇/၂၀၀၄(၂)
စီစဉ်သူ – e-Empire Media
ပုံနှိပ်ခြင်း – ပထမအကြိမ်
၂၀၀၄ ခုနှစ်၊ မတ်လ။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် – သုဓမ္မဝတီပုံနှိပ်တိုက်
မျက်နှာဖုံးဒီဇိုင်း – စောစည်သူမိုး
အတွင်းစာစီ – ဝင်းဇော်ထွန်း
အတွင်းသရုပ်ဖော် – ဝလုံး
ဖလင် – Sunn Colour Separation
အုပ်ရေ – ၅၀၀
တန်ဖိုး – ၇၀၀ ကျပ်
ထုတ်ဝေသူ – ဦးကိုကို (ယာယီ–၇၈၄)
ဖြန့်ချိရေး – e-Empire Media House
အမှတ်(၉)၊ ပဒုမ္မာစီးပွားရေးအဆောက်အအုံ
ဗားဂရာလမ်း၊ မြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊
ဖုန်း – ၇၀၃၈၁၃

www.burmeseclassic.com

# စာရေးသူ၏ အမှာ

## ဆဲဗင်းဒေးနယူးစ် အယ်ဒီတာ့ဒိုင်ယာရီနှင့် ကျွန်တော်

နှစ်ကာလကြာရှည်စွာကတည်းက အတွေးထဲမှာ စိတ်ကူးထဲမှာ ရှိနေသောအရာ တစ်ခုကို လက်တွေ့အကောင်အထည်ဖော်ဖို့ရှိလာသည်။ သတင်းဂျာနယ်တစ်စောင် ထုတ်ဝေဖို့ ဖြစ်သည်။ ဂျာနယ်ထုတ်ဝေလိုသူတို့က ကျွန်တော်နှင့် တွေ့သည်။ ကျွန်တော်က ကျွန်တော်စိတ်ကူးထားသော ပုံစံကို ခင်းကျင်းပြသလိုက်သည်။ သူတို့က လက်ခံသည်။ နောက်ဆုံးတွင် ဂျာနယ်၏အမည်ကိုပင် ပေးဖို့ရှိလာသည်။ တစ်ပတ်တစ်ကြိမ်ထုတ်၊ သတင်းတွေ ပါမည်။ ကျွန်တော့်ခေါင်းထဲ 7 Day News ဆိုသည့် အမည်က ဖျတ်ခနဲ ပေါ်လာသည်။

အတိုချုံးရလျှင် 7 Day News သည် ကျွန်တော့်ရင်သွေးအဖြစ် ကျွန်တော့် နှလုံးသားအိမ်တွင် သန္ဓေတည်မွေးဖွားခဲ့သည်။ သတင်းထောက်တွေကို စုရသည်။ တတ်သမျှ မှတ်သမျှသော သတင်းစာပညာ ကကြီး ခကွေးမျှကိုပင် သူတို့အား ဝေမျှပေးခဲ့ရ သည်။ အယ်ဒီတာ့ချုပ် တာဝန်ယူလိုက်သော ကျွန်တော်သည် ကျွန်တော်၏ ရင်သွေး 7 Day News တွင် အယ်ဒီတာ့အာဘော်လို ပင်တိုင်ကဏ္ဍတစ်ခု တာဝန်ယူဖို့ဖြစ်လာသည်။

ကြေးမုံသတင်းစာ လျှမ်းလျှမ်းတောက်ခဲ့စဉ်က အယ်ဒီတာချုပ် ဆရာဇဝနက "ဇဝနေ့စဉ်ကြီး" ဆိုပြီး ရေးခဲ့သည်။ ယင်းကို ကျွန်တော် စွဲစွဲလမ်းလမ်း မှတ်မိနေသည်။ ဆရာဦးသိန်းဖေမြင့်က "ကျွန်တော်ကြားဖူးသလို ပြောဆိုပါမည်" ခေါင်းစဉ်ဖြင့် ရေးသားခဲ့ သည်များကိုလည်း သတိတရရှိဆဲ ဖြစ်သည်။ သည်ဆရာကြီးများနှင့် ကျွန်တော်က နှိုင်းယှဉ် မျှပင် မအပ်ပါ။ သို့သော် ကျွန်တော်သည် ဆရာကြီးများကို လေးစားအားကျစွာ အယ်ဒီတာ့ ဒိုင်ယာရီ ဆိုသည့် အမည်ယူပြီး ပင်တိုင်ကဏ္ဍတစ်ခု ဖွင့်ခဲ့ပါသည်။

www.burmeseclassic.com

တကယ်ရေးဖြစ်သောအခါတွင် တစ်ပတ်တစ်ခါဆိုသည့်အချိန်က အတော်ကလေး စိပ်သည်။ တာဝန်ယူလိုက်သည့်သဘော ဖြစ်လာသည့်အခါ မရေးမဖြစ်ဆိုသည့် အခြေအနေ ဆိုက်လာသည်။ အဲဒါကပင် ခပ်ကောင်းကောင်းဟုပင် ဆိုရမည်။ အဘယ်ကြောင့်မူ စာရေးအလွန်ပျင်းသော ကျွန်တော့်ကို ယင်းတာဝန်က ကောင်းကောင်းကြီး နောက်ကနေ မောင်းနေသောကြောင့် ဖြစ်လေသည်။

အယ်ဒီတာ့ဒိုင်ယာရီများ နှစ်ပတ်လည်လုနီးနီးဖြစ်ချိန်တွင် ရင်းနှီးသော မိတ်ဆွေများက စာအုပ်အဖြစ် စုစည်းထုတ်ဝေရန် အကြံပြုကြသည်။ ဂျာနယ်တိုက်သို့လည်း ကျွန်တော်၏ စာဖတ်ပရိသတ်များက ဖုန်းဆက်၍သော်လည်းကောင်း၊ စာရေးသား၍သော်လည်းကောင်း လုံးချင်းအဖြစ်ထုတ်ဝေပါရန် ဆန္ဒပြုကြသည်။

သို့နှင့်ပင် ပုံမှန်အတိုင်းဆိုလျှင် လုံးချင်းတစ်အုပ်စာရေးနိုင်ဖို့ အလွန်ခက်ခဲသော ကျွန်တော်သည် စာဖတ်ပရိသတ်များ၏ တွန်းအားနှင့် 7 Day News ဂျာနယ်၏ ကျေးဇူးကြောင့် စာအုပ်တစ်အုပ်အဖြစ် စုစည်းထုတ်ဝေဖြစ်သွားပါသည်။

စုစည်းလိုက်သော ယခုစာအုပ်တွင် ကျွန်တော်သည် ရေးခဲ့ပြီးသမျှ အားလုံး မပါဝင်သေးဘဲ ပုဒ်ရေ ၃၅ ပုဒ်သာ ထည့်သွင်းနိုင်ခဲ့ပါသည်။ ပုဒ်ရေများပါက စာအုပ်ထူမည်။ စာအုပ်ထူပါက စာအုပ်ဈေးနှုန်း တက်သွားမည်။ ဈေးကြီးမြင့်သွားမည်ကို ကျွန်တော် မလိုလားပါ။

ထို့အပြင် စာစုများကို ရေးသားခဲ့သော အစဉ်လိုက်မဟုတ်ဘဲ စာဖတ်သူများ ပိုမို အစဉ်ပြေစွာ ရွေးချယ်ဖတ်ရှုနိုင်ရန် ရည်ရွယ်ပြီး ကဏ္ဍများ ထပ်မံခွဲခြားကာ ယင်းကဏ္ဍများအလိုက် အုပ်စုကလေးများ ခွဲခြား ထည့်သွင်းဖော်ပြထားပါသည်။

ကျွန်တော်သည် "အယ်ဒီတာ့ဒိုင်ယာရီ"များကို စစ်မှန်သော စေတနာဖြင့် ရေးပါသည်။ ရင်မှပေါက်ဖွားလာသော စေတနာဖြင့် ရေးပါသည်။ ဤမှန်သော သစ္စာစကားကြောင့် အယ်ဒီတာ့ဒိုင်ယာရီများသည် စာဖတ်သူများအတွက် တစ်စုံတစ်ခုသော အတိုင်းအတာအထိ အကျိုးဖြစ်ထွန်းနိုင်ပါစေသတည်း။

လေးစားစွာ

**ကိုကို (စက်မှုတက္ကသိုလ်)**

www.burmeseclassic.com

# အယ်ဒီတာ့နိုင်ယာရီ
# စာစုများ

## မာတိကာ

### (က) လူမှုဆက်ဆံရေး


| | | |
|---|---|---|
| ၁။ | ဆီးဟောင်းလားဆိုဆို ကြည့်ကြသေးတာပေါ့ပြောပြော | ၁ |
| ၂။ | မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည် | ၄ |
| ၃။ | ကျင့်ဝတ်သည်သာ အခရာ | ၈ |
| ၄။ | အားလုံး ကိုယ့်အပြစ်မဟုတ်သူများနှင့်<br>အားလုံး ကိုယ့်အပြစ်ဟုတ်သူများ | ၁၂ |
| ၅။ | ဘယ်လို လည်မှာလဲ<br>ဘယ်လို လည်သင့်သလဲ | ၁၆ |
| ၆။ | တန်းစီတတ်တာ ဂုဏ်ယူပါ | ၂၀ |
| ၇။ | တစ်နပ်စားနှင့် တစ်သက်စား | ၂၄ |
| ၈။ | ကဏန်းနှင့်တူသော လူများ | ၂၉ |
| ၉။ | အများ၏အလုပ်သည် ဘယ်သူ့အလုပ်မှ မဟုတ်ဘူးလား<br>အများ၏နေရာသည် ဘယ်သူ့နေရာမှ မဟုတ်ဘူးလား | ၃၃ |
| ၁၀။ | ပြောသည့်အတိုင်းလုပ်၊ ပြောသည့်အတိုင်းပြီး | ၃၇ |
| ၁၁။ | တယ်လီဖုန်း အက်တိကတ် | ၄၁ |
| ၁၂။ | သူများတွေလုပ်တိုင်း လိုက်လုပ်ဖို့ လိုသလား | ၄၅ |
| ၁၃။ | လောဘကို အသုံးချသူများနှင့်<br>လောဘကြောင့် အသုံးချခံရသူများ | ၄၉ |
| ၁၄။ | ငန်းကို ဗိုက်ခွဲကြသူများ | ၅၃ |
| ၁၅။ | စီးပွားသန့်သန့် လိပ်ပြာသန့်သန့် | ၅၇ |
| ၁၆။ | ပြန်လည်းပြောပါ နားလည်းထောင်ပါ | ၆၁ |
| ၁၇။ | နောက်ကြမှဆိုလျှင် နောက်ကျတတ်သည် | ၆၅ |

www.burmeseclassic.com

# မာတိကာ

## (ခ) လုပ်ငန်းခွင်


၁၈။ ရီပို့တ်ဘက်ခ် ၆၉

၁၉။ ရလဒ်ကို ပြုလုပ်ကြသူများ ၇၃

၂၀။ ဆူနေသောဖားနှင့် မမြင်ရသည့်မျက်ချေး ၇၇

၂၁။ ဖြစ်ချင်တာကို သိပါ ဖြစ်အောင်လုပ်ပါ ၈၁

၂၂။ ရှဥ့်ကလေးလည်းပေးလျှောက် ပျားကလေးလည်းပေးစွဲ ၈၅

၂၃။ ထိုးထွင်းသိသာ မြင်စေမည်လား ၈၉
လျှို့လျှို့ဝှက်ဝှက် ထားမလား

၂၄။ ခေါင်းအေးအေးထားပါ ၉၃
ပြီးတော့ စိတ်ကလေးနည်းနည်းပူပါ

၂၅။ ရမ္မက်စိတ်နှင့် အလုပ်လုပ်ပါ ၉၇

၂၆။ အရည်အချင်းသည် ပထမ အခွင့်အရေးသည် ဒုတိယ ၁၀၁

၂၇။ မန်နေဂျာသည် အခရာ ၁၀၅

၂၈။ အချက်အလက်ကို အခြေခံ စိတ်ခံစားမှုကို မေ့ထား ၁၀၉

၂၉။ ရပါတယ် = ဟုတ်ကဲ့၊ ရပါတယ် = ဟင့်အင်း ၁၁၃


## (ဂ) အထွေထွေ


၃၀။ ညောင်ဦးကမ်းပါးနှင့် စက်တင်ဘာ (၁၁) ဝေါထရိတ်စင်တာ ၁၁၇

၃၁။ အပြောမဟုတ် အလုပ်နှင့် သက်သေပြရမည့် ၁၂၁
ပျော့်ရွှင်ဖွယ်ရာ မင်္ဂလာနှစ်သစ်

၃၂။ ကောင်းတာတွေ ရွေးသယ်၊ မကောင်းတာတွေ ဘေးဖယ် ၁၂၅

၃၃။ ဘတ်စ်ကား ဒရိုင်ဘာ၊ စပါယ်ယာနှင့် ခရီးသွားများ၏ ၁၂၉
မဲပြာပုဆိုး ပြဿနာများကို အဖြေရှာကြည့်ခြင်း

၃၄။ ညစာတစ်ပွဲ၊ ကားကောင်းတစ်စီးနှင့် ၁၃၃
ကွန်ပျူတာကလေး တစ်လုံးအကြောင်း

၃၅။ ခင်မောင်ရင်၊ ကျော်ဆွေနှင့် ဇော်ဝမ်း ၁၃၇
ပြီးတော့ . . . ရာဇာနေဝင်း

www.burmeseclassic.com




# ဆီးဟောင်းလားဆိုဆို
# ကြည့်သေးတာပေါ့ပြောပြော

www.burmeseclassic.com

စင်ကာပူသားများသည် စကားပြောသည့်အခါ 'လား'ကို ထည့်ပြောလေ့ ရှိကြသည်။ ဥပမာ 'သွားလေ' ဆိုသည့် စကားကို *Go* ဟု တစ်လုံးတည်းပြောရမည့်အစား *Go lah* (ဂိုးလား)ဟု ပြောသည်။ *Can lah* (ကင်လား)၊ *Eat lah* (အီလား) စသဖြင့် ပြောကြသည်။

ကျွန်တော်နှင့်အတူ တွဲလုပ်ရသည့် စင်ကာပူသား မန်နေဂျာ တစ်ဦး ရှိသည်။ သူ့အမည်မှာ မာတင်အွန်းဟု ခေါ်သည်။ မာတင်အွန်း သည် စီမံကိန်းဆိုက်ထဲမှာ ပြဿနာတစ်ခုခုရှိလာ၍ ကျွန်တော်ကတင်ပြ လျှင် သူ အမြဲတမ်းပြန်ပြောနေကျ လက်သုံးစကားတစ်ခွန်းကို အမြဲပြန် ပြောလေ့ရှိသည်။ ယင်းမှာ ဆီးဟောင်းလား (*See how lah*)၊ မြန်မာလို လွယ်လွယ်ပြန်လျှင် ကြည့်သေးတာပေါ့ကွာဟု အဓိပ္ပာယ်ရလေသည်။

ဆိုလိုသည်မှာ စောင့်ကြည့်ပါဦးကွာဟု ပြောလိုက်ခြင်းဖြစ် သည်။ သူသည် ပြဿနာကို မဖြေရှင်းပေးဘဲ သည်အတိုင်း မျှောထား လိုက်သည့်သဘော။ ပြဿနာက တစ်ရက်နှင့်လည်း မပြေလည်။ တစ်ပတ်နှင့်လည်း မပြေလည်။ မာတင်အွန်းကို ထပ်ပြောတိုင်းလည်း ဆီးဟောင်းလားဆိုသည့် ဓာတ်ပြားဟောင်းကြီး ပြန်ဖွင့်သံပဲ သူ့ဆီက ကြားရသည်။

**ပြဿနာကို တင်ပြသည့်အခါ ကြည့်သေးတာပေါ့ဟု ပြောလေ့ရှိကြသည် သူတို့က ပြဿနာကို ဖြေရှင်းရမည့် နည်းလမ်းများကို စောင့်ကြည့်ကြခြင်း မဟုတ်ဘဲ ပြဿနာကို သည်အတိုင်း ထိုင်ကြည့်နေကြခြင်း ဖြစ်သည်**

ကျွန်တော်တို့ဆီတွင်လည်း မာတင်အွန်းကဲ့သို့သော မန်နေဂျာ အများအပြားကို ကျွန်တော်တွေ့ဖူးသည်။ ပြဿနာကို တင်ပြသည့်အခါ ကြည့်သေးတာပေါ့ဟု ပြောလေ့ရှိကြသည်။ သူတို့က ပြဿနာကို ဖြေရှင်း ရမည့် နည်းလမ်းများကို စောင့်ကြည့်ကြခြင်းမဟုတ်ဘဲ ပြဿနာကို သည်အတိုင်း ထိုင်ကြည့်နေကြခြင်း ဖြစ်သည်။

ပြဿနာများကို ဖြေရှင်းရာတွင် အစွန်းနှစ်ပါးကို ရှောင်ကြရ သည်။ ပထမအစွန်းမှာ ပြဿနာ၏အရင်းအမြစ်ကို သေသေချာချာ ဆန်းစစ်ဖို့ အချိန်မယူဘဲ ဝုန်းခနဲ ချက်ခြင်းလက်ငင်း ဖြေရှင်းကြခြင်း ဖြစ်ပါသည်။ ယင်းသည် ရောဂါ၏ဇာစ်မြစ်ကို အတိအကျမသိဘဲ ဆေး ပေးလိုက်သည်နှင့်တူရာ များသောအားဖြင့် ဆေးမှားပေးတတ်ပါသည်။ ဖြေရှင်းပုံ မှားယွင်းတတ်ပါသည်။

www.burmeseclassic.com

**ကြည့်သေးတာပေါ့ များသည် ပြဿနာဖြေရှင်းခြင်း မဟုတ်ပါ ပြဿနာကို ပြုစုပျိုးထောင် ပေးခြင်းနှင့် တူနေသည်**

နောက်အစွန်းတစ်ဖက်မှာ ပြဿနာကို ဖြေရှင်းရမည့်အချိန် ရောက်လာသည့်တိုင် ဖြေရှင်းမပေးဘဲ တွန့်ဆုတ်ဆုတ်လုပ်၊ မပြတ်မသား နေ၊ သို့မဟုတ် သည်အတိုင်း မျှောထားခြင်းပင် ဖြစ်ပါသည်။ ထိုအခါတွင် ပြဿနာများသည် မလိုလားအပ်ဘဲ ကြီးထွားလာပြီး အပ်နှင့်ထွင်းရမည့် ကိစ္စက ပုဆိန်နှင့်ပေါက်ရသည့်ကိန်း ဆိုက်သွားတတ်ပါသည်။ ထိုသူများ ၏ လက်သုံးစကားမှာ ကျွန်တော့်မန်နေဂျာ မာတင်အွန်းပြောနေကျ အတိုင်း ဆီးဟောင်းလား (ကြည့်သေးတာပေါ့) ဖြစ်ပါသည်။


လုပ်ငန်းများ လက်တွေ့ အကောင်အထည်ဖော်ကြရာတွင် ပြဿနာများကို ဆုံးဖြတ်ဖြေရှင်းပေးရာ၌ အချိန်ကိုက်ဖြစ်ဖို့ အရေးကြီးပါ သည်။ အချိန်ကိုက်ဖြစ်မှ အဆုံးအဖြတ် မှန်နိုင်ပါသည်။ ကြည့်သေးတာ ပေါ့များသည် ပြဿနာဖြေရှင်းခြင်း မဟုတ်ပါ။ ပြဿနာကို ပြုစုပျိုး ထောင်ပေးခြင်းနှင့် တူနေသည်။ ပြဿနာကို မွေးထားခြင်းနှင့် တူနေ သည်။ ကြည့်သေးတာပေါ့သမားများသည် ပြဿနာကို ရှောင်ရှားဖို့ ကြိုး စားရင်း တစ်ချိန်ချိန်တွင် ပြဿနာတွေက သူတို့ကို ချောင်ပိတ်ဖမ်းခြင်း ခံကြရလေတော့သည်။

ကျွန်တော်တို့ဆီတွင် ဆီးဟောင်းလားသမားတွေ များနေပါက လုပ်ငန်းတွေ အလုပ်မဖြစ်နိုင်ပါ။ လုပ်ရှားသက်ဝင်မှု မရှိနိုင်ပါ။ အောင်မြင်မှု မရနိုင်ပါ။

ကျွန်တော်သည် ကျွန်တော်၏ ဝန်းကျင်တွင် ကြည့်သေးတာ ပေါ့ဟု ပြောသူများကိုတွေ့တိုင်း အဝေးတစ်နေရာက ကျွန်တော့်မိတ်ဆွေ ကြီး မာတင်အွန်းကို ပြေး၍ သတိရနေမိတော့သည်။

**အတွဲ(၁)၊ အမှတ် (၁၄)** *7 Day News Journal*

# မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်



www.burmeseclassic.com

အလယ်တန်းကျောင်းသား ဘဝတုန်းက ကျောင်းကောင်စီမှာ ဝင်ရောက်လှုပ်ရှားရင်း အမြဲတမ်းလိုလို သီဆိုခဲ့ဖူးသည့် ဆောင်ပုဒ်သီချင်းကလေး တစ်ပိုင်းတစ်စကို ယခုတစ်လော ကျွန်တော် သတိရရနေတတ်သည်။ တော်တော်များများလည်း ဆိုဖူးကြပါသည်။ ယင်းမှာ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်၊ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်၊ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည် ဟူသည့် စာသားများပဲ ဖြစ်ပါသည်။

ကျွန်တော်တို့သည် အခြေခံပညာ ဆည်းပူးခဲ့သည့် ပီဘိကလေးဘဝအရွယ်ကစကာ ထိုကတိလေးချက်ကို ဝတ်မပျက် ရွတ်ဆိုခဲ့ကြသည်။ ကတိလေးချက်ကို မူတည်၊ ဖွဲ့စည်းခဲ့သည့် ကျောင်းကောင်စီဆိုသည့် စာသားအဆက်ကလေးပင် ပါသေးသည်။

နှစ်တွေက ကြာလာသည်။ ကလေးဘဝအရွယ် လွန်မြောက်ကာ တက္ကသိုလ် မြကျွန်းသာတွင် စာလည်းသင်၊ စိတ်လည်းပြင်၊ ရင်လည်းခုန်၊ အသွင်လည်းစုံခဲ့ကြရပြန်သည်။ ထိုကာလများတွင် ငယ်စဉ်က အာဂုံဆောင်ခဲ့သည့် ထိုကတိလေးချက်သည် အတွေးအာရုံထဲ အလည်ပင် မလာခဲ့။ ထိုလေးချက်အစား ချစ်ရက်ရှည်ရှည် အင်းလျားမြေကို ညည်းသည်။ တက္ကသိုလ်ကျောင်းက ငွေလမင်းကို စိတ်ကူးယဉ်လေတော့သည်။

ထို့နောက် လက်တွေ့ဘဝထဲ မရဲတရဲ စဝင်လာသည်။ အလုပ်ခွင်ထဲ ရောက်ပြီ။ အိမ်ထောင်ရက်သား ကျပြီ။ ဘဝထဲ မရဲတရဲမှ ခပ်ရဲရဲ တိုးရသည်။ ဖွတ်တိုးရသည်။ မျက်စိမှိတ် တိုးရသည်။ စွန့် တိုးရသည်။ လွန့် တိုးရသည်။ မနားမပျင်း တိုးရသည်။ အားတင်း တိုးရလေသည်။

ကိုယ့်အတွက်လုပ်ရင်းနှင့် ကိုယ့်ဇနီးအတွက်၊ ကိုယ့်သမီးအတွက် ပါလာသည်။ လူမှုဘဝထဲ အသက်အရွယ်ရလေလေ၊ အသိုက်အဝန်းကကြီးလေလေ ဖြစ်လာသည်။ ထိုအခါတွင် ဇနီးနှင့်သမီးအတွက်မက အသိုင်းအဝန်းအတွက် အပေါင်းအသင်းအတွက် ဆိုတာတွေ ပါလာတော့သည်။

**မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည် မိမိအတန်းကို ကောင်းအောင် ကြိုးစားမည် မိမိကျောင်းကို ကောင်းအောင် ကြိုးစားမည် မိမိတိုင်းပြည်အတွက် ကောင်းအောင် ကြိုးစားမည် ဟူသည့် စာသားများပဲ ဖြစ်ပါသည်**

www.burmeseclassic.com

**မိမိကိုယ်ကို ကောင်းအောင် ကြိုးစားမည်ဟု ကျွန်တော်တို့ ကတိပြုခဲ့သည့် အတိုင်း ကြိုးစားလာကြသည်မှာ နှစ်တွေ ဘယ်လောက် ရှိပြီဟုပင် ပြန်မတွက်ရဲတော့ ဘယ်လို ကောင်းအောင် လုပ်ကြရမှာလဲ**

လူသည် အတ္တဇဟိုပြု သတ္တဝါဖြစ်သည်။ တစ်ဦးတည်း မနေချင်ဘဲ အသိုင်းအဝန်းနှင့်နေချင်သော လူမှုရေးသတ္တဝါလည်း ဖြစ်သည်။ ထို့ကြောင့် မိမိအတ္တအတွက် အသက်ရှင်ရင်းနှင့် အများအကျိုးပရအတွက် မလွဲမရှောင်သာ လုပ်ကြရသည်ဟူသော နိုင်ငံရေးအတွေးအခေါ်တစ်ခုကို ဖတ်ဖူးသည်။ မှန်သင့်သလောက်လည်း မှန်ပေသည်။

မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်ဟု ကျွန်တော်တို့ ကတိပြုခဲ့သည့်အတိုင်း ကြိုးစားလာကြသည်မှာ နှစ်တွေဘယ်လောက်ရှိပြီဟုပင် ပြန်မတွက်ရဲတော့။ ဘယ်လိုကောင်းအောင်လုပ်ကြရမှာလဲ။ စီးပွားရေးကောင်းအောင်လား။ အကျင့်သိက္ခာကောင်းအောင်လား။ ပညာကောင်းအောင်လား။ ဆက်ဆံပေါင်းသင်းမှုကောင်းအောင်လား။ တကယ်တမ်းတော့ မိမိကိုယ်ကို ကောင်းအောင်ဆိုသည်မှာ ယင်းတို့အားလုံး သမမျှတမှုရှိရှိ ကောင်းနေခြင်း။ တစ်နည်းဆိုရသော် ဘက်စုံကောင်းနေခြင်းကို ဆိုလိုသည်ဟု ကျွန်တော်ကတော့ ထင်သည်။

တချို့သူများသည် မိမိကိုယ်ကို ကောင်းအောင်လုပ်ရာတွင် စီးပွားရေးကောင်းဖို့တစ်ခုတည်းသာ ကြည့်ပြီး ကျန်ကောင်းခြင်းများကို စွန့်ပစ်လိုက်ကြသည်။ အကျင့်သိက္ခာကို ရောင်းစားကြသည်။ ထိုသူတို့သည် မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်ဟူသော ပထမကတိကို လိုရာဆွဲယူလိုက်ကြသူများ ဖြစ်သည်။ အဓိပ္ပာယ်တစ်လွဲကောက်ကြသူများ ဖြစ်သည်။ သို့တည်းမဟုတ် သိသိကြီးနှင့်ပင် မျက်နှာပြောင်တိုက်ကြသူများ ဖြစ်လေသည်။

ငယ်စဉ်က အထက်တန်းစကားပြေလက်ရွေးစင်စာအုပ်မှာ 'ဆားဒယ်' ဆိုသည့် စာတန်းကလေးတစ်ပုဒ်ကို စွဲငြိဖူးသည်။ ရေတွေကြီးသည့်အခါ ကလေးတို့ ဘာသာဘာဝ ဆားချက်သည့် ဒယ်ကြီးတွေကို လှေလုပ်လှော်ကြပုံ၊ ဆားဒယ်လှေကြီးတွေက လိုရာမရောက်ဘဲ ချာလပတ်လည်နေပုံတို့ကို ဘဝနှင့်ထပ်တူပြု ဖွဲ့နွဲ့ချက်ကို စွဲသွားခြင်း ဖြစ်သည်။

ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် မေးခွန်းထုတ်နေမိသည်။ မိမိကိုယ်ကို ကောင်းအောင်လုပ်ရင်း ဆားဒယ်ကြီးနှင့် ဘဝခရီးနှင်နေသူ ဖြစ်နေပြီလားဟူ၍ ဖြစ်၏။ မိမိကိုယ်ကို ကောင်းအောင်လုပ်ရင်းနှင့် ယင်း

www.burmeseclassic.com

အနေအထားမှ မတက်နိုင်ဖြစ်နေသူတစ်ဦးလား၊ ပြန်လည် သုံးသပ်ချင်လာသည်။ တိုင်းပြည်ကို ကောင်းအောင်လုပ်ဖို့ ဝေးစွ။ မိမိအတန်း၊ မိမိကျောင်းကိုပင် ကောင်းအောင်လုပ်ပေးနိုင်ခဲ့ရဲ့လား။ မိမိကိုယ်ကို ကောင်းအောင်လုပ်နေရာမှာလည်း ဘယ်လိုကောင်းအောင်လုပ်နေသလဲ။ ဘာတွေကောင်းအောင်လုပ်နေသလဲ။ ထိုမေးခွန်းတွေ အများကြီးကို ကျွန်တော်ဖြေနိုင်ဖို့ အတော်ကလေး အားမွေးရပါဦးမည်။ အားစိုက်ရပါဦးမည်။

**အတွဲ(၁)၊ အမှတ်(၁၆)** *7 Day News Journal*

www.burmeseclassic.com



# ကျင့်ဝတ်သည်သာ အခရာ

၈ ကိုကို (စက်မှုတက္ကသိုလ်)

www.burmeseclassic.com

(၁)

လွန်ခဲ့သည့် တစ်နှစ်ကျော်ခန့်က ကျွန်တော့်ဖခင်သည် နှလုံးရောဂါကြောင့် နာမည်ကြီး ပုဂ္ဂလိကဆေးရုံကြီးတစ်ရုံသို့ တင်လိုက်ရသည်။ အထူးကု ဆရာဝန်မကြီးတစ်ဦးက ကြည့်ပေးသည်။ သူတို့က နှလုံးသွေးကြောများ ပုပ်သည့်ရောဂါဟု ဆိုသည်။ ဆေးရုံမဆင်းခင် နှစ်ပတ်ခန့် အလိုတွင် ထိုဆရာဝန်မက ကျွန်တော့်ကို တွေ့ဆုံစကားပြောသည်။ အိမ်နီးချင်းနိုင်ငံတစ်ခုတွင် သွားရောက်ခွဲစိတ်ခံဖို့ ပြောခြင်းဖြစ်သည်။ သိန်း ၈၀ လောက် ကုန်မည်ဟုလည်း ဆိုသည်။ ကျွန်တော်က မိသားစုနှင့် တိုင်ပင်ပြီးနောက် မြန်မာပြည်မှာပင် ကုသခံတော့မည်ဟု အကြောင်းပြန်လိုက်ပါသည်။

ထိုဆရာဝန်မ၏ မျက်နှာကမကောင်းတော့ဘဲ ဒါဆိုလည်း ပြီးရောလေဟု ပြန်ပြောသည်။ သည်ဇာတ်လမ်း သည်မှာပဲပြီးလိမ့်မည်ဟု ထင်ခဲ့သော်လည်း မပြီးခဲ့ချေ။ ဆေးရုံမှဆင်းသည့်နေ့တွင် ထိုမမသည် ကျွန်တော့်ဖခင် လူနာသည်အား တိုက်ရိုက်တွေ့ကာ အန်ကယ်ကြီး ပိုက်ဆံဘယ်လောက်ချမ်းသာလဲ၊ ဘယ်လောက်အကုန်ခံနိုင်သလဲဟု ကျွန်တော်တို့ရှေ့တွင်ပင် ထပ်မေးပါလေတော့သည်။

> **ဆေးရုံမှဆင်းသည့် နေ့တွင် ထိုမမသည် ကျွန်တော့်ဖခင် လူနာသည်အား တိုက်ရိုက်တွေ့ကာ အန်ကယ်ကြီး ပိုက်ဆံ ဘယ်လောက် ချမ်းသာလဲ ဘယ်လောက် အကုန်ခံနိုင်သလဲဟု ကျွန်တော်တို့ ရှေ့တွင်ပင် ထပ်မေးပါလေတော့ သည်**

အဖေ့မျက်နှာက ကွက်ခနဲပျက်သွားသည်။ ကျွန်တော်တို့ကို "ငါ ဘာဖြစ်နေသလဲ" ဟု မေးသည်။ လှစ်လှစ်ကလေး အကင်းပါးသော အဖေသည် သူမ၏ဆိုလိုရင်းကို ရိပ်မိသွားပုံရလေသည်။ ထိုစဉ်က စကာ အဖေ့တွင် စိုးရိမ်စိတ်တွေ သိသိသာသာကြီး အမြစ်တွယ်လာသည်ကို တွေ့ရပါသည်။

(၂)

ဆောက်လုပ်ရေး ကန်ထရိုက်တာလုပ်နေသော သူငယ်ချင်း တစ်ဦးနှင့် တွေ့ဆုံခိုက် သူဆောက်နေသော တိုက်တွေကို လိုက်ပြသည်။ သူကတော့ ကြွားခြင်းဖြစ်သည်။ သို့ရာတွင် ကျွန်တော့် အင်ဂျင်နီယာ မျက်လုံးတွေက အမြင်မတော်လုပ်ထားသည်များကို မြင်ဖြစ်အောင် မြင်လိုက်သည်။ အားမနာတမ်းပေါင်းကြသည့် အတွင်းသိများပီပီ ကျွန်တော်က "ဟေ့ကောင်ကြီး မင်း ဒီလိုဆောက်ထား၊ တပ်ထားလို့ ရသလား"

www.burmeseclassic.com

ဟုမေးရာ သူက ပြုံးနေသည်။ သူကိုယ်၌က အင်ဂျင်နီယာတစ်ဦးဖြစ်သော်လည်း သူက သူများတွေကို ပြန်ရောင်းစားမည့် တိုက်တွေမှာ သူကိုယ်တိုင်ပင် နေလိုစိတ်ရှိမည် မဟုတ်သည်ကား သေချာသည်။

(၃)

နိုင်ငံခြားစေလွှတ်ရေးတွင် အဆုံးအဖြတ်ပေးသူ ဌာနဆိုင်ရာလူကြီးတစ်ဦး၏အကြောင်းကို ထိုဌာနမှ မိတ်ဆွေတစ်ဦးက ပြန်ပြောပြသည်။ နိုင်ငံခြားသွားမည့်သူ၊ နိုင်ငံခြားမှပြန်လာသူ၊ မည်သူမဆို သူ့ကို မည်သည့်နည်းနှင့်မျှ တွေ့ဆုံခွင့်မပေးဟု ဆိုသည်။ သူသည် အမြင်ရှင်းလိုသူ၊ စိတ်သန့်လိုသူ တစ်ဦး ဖြစ်ပေလိမ့်မည်။

(၄)

"ဆရာက စကားတော့ သိပ်နည်းတယ်။ ဒါပေမယ့် မဟုတ်တာ မပြောဘူး။ ဆင်းရဲတဲ့ လူနာတွေလာရင် ပိုက်ဆံယူချင်မှယူတာ။ ပြီးတော့ သူတို့ကို ဆေးခန်းမလာနဲ့၊ ဆေးရုံကိုလာဖို့ ပြောတာ။ လိုတာထက်ပိုပြီး ဓာမချဲ့ဘူး။ သူပိုက်ဆံရဖို့ထက် လူနာအဆင်ပြေဖို့ ပိုဦးစားပေးတာ"

ညီမဝမ်းကွဲတော်စပ်သူ သူနာပြုအကူတစ်ဦးက သူ့ဆေးခန်းက သမားတော်ကြီးတစ်ဦး၏အကြောင်း ဂုဏ်ယူစွာ ပြောပြခဲ့ပါသည်။

(၅)

စင်ကာပူတွင် ရုပ်ရှင်ရုံများ၌ ကလေးသူငယ်နှင့် လူငယ်များ မကြည့်သင့်သော ဓာတ်ကားများကို သီးသန့်ရုံများ ခွဲပြသည်။ တစ်ရက်တွင် သူငယ်ချင်းတစ်ဦးက သွားကြည့်သည်။ သူသည် ပုပုညှက်ညှက် ကလေးဖြစ်ရာ လက်မှတ်ရောင်းသူက ချက်ချင်း လက်မှတ်မရောင်းသေးဘဲ အိုင်စီ(မှတ်ပုံတင်ကဒ်) ထုတ်ပြခိုင်းသည် ဆို၏။ သူက ရယ်ရယ်မောမောနှင့် ထိုအကြောင်းကို ပြန်ပြောပြသည်။ "ငါက ကိုယ့်ကိုယ်ကိုယ် တော်တော်အရွယ်တင်မှန်း အဲ့ဒီတော့မှ သိလိုက်ရတာကွ" ဟုလည်း အရွှန်းဖောက်လိုက်သေးသည်။

(၆)

ကျင့်ဝတ်ဟူသည် စောင့်ထိန်းလိုက်နာအပ်သည့် ဝတ္တရားဟု

နိုင်ငံခြားသွားမည့်သူ
နိုင်ငံခြားမှပြန်လာသူ
မည်သူမဆို
သူ့ကို
မည်သည့်နည်းနှင့်မျှ
တွေ့ဆုံခွင့်မပေးဟု
ဆိုသည်
သူသည်
အမြင်ရှင်းလိုသူ
စိတ်သန့်လိုသူ
တစ်ဦး
ဖြစ်ပေလိမ့်မည်


**ကျင့်ဝတ်သည်**
**လူတိုင်းနှင့်**
**ဆိုင်ပေသည်**
**နည်းပညာရှင်များ**
**ဆေးပညာရှင်များ**
**အသိပညာ**
**အတတ်ပညာရှင်များ**
**စသည်တို့သည်**
**ယင်းတို့နှင့်**
**သက်ဆိုင်သည့်**
**သီးခြား**
**ကျင့်ဝတ်များကိုပါ**
**စောင့်ထိန်းလိုက်နာကြ**
**ရပါသည်**

မြန်မာအဘိဓာန်တွင် ဖွင့်ဆိုထားသည်။ ကောလင်း အင်္ဂလိပ်အဘိဓာန်တွင်လည်း စာရိတ္တ၏ အခြေခံမူများဟု ခပ်တိုတို အနက်ဖွင့်ထားသည်။ မည်သို့ဆိုစေ ကျင့်ဝတ်သည် လူတိုင်းနှင့်ဆိုင်ပေသည်။ နည်းပညာရှင်များ ဆေးပညာရှင်များ၊ အသိပညာ အတတ်ပညာရှင်များ စသည်တို့သည် ယင်းတို့နှင့် သက်ဆိုင်သည့် သီးခြားကျင့်ဝတ်များကိုပါ စောင့်ထိန်းလိုက်နာကြရပါသည်။ ထိုသူများသာမက ယုတ်စွအဆုံး ဆေးလိပ်ရောင်းသူများတွင်ပင်လျှင် သူတို့မှာ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသော ကျင့်ဝတ်များ ရှိပါသည်။ ဥပမာ–ကလေးသူငယ်များနှင့် မကျန်းမာသူများလာဝယ်လျှင် မရောင်းဟူသည်မျိုး ဖြစ်ပါသည်။

လူတို့၏ တစ်ကိုယ်ကောင်းဆန်မှုများ၊ မတော်လောဘများနှင့်ထက်စီးနင်းလုပ်လိုမှုများ၊ ကိုယ်ကျိုးရှာမှုများ စသည့် မကောင်းသော ဒုစရိုက်များကို တိုက်ဖျက်ရာတွင်၊ ဟန့်တားရာတွင်၊ လျှော့ပါးအောင်ပြုရာတွင် ကျင့်ဝတ်ဟူသော လက်နက်ကို စွဲကိုင်ကြရပါမည်။ စွဲကိုင်ခဲ့ကြပါသည်။ စွဲကိုင်ကြရပါဦးမည်။

ကျင့်ဝတ်သည်သာ အခရာ ဖြစ်ပါသည်။

**အတွဲ(၁) ၊အမှတ် (၁၇)** *7 Day News Journal*




# အားလုံးကိုယ့်အပြစ် မဟုတ်သူများနှင့်
# အားလုံးကိုယ့်အပြစ် ဟုတ်သူများ

၁၂ ကိုကို (စက်မှုတက္ကသိုလ်)

(၁)

ပြီးခဲ့သည့် အပတ်ထုတ် ဂျာနယ်တွင် ချွတ်ယွင်းချက်တစ်ခုကို တွေ့ရသဖြင့် ပြောမည်လုပ်ရာ ဂျာနယ်အဖွဲ့သားတစ်ဦးက ယင်းသည် သူ့ကြောင့် မဟုတ်ကြောင်း ခါးခါးသီးသီး ငြင်းသည်။ ထိုအခါ ငယ်ငယ်တုန်းက ဖတ်ခဲ့ဖူးသော မိသားစုနှစ်စု၏ အဖြစ်အပျက်တူတစ်ခုအကြောင်းကို သတိရလာသည်။

(၂)

အကြောင်းအရာ အတိအကျ ဟုတ်ချင်မှဟုတ်မည်ဖြစ်သော်လည်း အဖြစ်အပျက်ကလေးက ယခုလို ဖြစ်လေသည်။ မိသားစု နှစ်စုရှိကြသည်။ အဖေ၊ အမေ၊ ညီမလေး၊ အစ်ကိုနှင့် အစ်မဟူ၍ ငါးဦးစီရှိကြသည်ခြင်းလည်း တူကြသည်။ ပထမမိသားစုအကြောင်း အရင်ပြောပြပါမည်။

တစ်ရက်တွင် မီးဖိုဆောင်ထဲသို့ ညီမဖြစ်သူဝင်သွားရင်း စားပွဲပေါ်တွင်တင်ထားသည့် ဖန်ခွက်တစ်ခွက်ကိုတိုက်မိရာ ဖန်ခွက်က ကြမ်းပြင်ပေါ်ကျကွဲသွားသည်။ ညီမဖြစ်သူက သူ့ကြောင့် ကွဲခြင်းမဟုတ်။ စားပွဲပေါ် မလွတ်မလပ်တင်ထားသော အစ်မကြောင့်ဟု အစ်မကို အပြစ်လွှဲသည်။ အစ်မကလည်း သူ့ကြောင့်မဟုတ်။ စားပွဲပေါ်တွင် အစ်ကိုဖြစ်သူက တခြားပစ္စည်းတွေ တင်ထားသဖြင့် ထားစရာနေရာမရှိသောကြောင့်ဟု အစ်ကို့ကို လက်ညှိုးထိုးသည်။ အစ်ကိုကလည်း သူထားချင်လို့ ထားခြင်းမဟုတ်။ အမေခိုင်းသလို လုပ်ခြင်းသာဖြစ်သည်ဟု အမေကို အပြစ်ပုံချသည်။ အမေလုပ်သူက နောက်ဆုံးတွင် အဲဒီပစ္စည်းတွေက နင့်အဖေဟာတွေချည်းပဲ၊ သူ့ပစ္စည်းတွေကြောင့်ဟု ခင်ပွန်းသည်ကို လွှဲချလိုက်ပြန်သည်။ အဖေက သည်ကောင်မလေးကိုက နမော်နမဲ့ နိုင်လွန်းတယ်ဟု သမီးကို ပြန်အပြစ်တင်လေတော့သည်။

(၃)

ဒုတိယမိသားစုသည်လည် တစ်ရက်တွင် အလားတူ အဖြစ်အပျက်ကို ကြုံရသည်။ သမီးငယ်က ဖန်ခွက်ကျကွဲရာ ချက်ချင်းပင်

www.burmeseclassic.com

ဤသို့ဖြစ်ရခြင်းသည် သူကိုယ်တိုင် နမော်နမဲ့နိုင်လို့ဟု ကိုယ့်ကိုယ်ကိုယ် အပြစ်တင်သည်။ အစ်မက မီးဖိုဆောင်ထဲရောက်လာပြီး ညီမကြောင့် ကျကွဲခြင်းမဟုတ်၊ မလွတ်မလပ် တင်ထားသူမှာ သူဖြစ်သည်။ သူ့တွင် အပြစ်ရှိသည်ဟု ဆိုပြန်သည်။ ထိုအခါ အစ်ကိုကလည်း ညီမရော၊အစ်မ ပါ အပြစ်မရှိ၊ သူက ဖန်ခွက်ကို ထားစရာမရှိအောင် တခြားပစ္စည်းတွေကို တင်ထားမိသည်။ သူ့ကြောင့်ဟု ဝင်ပြောသည်။ အမေက "သားရယ်၊ အဲဒီ့ဟာတွေကို အမေက ထားခိုင်းတာမဟုတ်လား၊ အမေ့အပြစ်ပါ" ဟု ပြောပြန်သည်။ ထို့နောက် အဖေက "မင်းအပြစ်လည်း မဟုတ်ပါဘူး ကွယ်၊ တကယ်တမ်းတော့ ငါ့ကြောင့်ပါ၊ ငါက ထားစရာမရှိအောင် ဝယ်ထားမိတာကိုး" ဟု သူ့ကိုယ်သူ အပြစ်ရှိကြောင်း ဆိုလေသည်။

## (၄)

ပထမမိသားစုသည် ပြဿနာကို ရှောင်ကြသူများဖြစ်သည်။ ကိုယ့်ကြောင့်မဟုတ်။ သူ့ကြောင့်ဟုဆိုကာ တခြားသူများကို လက်ညှိုးထိုးရင်း ချာလပတ်လည်နေကြသည်။ ဒုတိယမိသားစုကမူ သူတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သူတို့က ရှိသမျှအပြစ်ကို ခေါင်းခံလိုကြသည်။ ပထမ မိသားစုဝင်များသည် တာဝန်မဲ့လွှန်းသူများဖြစ်ကြပြီး၊ ဒုတိယ မိသားစုဝင်များကတော့ တာဝန်ကို မျက်စိမှိတ်ယူလွန်းသူများ ဖြစ်သည် ဟု ကျွန်တော်က မြင်နေသည်။

**အခက်အခဲတစ်ခု၏ ဖြေရှင်းမှု ပြဿနာတစ်ခု၏ အဖြေ အနာတစ်နာ၏ ဆေးကို ရယူလိုလျှင် ကိုယ့်ကြောင့် မဟုတ်ဟု အပြစ်ရှောင်၍ မရနိုင်သလို ကိုယ့်ချည်း သက်သက်ကြောင့် ဟုလည်း ခေါင်းထိုးခံ၍ မဖြစ်နိုင်ပါ**

## (၅)


ပြဿနာတစ်ရပ်ရပ် သို့မဟုတ် အခက်အခဲတစ်ခုခုနှင့် ရင်ဆိုင် ကြုံတွေ့ရသည့်အခါတွင် ထိုပြဿနာအခက်အခဲနှင့် ပါဝင်ပတ်သက် သူတွေ ရှောင်ရှားကြရမည့် အစွန်းနှစ်ပါးကို အထက်ပါ ကြောင်းတူသံကွဲ ဇာတ်လမ်းလေးက မီးမောင်းထိုးပြနေသည်ဟု ကျွန်တော်ထင်သည်။ အခက်အခဲတစ်ခု၏ ဖြေရှင်းမှု၊ ပြဿနာတစ်ခု၏ အဖြေ၊ အနာတစ်နာ ၏ ဆေးကို ရယူလိုလျှင် ကိုယ့်ကြောင့်မဟုတ်ဟု အပြစ်ရှောင်၍ မရနိုင် သလို ကိုယ့်ချည်းသက်သက်ကြောင့်ဟုလည်း ခေါင်းထိုးခံ၍ မဖြစ်နိုင်ပါ။ ကျွန်တော်တို့က အဖြေရှာခြင်းဖြစ်သည်။ တရားခံရှာခြင်း မဟုတ်။ လက်သည်ရှာခြင်း မဟုတ်ပါ။ အစွန်းတရားများသည် အဖြေမှန်နှင့် ဝေးစေတတ်ပါသည်။

(၆)

ဖြစ်သင့်သည်မှာ ဖန်ခွက်ကျကွဲရခြင်း၏ ဇာစ်မြစ်ကို မိသားစုဝင်အားလုံးက စုပေါင်းအဖြေရှာရပါမည်။ တခြားသူများကိုသော်လည်းကောင်း၊ မိမိကိုယ်ကိုသော်လည်းကောင်း လက်ညှိုးအရင်ထိုးကြမည့်အစား ခေါင်းအေးအေးထားကာ၊ အတ္တကိုခွာ၍ စဉ်းစားသုံးသပ်ကြရပါမည်။ စိတ်ရှည်ရပါမည်။ အပြန်အလှန် နားလည်ရပါမည်။ ကျွန်တော်က ငယ်စဉ်က ကြားဖူးသော ထိုဇာတ်လမ်းကလေးများထဲတွင် ဤလိုအရည်အချင်းများနှင့် ပြည့်စုံသော တတိယမိသားစုတစ်စုကို ထပ်မံဖန်တီးလိုလှပါသည်။ ထိုတတိယမိသားစုများသည် ပုံပြင်ဇာတ်လမ်းကလေးထဲမှ တကယ့် ပြင်ပလက်တွေ့ကမ္ဘာထဲ ရောက်လာဖို့တော့ လိုပါသည်။ ရောက်လာဖို့ကို ကြိုလည်း ကြိုဆိုချင်ပါသည်။

**အတွဲ(၁)၊ အမှတ် (၁၈)** *7 Day News Journal*

www.burmeseclassic.com



# ဘယ်လို လည်မှာလဲ
# ဘယ်လို လည်သင့်သလဲ

၁၆ ကိုကို (စက်မှုတက္ကသိုလ်)

www.burmeseclassic.com

## (၁)

ကျွန်တော့်တွင် အလွန် ချစ်စရာကောင်းသော တူမလေး တစ်ယောက်ရှိသည်။ ဝဝကစ်ကစ်နှင့် စကားပြောသည့်အခါတွင်လည်း ကလေးတစ်ဦးနှင့်မတူဘဲ ချက်ချက်ချာချာရှိပြီး လူကြီးလေးနှင့်တူလှ သည်။ တူမကလေးကို တွေ့သည့်လူတိုင်းက ချစ်ကြသလို တူညီသော မှတ်ချက်လည်းပေးသည်။ သိပ်လည်တဲ့ကလေးဟူ၍ ဖြစ်ပါသည်။ ညီမဝမ်းကွဲကမွေးသော တူကလေးကတော့ တစ်မျိုးဖြစ်သည်။ သူသည် ကလေးအားလုံးကို မုန့်ကျွေးသည့်အခါတွင် သူက အရင်ဆုံး ပါးစပ်ထဲ မုန့်တစ်ခုထည့်သည်။ ထိုမုန့်ပလုတ်ပလောင်းနှင့်ပင် နောက်ထပ်မုန့်တစ်ခု ကို လက်ကလှမ်းသည်။ သူလုပ်ပုံကိုကြည့်ပြီး လူကြီးများက ရယ်ကြ သည်။ သူ့ကိုလည်း အားလုံးက တူညီသော မှတ်ချက်တစ်ခုကို ပေးပြန်ပါ သည်။ သိပ်လည်တဲ့ကလေး ဟူသတည်း။

## (၂)

သူငယ်ချင်းတစ်ယောက်ရှိသည်။ သူသည် အလုပ်ကို အလွန် ကြိုးစားသည်။ လူတွေနှင့် ပေါင်းသင်းဆက်ဆံရာတွင်လည်း အလွန် ပါးရည်နပ်ရည်ရှိသည်။ သူ့ကို သူ့အလုပ်ရှင်က လက်ရုံးလိုအားကိုးသည်။ သူက အားကိုးမည်ဆိုလည်း အားကိုးလောက်သည်။ သူသည် အလုပ် လုပ်ရာတွင် လှစ်လှစ်ကလေးဖြစ်သည်။ လူကဲခတ်ရာတွင်လည်း ကျွမ်း သည်။ လူတွေ၏ အထာကိုလည်း နားလည်သည်။ ထိုကြောင့် သူ့ကို တော်ရုံတန်ရုံလူတွေက ဖြုံကြသည်။ မလိမ်မညာရဲကြချေ။ သူ၏ ကြိုးစား မှုနှင့် အရည်အချင်းကြောင့် သူလုပ်ကိုင်သော ကုမ္ပဏီသည် အောင်မြင် တိုးတက်လာသည်။ သူ့ကို အကြောင်းသိများက ‘တော်တော်လည်တဲ့သူ’ ဟု ကောက်ချက်ဆွဲကြသည်။

## (၃)

နောက်တစ်ယောက်ကတော့ တစ်မျိုးဖြစ်သည်။ သူသည် အလုပ် အတော်စုံသည်။ ဟိုကွေ့ ဟိုတက်နှင့်လျော်၊ သည်ကွေ့ သည်တက် နှင့်လျော်တတ်သည်။ သူသည် ပွဲစားလောကတွင် နာမည်တစ်လုံးနှင့် ဆိုရလောက်အောင် ထင်ရှားသည်။ သူများနှင့်ဆိုင်ပြီးသောအလုပ်ကိုပင် သူနှင့်တွေ့လျှင် သူ့ထံပါလာအောင် စည်းရုံးရေးတတ်သည်။ သူများနှင့်

**သူ့ကို တော်ရုံတန်ရုံ လူတွေက ဖြုံကြသည် မလိမ်မညာရဲကြချေ သူ၏ ကြိုးစားမှုနှင့် အရည်အချင်းကြောင့် သူလုပ်ကိုင်သော ကုမ္ပဏီသည် အောင်မြင် တိုးတက်လာသည် သူ့ကို အကြောင်းသိများက ‘တော်တော်လည်တဲ့သူ’ ဟု ကောက်ချက် ဆွဲကြသည်**

www.burmeseclassic.com

သူသည်
ထောင်ကိုမြင်၍
ရာကိုစွန့်ဟူသော
အယူအဆကို
လက်ခံသူဖြစ်ပြီး
အလောင်းကစား
ဆန်ဆန်
အလုပ်
လုပ်တတ်သည်
သူသည်လည်း
စီးပွားရေးအရ
အောင်မြင်သူတစ်ဦး
ဖြစ်လာသည်
သူ့ကိုလည်း
သူ့အသိုင်းအဝန်းက
'တော်တော်လည်တဲ့သူ'
ဟု ဝိသေသ
ပြုကြသည်

ဈေးတည့်ပြီးသော အရောင်းအဝယ်ကိုပင် ထိုသူနှင့်ဖျက်ပြီး သူနှင့် အလုပ်ဖြစ်အောင် ဆွယ်ရာတွင် တစ်ဖက်ကမ်းခတ်တတ်သည်။ ထို့အပြင် သူသည် ထောင်ကိုမြင်၍ ရာကိုစွန့်ဟူသော အယူအဆကို လက်ခံသူဖြစ်ပြီး အလောင်းကစားဆန်ဆန် အလုပ်လုပ်တတ်သည်။ သူသည်လည်း စီးပွားရေးအရ အောင်မြင်သူတစ်ဦးဖြစ်လာသည်။ သူ့ကိုလည်း သူ့အသိုင်းအဝန်းက 'တော်တော်လည်တဲ့သူ' ဟု ဝိသေသ ပြုကြသည်။

(၄)

ကျွန်တော်တို့၏ နေ့စဉ်ဖြတ်သန်းနေရသော ဘဝများထဲတွင် လည်သည်ဆိုသော စကားများကို အမြဲတမ်းလိုလို ကြားနေကြရသည်။ သိပ်လည်တဲ့သူပဲ၊ အတော်ကလေးကိုလည်တာ၊ လည်လိုက်တာတအားပဲ၊ ကြည့်စမ်း ဒီလောက်လည်လိမ့်မယ်လို့ကို အစကတည်းက မထင်မိဘူး စသည်ဖြင့် 'လည်သည်' ဆိုသော ဝေါဟာရများသည် ဈေးထဲ၊ အလုပ်ထဲ၊ သင်တန်းဆောင်များထဲ၊ ရပ်ကွက်ထဲ၊ ကစားပွဲတွေထဲ၊ သာရေးနာရေး ပွဲတွေထဲ ယုတ်စွအဆုံး မိမိ မိသားစုထဲတွင်ပင် သုံးနေကြ၊ ရင်းနှီးနေကြပြီးတော့ ရိုးအီနေကျဖြစ်သော သမားရိုးကျ စကားစုများ ဖြစ်နေပါပြီ။ လည်သည်ဆိုသည်မှာ ဘာကိုပြောသနည်း။ ဘယ်လို လည်ကြသနည်း။ လည်ခြင်းသည် ကောင်းသလော၊ ဆိုးသလော။ အကျိုးရှိသလော၊ အကျိုးမဲ့သလော။ အတုခိုးထိုက်သလော၊ ရှောင်ကြဉ်သင့်သလော ဆိုသည့် မြောက်မြားစွာသော 'သလော' များကိုမူ ကျွန်တော်တို့ သေသေချာချာ မဆန်းစစ်မိခဲ့ကြပါ။

(၅)

ကျွန်တော့်တူမကလေးနှင့် ကုမ္ပဏီလူကြီးက အားကိုးရသော သူငယ်ချင်းတို့ကို လည်သည်ဟု ဆိုကြသည်။ သူတို့သည် လူရည်လည်ကြသူများ ဖြစ်သည်။ လူရည်လည်သည်ဆိုသော ဝေါဟာရကို မြန်မာအဘိဓာန်တွင် 'လူမှုဆက်ဆံရေးတွင် အကင်းပါးသည်' ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။ သူတို့သည် အလုပ်လုပ်ရာတွင် ချီတုံချတုံ ဖြစ်မနေကြ၊ စကားပြောရာတွင် ထစ်ထစ်အအ ဖြစ်မနေကြ၊ လူတွေ၏ အရိပ်အကဲကိုကြည့်ကာ ပျော့ပြောင်းညင်သာသောပုံစံ၊ ချဉ်းကပ်ပုံအမျိုးမျိုးနှင့် ဆက်ဆံတတ်ကြသည်။ တရားသေဝါဒများ အလွတ်ကျက်ဖော်နည်းကားများနှင့် လေ့နံကို ဓားထစ်သည့်အလုပ်များကို ပစ်ပယ်ကြသည်။

www.burmeseclassic.com

ကျွန်တော်၏တူကလေးနှင့် အလုပ်စုံလုပ်သော မိတ်ဆွေတို့သည်လည်း လည်တော့ လည်ကြသည်။ သို့ရာတွင် သူတို့သည် လူရည်လည်ကြခြင်း မဟုတ် *လူလည်ကျကြ*သူများသာ ဖြစ်သည်။ လူလည်ကျသည်ဆိုသည့် အနက်အဓိပ္ပာယ်မှာ မြန်မာအဘိဓာန်တွင် သူတစ်ပါးကို လှည့်ပတ်၍ ကိုယ်ကျိုးရှာတတ်ခြင်းဟု ဆိုထားပါသည်။ လူလည်ကျသူများသည် သူများကုပ်ကို ခွစီးကြသူများ ဖြစ်သည်။ သူများမျက်ခုံးမွေးပေါ် စကြ်န် လျှောက်ကြသူများ ဖြစ်သည်။ ဘယ်သူသေသေ ကိုယ်မာချင်သည့် ငတေများဖြစ်သည်။ သူတို့သည် ချမ်းသာကြွယ်ဝကြကောင်း ကြွယ်ဝကြမည်ဖြစ်သော်လည်း လူ့အသိုင်းအဝန်းက သူတို့ကို နောက်ကွယ်တွင် နှာခေါင်းရှုံ့ကြသည်။ ရွံကြောက် ကြောက်ကြသည်။ လူချမ်းသာများ ဖြစ်လာကြသော်လည်း လူကုံထံများ ဖြစ်လာနိုင်ကြမည် မဟုတ်ပါ။

**လည်သည်ဟု အပြောခံရတိုင်း သို့မဟုတ် ပြောမိတိုင်း သို့မဟုတ် ပြောသံကြားမိတိုင်းတွင် လူလည်ကျသည်လား လူရည်လည်သည်လား ခွဲခြားသိဖို့ လိုလာပါသည်**

(၆)

လည်သည်ဟု အပြောခံရတိုင်း သို့မဟုတ် ပြောမိတိုင်း သို့ မဟုတ် ပြောသံကြားမိတိုင်းတွင် လူလည်ကျသည်လား၊ လူရည်လည် သည်လား ခွဲခြားသိဖို့ လိုလာပါသည်။ လည်သည်ဟုပြောတိုင်း ဂုဏ်ယူ စရာမလိုသလို၊ ရှက်စရာလည်း မဟုတ်ပါ။ ဘယ်လိုလည်သလဲဆိုသည် ကိုသာ အရင်ဆုံး ပိုင်းခြားသုံးသပ်ရပါမည်။ ပြီးတော့ ဘယ်လို လည်သင့် သလဲဆိုသည့် မေးခွန်းကို မှန်အောင်ဖြေတတ်ဖို့ ကြိုးစားကြရပါလိမ့် မည်။

**အတွဲ(၁)၊ အမှတ် (၂၆)** *7 Day News Journal*

www.burmeseclassic.com




# တန်းစီတတ်တာ ဂုဏ်ယူပါ

၂၀ ကိုကို (စက်မှုတက္ကသိုလ်)

www.burmeseclassic.com

(၁)

ဓာတ်ဆီဆိုင်တစ်ဆိုင်တွင် ဓာတ်ဆီထည့်ရန် ကားကို တန်းစီလိုက်သည်။ လဆန်းရက်ဖြစ်သဖြင့် ထုံးစံအတိုင်းပင် ကားတန်းကြီးက ရှည်လျားနေသည်။ တချို့ကားများတွင် အဖော်ပါသဖြင့် အဖော်က ဘောက်ချာသွားဖြတ်ပေးနိုင်သော်လည်း အဖော်မပါသူတို့မှာ ယာဉ်မောင်းကိုယ်တိုင်က ဘောက်ချာသွားဖြတ်ရသည်။ ကျွန်တော့်ရှေ့တွင် ကားသုံးစီးခန့်သည် ယာဉ်မောင်းသူကိုယ်တိုင် ဘောက်ချာသွားဖြတ်နေသဖြင့် ဆီပန့်တွင် ကားမရှိတော့သော်လည်း ထိုကားတွေက ရောက်အောင်မမောင်းနိုင်ဘဲ ရှိသည်။ ကျွန်တော်က ယာဉ်မောင်းများ ပြန်အလာကို စောင့်ဆိုင်းနေခိုက် ကျွန်တော့်နောက် သုံးလေးစီးကျော်ခန့်တွင် တန်းစီထားသော နံပါတ်မြင့် ကားခံ့ခံ့ကြီးတစ်စီးက ဟွန်းတပွမ်ပွမ်တီးကာ ရှေ့ကတန်းစီနေသောကားများကို ကျော်ဖြတ်ပြီး ဆီပန့်ဆီသို့ အူယားဖားယားမောင်းပြီး ဆီဖြည့်လေတော့သည်။

**ယာဉ်မောင်းများ ပြန်အလာကို စောင့်ဆိုင်းနေခိုက် ကျွန်တော့်နောက် သုံးလေးစီး ကျော်ခန့်တွင် တန်းစီထားသော နံပါတ်မြင့် ကားခံ့ခံ့ကြီး တစ်စီးက ဟွန်းတပွမ်ပွမ်တီးကာ ရှေ့ကတန်းစီနေသော ကားများကို ကျော်ဖြတ်ပြီး**

(၂)

ရန်ကုန်မြို့ရှိ ပုဂ္ဂလိက ဆေးရုံတစ်ရုံတွင် ဖြစ်ပါသည်။ ပြင်ပလူနာကြည့်ချိန်ဖြစ်သဖြင့် အထူးကုဆရာဝန်ကြီးများ၏ ဆေးဝါးကုသမှုကို ခံယူရန် အလှည့်ကျ စောင့်ဆိုင်းနေကြသော လူနာများနှင့် လူနာရှင်များဖြင့် ခန်းမကျယ်ကြီးထဲတွင် ပြည့်ကျပ်နေသည်။ နာမည်ကြီး အထူးကု ဆရာဝန်ကြီးတစ်ဦးနှင့် ပြသနိုင်ရန် ကြိုတင်စာရင်းသွင်းရသည်။ မိုးထိန်ထိန်မလင်းခင်မှာပင် ဖုန်းဆက်ကာ တိုကင်နံပါတ် ရယူကြရသည်။ တာဝန်ကျသူနာပြုဆရာမကလေးက အစဉ်အတိုင်း လူနာနာမည်တွေကို တစ်ဦးချင်းစီခေါ်နေသည်။ ကျွန်တော့်ဘေးမှ လူနာရှင်တစ်ဦးက နာမကျန်းဖြစ်နေသော လူနာကို ဒီတစ်ခါ ကျွန်တော်တို့ အလှည့်ပါ၊ မစောင့်ရတော့ပါဘူးဟု နှစ်သိမ့်နေသည်။ ထိုစဉ်အခိုက်အတန့်မှာ စိန်နားကပ်အရောင် တစ်ဖျပ်ဖျပ်လက်နေသည့် အမျိုးသမီးကြီးတစ်ဦးသည် ဘယ်သူ့ကိုမှ မပြောမဆိုဘဲ ဆေးတွင်ပါသည့်လူနာကို လက်တွဲကာ 'လာ' ဟု ဆိုပြီး ဆရာဝန်အခန်းထဲ ဖွတ်ဝင်သွားသည်။ နောက်လူနာအသစ်ကို ထပ်ခေါ်မည့် သူနာပြုကလေးမှာ ပါးစပ်အဟောင်းသားနှင့် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

BURMESE CLASSIC .com

## (၃)

ငယ်စဉ်က ရုပ်ရှင်သွားကြည့်ဖူးသည့် အဖြစ်အပျက်ကလေး တစ်ခုကို သတိရလာသည်။ ထိုစဉ်က ရုပ်မြင်သံကြားနှင့် ဗီဒီယိုကဲ့သို့သော ဖျော်ဖြေရေးမီဒီယာအသစ်များ မရှိသေးသဖြင့် လူတွေက ရုပ်ရှင်ကိုပဲ အားပေးကြရသည်။ ထို့ကြောင့် ရုပ်ရှင်ကားကောင်းများ ရုံတင်ပြီဆိုလျှင် တန်းကို မြွေလိမ်မြွေကောက်လို ရှည်ရှည်လျားလျား စီကြရသည်။ ရုပ်ရှင် လက်မှတ် မရောင်းသေးခင်အထိတော့ လူတန်းကြီးက ဣန္ဒြေရနေသည်။ လက်မှတ်ရောင်းအပေါက် ဖွင့်လိုက်သည်နှင့် တန်းဆောနားတွင် မယောင် မလည်လုပ်နေကြသော လူစုသည် ညာသံပေးကာ တန်းထဲ အတင်း တိုးဝင်ကြားဖြတ်ကြတော့သည်။ ကျွန်တော်သည် ကလေးသာသာအရွယ် ဖြစ်သဖြင့် ထိုသူတို့၏ တွန်းတိုက်အားကြောင့် တန်းမှ အပြင်သို့လွင့်ထွက် ကာ ရုပ်ရှင်နှင့် ခဏခဏ လွဲခဲ့ရဖူးသည်ကို အမှတ်ရနေမိခြင်း ဖြစ်သည်။

## (၄)

'တခြားအလုပ် ဘာပဲဖြစ်ဖြစ်လုပ်မယ်။ တန်းစီတဲ့ အလုပ် တော့ မလုပ်ပါရစေနဲ့။ အချိန်ကုန် လူပန်းလွန်းလို့ပါ' ဟူသော စကားကို ပြောကြသူ တော်တော်များများကို ကြုံဖူးကြပေလိမ့်မည်။ သူတို့သည် တန်းစီခြင်းကြောင့် ကြုံတွေ့ရသည့် အဆင်မပြေမှု၊ ကြားဖြတ်မှု၊ လုပ်ငန်း ဆောင်ရွက်ချိန် နှေးကွေးမှု စသည့် အခက်အခဲများနှင့် ကြုံတွေ့ခဲ့ကြရ သူများ ဖြစ်ပေမည်။ ထို့ကြောင့် တန်းမစီချင်သူများကို ဆန်းစစ်ကြည့်သည့် အခါ တန်းစီရမည်ကို မကြိုက်သဖြင့် မဟုတ်ဘဲ အခက်အခဲများကြောင့် လန့်နေသူများနှင့် သူများအပေါ် လူပေါ်လူဇော် လုပ်ကာ နှာခေါင်း နှစ် ပေါက်က အသက်ရှူတာခြင်းအတူတူ ကိုယ်က သူများထက် အခွင့်အရေး ပိုရလို၊ ပိုကျော့လိုကာ တန်းမစီကြသူများဟူ၍ နှစ်မျိုးနှစ်စား တွေ့ကြ ရပါသည်။

**တန်းမစီချင်သူများကို ဆန်းစစ်ကြည့်သည့်အခါ တန်းစီရမည်ကို မကြိုက်သဖြင့် မဟုတ်ဘဲ အခက်အခဲများကြောင့် လန့်နေသူများနှင့် သူများအပေါ် လူပေါ်လူဇော် လုပ်ကာ နှာခေါင်းနှစ်ပေါက်က အသက်ရှူတာခြင်း အတူတူ ကိုယ်က သူများထက် အခွင့်အရေး ပိုရလို ပိုကျော့လိုကာ တန်းမစီကြသူများ ဟူ၍ နှစ်မျိုးနှစ်စား တွေ့ကြရပါသည်**

## (၅)

တန်းစီခြင်းသည် နေရာတကာတွင် ရှိပါသည်။ ဆင်းရဲသော နိုင်ငံတွင်မှ တန်းစီရခြင်းမျိုးလည်း မဟုတ်ပါ။ ချမ်းသာပြီး ဖွံ့ဖြိုးတိုးတက် နေသော နိုင်ငံများတွင်လည်း တန်းစီကြရပါသည်။ တန်းစီခြင်းသည် အတ္တနှင့်ပရတို့ကို ချိန်ညှိပေးခြင်း ဖြစ်ပါသည်။ မိမိကိုယ်မိမိ တာဝန်ယူခြင်း

www.burmeseclassic.com

လည်း ဖြစ်ပါသည်။ အများနှင့် ပူးပေါင်းလုပ်ဆောင်သော အလေ့အကျင့်တစ်ခုလည်း ဖြစ်ပါသည်။ လူ့အဖွဲ့အစည်းတွင် စည်းကမ်းတကျ နေထိုင်စေခြင်းဟုလည်း ပြောနိုင်ပါသည်။ တစ်နည်းဆိုရလျှင် တန်းစီခြင်းသည် ဒီမိုကရေစီ၏ ကျင့်စဉ်များထဲက တစ်ခုဟုပင် ပြောနိုင်ပါသည်။

**(၆)**

ခေတ်မီတိုးတက်သော နိုင်ငံဖြစ်ရန် စည်းကမ်းရှိသော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်ကြရပါမည်။ တန်းစီသည့်အလုပ်ကိုမှ ကောင်းကောင်းမလုပ်ချင်သူများသည် ပါးစပ်က တိုးတက်မှုကို လိုလားသည်ဟု ပြောနေကြသော်လည်း သူတို့၏ နေ့စဉ် လွယ်လွယ်ချိုးဖောက်နေသော ကျင့်ဝတ်တစ်ခုက သူတို့ ဖြစ်ချင်သည်နှင့် လားလားကြီး ဆန့်ကျင်နေသည်ကို သတိပြုမိဖို့ လိုပါသည်။ လူတွေမှာ တန်းစီသည့် အလွန်အခြေခံကျသည့် အလေ့အထတစ်ခု ထွန်းကားလာဖို့ လုပ်ဆောင်သင့်ပါပြီ။ တန်းစီချင်သူများ စိတ်ပျက်မသွားစေမည့် အီလက်ထရွန်းနစ်တိုကင်စံနစ်၊ သွက်လက်လျင်မြန် ဝန်ဆောင်မှု၊ သက်သောင့်သက်သာရှိသော ပတ်ဝန်းကျင်စသည်တို့ကို ဖန်တီးပေးရပါမည်။ ထို့အပြင် တန်းမစီသူများအတွက် ယင်းသည် ရှက်စရာအဖြစ် လူ့အဖွဲ့အစည်းက ရှုမြင်လာအောင် ပညာပေးခြင်းနှင့် ရှုတ်ချခြင်းတို့ကိုပါ တစ်ပြိုင်နက်ပြုလုပ်သင့်ပါသည်။ တချို့သော ဖွံ့ဖြိုးစနိုင်ငံများတွင် တန်းစီခြင်းကို အမျိုးသားအဆင့် လှုံ့ဆော်မှု (*National Campaign*) အဆင့်အထိ လုပ်ဆောင်ခဲ့ကြသည်ကို မြင်တွေ့ဖူး၊ သတင်းများ ဖတ်ရှုဖူးပါသည်။ လူအများနှင့် သက်ဆိုင်သော ဘတ်စ်ကားဂိတ်များ၊ ဘဏ်များ၊ ပြည်သူ့ဝန်ဆောင်ရုံးဌာနများတွင် တန်းစီပါ(*Queue Up/ Line Up*) ဆိုသော သတိပေး ဆိုင်းဘုတ်များ ချိတ်ဆွဲပညာပေးကြပါသည်။ တန်းစီခြင်းသည် ရှက်စရာ မဟုတ်၊ ဂုဏ်ယူစရာဟု အားလုံး လက်ခံလာသည်အထိ တစ်ဆင့်ပြီး တစ်ဆင့် လုပ်ဆောင်ကြရပါလိမ့်မည်။

**တချို့သော ဖွံ့ဖြိုးစနိုင်ငံများတွင် တန်းစီခြင်းကို အမျိုးသားအဆင့် လှုံ့ဆော်မှု (*National Campaign*) အဆင့်အထိ လုပ်ဆောင်ခဲ့ကြသည်ကို မြင်တွေ့ဖူး သတင်းများ ဖတ်ရှုဖူးပါသည် လူအများနှင့် သက်ဆိုင်သော ဘတ်စ်ကားဂိတ်များ ဘဏ်များ ပြည်သူ့ဝန်ဆောင်ရုံးဌာနများတွင် တန်းစီပါ (*Queue Up/ Line Up*) ဆိုသော သတိပေးဆိုင်းဘုတ်များ ချိတ်ဆွဲ ပညာပေးကြပါသည်**

**အတွဲ(၁)၊ အမှတ်(၂၉)** *7 Day News Journal*

www.burmeseclassic.com



# တစ်နပ်စားနှင့် တစ်သက်စား

www.burmeseclassic.com

(၁)

စားသောက်ဆိုင်တစ်ဆိုင်သို့ ကျွန်တော်တို့ မိတ်ဆွေတစ်စု ရောက်သွားကြသည်။ တစ်ဦးက လုပ်ငန်းတစ်ခု မြတ်လိုက်သဖြင့် ပြုစုခြင်းဖြစ်သည်။ စားစရာ၊ သောက်စရာတွေကို မှာကြသည်။ စားရင်းသောက်ရင်း စကားလက်ဆုံ ပြောမကုန် ဖြစ်ကြသည်။ စားသောက်ပြီး၍ ငွေရှင်းရန်အတွက် စားပွဲထိုးဝန်ထမ်းကိုခေါ်သည်။ သူက ကောင်တာမှ ငွေရှင်းဘောက်ချာဖြတ်ပိုင်းကို လင်ပန်းကလေးတစ်ချပ်ဖြင့် ထည့်ယူလာသည်။ ကျွန်တော်က စပ်စပ်စုစုဖြင့် ကုန်ကျငွေကိုကြည့်မိတော့ မျက်လုံးပြူးသွားရသည်။ စားစရာ အမယ်တစ်ခုချင်းစီ၏ နှုန်းထားတွေက ကြောက်စရာ။ ကိုယ့်မျက်စိပင် ကိုယ်မယုံရဲစရာ ဖြစ်သည်။ သာမန်နှုန်းထားတွေနှင့်ယှဉ်လျှင် ၁၀ ဆမျှ များနေသည်။ ကျွန်တော်သည် ငွေရှင်းမည့် အလှူ့ဒါယကာ၏ မျက်နှာကိုပင် မကြည့်ရဲလောက်အောင် အားနာသွားရသည်။ သည်ဆိုင် လူတွေရှင်းလှသား၊ ဒါကြောင့်ကိုးဟု လည်း သဘောပေါက်သွားသည်။

(၂)

လုပ်ငန်းအတွက် အသုံးလိုသဖြင့် မိတ္တူကူးစက်တစ်လုံးဝယ်ဖို့ ဆိုင်တွေကို ဈေးလိုက်မေးရင်း ရန်ကုန်မြို့လယ်က ဆိုင်တစ်ဆိုင်နှင့် ဈေးတည့်သွားသည်။ သူတို့က မိတ္တူကူးစက် တစ်ပတ်ရစ်များကို ရောင်းသော်လည်း အာမခံသက်တမ်း ၆ လပေးသည်ဟု ဆိုသည်။ ယင်းခြောက်လအတွင်း အခမဲ့ ပြုပြင်ပေးသည်။ လက်ခမလို။ ပစ္စည်းဖိုးမလို။ ခြောက်လမှ တစ်နှစ်အတွင်း ပျက်လျှင်တော့ ပစ္စည်းဖိုးပေးရမည်။ လက်ခပေးစရာမလို။ ကျွန်တော် ကြိုက်သွားသည်။ ထိုကြောင့် ထိုဆိုင်မှ မိတ္တူကူးစက်တစ်လုံး ဝယ်လိုက်သည်။ ဝယ်ပြီး၍ တစ်လပင်မကြာ၊ စက်က ချွတ်ချာလာသည်။ သူတို့ကို ခေါ်သည်။ တစ်ခါခေါ်လည်း မလာ။ နှစ်ခါခေါ်လည်း မလာ။ နားပူလွန်းသဖြင့် သုံးလေးရက်နေမှ လူတစ်ဦးပေါက်ချလာသည်။ မျက်နှာသုန်သုန်မှုန်မှုန်နှင့် အလုပ်လုပ်တော့လည်း ဆောင့်ကြီးအောင့်ကြီး နိုင်လှသည်။ စက်ကို ပြင်ပြီးသည့်အခါ သူက လမ်းစရိတ် တောင်းသည်။ အသွားအပြန်ကားငှားခ ၁၅၀၀ ကျပ်ဟု ဆိုသည်။ ကျွန်တော်က ဆိုင်သည် ပထမခြောက်လတွင် မည်သို့ပင် စက်ပျက်ပျက် မည်သည့် စရိတ်မျှ

မိတ္တူကူးစက်တစ်လုံး
ဝယ်လိုက်သည်
ဝယ်ပြီး၍
တစ်လပင်မကြာ
စက်က
ချွတ်ချာလာသည်
သူတို့ကိုခေါ်သည်
တစ်ခါခေါ်လည်း
မလာ
နှစ်ခါခေါ်လည်း
မလာ
နားပူလွန်းသဖြင့်
သုံးလေးရက်နေမှ
လူတစ်ဦး
ပေါက်ချလာသည်
မျက်နှာ
သုန်သုန်မှုန်မှုန်နှင့်
အလုပ်လုပ်တော့လည်း
ဆောင့်ကြီးအောင့်ကြီး
နိုင်လှသည်

www.burmeseclassic.com

မတောင်းရဟု သိကြောင်းပြောရာ သူက ဆိုင်ကို ဖုန်းဆက်ကြည့်ပါဟု ပြန်ပြောသည်။ ကျွန်တော်က ဆိုင်ရှင်ကို ဖုန်းဆက်သည့်အခါ ဆိုင်ရှင်က သူတို့ စိတ်ချမ်းသာအောင်တော့ အနည်းအကျဉ်းပေးလိုက်ပါဟု ပြန်ဖြေသည်။ ကျွန်တော် ဒေါပွသွားသည်။ သူတို့လိုချင်သော ပိုက်ဆံကိုတော့ ပေးလိုက်သည်။ သို့သော် တစ်သက်တာလုံး မဆက်ဆံသင့်သူများ စာရင်းတွင် သူတို့ကို တေးမှတ်ထားလိုက်ပါသည်။

(၃)

ကားအကြောင်း နားမလည်သူ မိတ်ဆွေတစ်ဦးက ကားတစ်စီးဝယ်သည်။ ဝယ်ပေးသူက ကျောင်းနေဖက်သူငယ်ချင်း ကားပွဲစားပဲဖြစ်သည်။ ကားလိုချင်သူသည် နိုင်ငံရပ်ခြားမှ ပြန်ရောက်လာခိုက်ဖြစ်သည့်အပြင် ဝယ်ပေးမည့်သူကလည်း သူငယ်ချင်းဖြစ်သဖြင့် ယုံယုံကြည်ကြည်နှင့်ပင် မင်းကောင်းမယ်ထင်တာသာ ဝယ်ပေးကွာဟု အာဏာကုန်လွှဲလိုက်သည်။ ကားရလာတော့ သူက သူ့ကားကိုမောင်းရင်း တခြားမိတ်ဆွေတွေနှင့် တွေ့သည်။ သူတို့က သူ့ကားကိုကြည့်ပြီး ရယ်ကြသည်။ မင်းတော့ ထိပြီဟု ပြောသည်။ မင်းကားက ဂျိုဟ်တုကြီးကွဟုပြောတော့ ဂျိုဟ်တုဆိုတာ ဘာလဲဟုပင် ပြန်မေးရသည်။ ဂျိုဟ်တုဆိုတာ ကားက အကုန်ပြန်လုပ်ထားတာ၊ အက်ဆီးဒင့်ဖြစ်ထားလို့ ပြန်ဖာထေးထားတာဟု သူတို့ကရှင်းပြပြီး သူ့ကား၏ အပြစ်အနာအဆာတွေကို တစ်ခုချင်း ပြသလေတော့သည်။ ကားဝယ်ပေးသော သူငယ်ချင်းသည် ကားပွဲစားလောကတွင် ဆရာကြီးတစ်ဆူဖြစ်ရာ ယင်းတို့ကို သူမသိနေမည်မဟုတ်၊ တမင်တကာ သူ့ကို လုပ်ထည့်လိုက်ခြင်းသာဖြစ်မည်ဟု သူက တွက်ဆလိုက်သည်။ ထိုသူငယ်ချင်းနှင့်လည်း သေခန်းဖြတ်လိုက်လေသည်။

(၄)

အိမ်နီးချင်းတစ်ဦးက ဆက်ပေးသဖြင့် ကျွန်တော်သည် အလုံငဝါလမ်းရှိ ကားဝပ်ရှော့တွင် အိမ်ကကားကို စအပ်ဖြစ်သည်။ ဝပ်ရှော့ပိုင်ရှင်သည် စကားကို လိုသည်ထက် ပိုမပြောတတ်သော သူတစ်ဦးဖြစ်သည်။ အပ်ပေးသူက ကားကို စိတ်ချလက်ချထားလို့ရတယ်ဟု ဆိုသဖြင့် လူစောင့်ပင်မထားဘဲ ကားကို ဝပ်ရှော့မှာထားခဲ့သည်။ ကားပြင်

ပြီးချိန်တွင် ကားကိုပြန်ယူတော့ ဖြုတ်လဲလိုက်ရသော အစိတ်အပိုင်းများကို ကားနောက်အဖုံးထဲ သူက ထည့်ထားသည်ကို ပြသည်။ ကုန်ကျစရိတ် ရှင်းတမ်းကို ကြည့်လိုက်သည်နှင့် သူသည် ခေတ်စကားနှင့် ပြောရလျှင် မရိတ်သည့် သူတစ်ဦးဆိုတာ သိလိုက်ရသည်။ ကျွန်တော်သည် ထိုစဉ်က စကာ အဆိုပါ ဝပ်ရှော့ဆရာကြီးနှင့် ရင်းနှီးသွားသည်။ အိမ်ကကားပင် မကဘဲ ကိုယ့်ကိုလာပြောသော ကားတွေကိုပင် ထိုဝပ်ရှော့ကို အမြဲညွှန်း လိုက်သည်။ ကျွန်တော်တို့နှင့် ထိုဝပ်ရှော့သည် ရေရှည်ဆက်ဆံရေး တည်ဆောက် ဖြစ်သွားသည်။

## (၅)

စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ကြသည့်အခါ တစ်နပ်စားကြံသူ တော်တော်များများကို တွေ့ကြုံဖူးပါသည်။ ထိုသူတို့သည် မတော်လောဘကို ထိန်းသိမ်းနိုင်စွမ်း မရှိကြသူများ ဖြစ်သည်။ သူတို့သည် တစ်ချိတည်းနှင့် အပွကြံသူများဖြစ်သည်။ သူတို့ကတော့ သူတို့ ထိုကဲ့သို့ လုပ်လိုက်ရသည့်အပေါ်တွင် ကိုယ့်ကိုယ်ကိုယ် တယ်ဟုတ်တဲ့ငါပါလားဟု ကြံဖန် ဂုဏ်ယူကောင်း ဂုဏ်ယူနေကြပေလိမ့်မည်။ သူတို့သည် လူတွေကို လျှော့တွက်တတ်ကြသူများ ဖြစ်သည်။ သူတို့လုပ်လိုက်သည်ကို သိကြမည်မဟုတ်ဟု အထင်သေးကာ ရှုမြင်တတ်ကြသည်။ ထို့ကြောင့်ပင် သူတို့သည် တစ်နပ်စားအလုပ်များကို ခပ်ပြောင်ပြောင်လုပ်ရဲကြခြင်း ဖြစ်သည်။

## (၆)

ဒါ တို့အဘိုး စတည်ထောင်ခဲ့တဲ့ လုပ်ငန်းပေါ့ကွာဟု မိမိ၏ မိရိုးဖလာ အစဉ်အလာလုပ်လာသော စီးပွားရေးလုပ်ငန်းများအပေါ် ဂုဏ်ယူတတ်ကြသည့် စီးပွားရေးလုပ်ငန်းရှင်တချို့ကို တွေ့ရသည့်အခါ သူတို့သည် သူတို့၏ အမျိုးဂုဏ်ကို ထိန်းသိမ်းရန်အတွက် တစ်နပ်စား အလုပ်များကို ဝေရာမဏီ ဝေးဝေးက ရှောင်ကြဉ်လာခဲ့ကြသူများ ဖြစ်နေကြလေသည်။ သူတို့သည် ရေရှည်စီးပွားရေးကို မျှော်မှန်းကြသည်။ သားစဉ်မြေးဆက် မျိုးဆက်များစွာတိုင်အောင် တည်မြဲလိုကြသည်။ ခိုင်ခံ့လိုကြသည်။ သတင်း မွှေးပျံ့လိုကြသည်။ ထို့ကြောင့် ဝုန်းခနဲ ထထ

**ဒါ တို့အဘိုး စတည်ထောင်ခဲ့တဲ့ လုပ်ငန်းပေါ့ကွာဟု မိမိ၏ မိရိုးဖလာ အစဉ်အလာ လုပ်လာသော စီးပွားရေး လုပ်ငန်းများအပေါ် ဂုဏ်ယူတတ်ကြသည့် စီးပွားရေးလုပ်ငန်းရှင် တချို့ကို တွေ့ရသည့်အခါ သူတို့သည် သူတို့၏အမျိုးဂုဏ်ကို ထိန်းသိမ်းရန်အတွက် တစ်နပ်စား အလုပ်များကို ဝေရာမဏီ ဝေးဝေးက ရှောင်ကြဉ်လာခဲ့ကြ သူများ ဖြစ်နေကြ လေသည်**

www.burmeseclassic.com

တောက်တတ်သည့် လောဘစိတ်ရိုင်းကို သမာဓိချွန်းဖြင့် နှိမ်နင်းနိုင်စွမ်း ရှိကြသည်။ သူတို့သည် ငွေကြေးချမ်းသာမှုထက် နာမည်ကောင်းကို ဦးစားပေးကြသည်။ ထို့ကြောင့်ပင် ကမ္ဘာပေါ်တွင်လည်း တစ်နပ်စား စီးပွားရေးလုပ်ငန်းများသည် အချိန်တိုတိုအတွင်း ပြိုလဲပျက်စီးကုန်ကြပြီး တစ်သက်စား စီးပွားရေးလုပ်ငန်းများကသာ ခေတ်အဆက်ဆက် တည်မြဲ ရပ်တည်နိုင်ကြကြောင်း တွေ့ရှိရပါသည်။ တစ်နပ်စားမလား၊ တစ်သက် စားမလား။ ချင့်ချင့်ချိန်ချိန်နှင့် အမြော်အမြင်ကြီးကြီးထားသူတို့ ပေါ်များ လာမှ အားလုံး ကြွယ်ဝနိုင်ကြပါမည်။

**အတွဲ(၁)၊ အမှတ် (၃၀)** *7 Day News Journal*

www.burmeseclassic.com



# ကဏန်းနှင့်တူသော လူများ

www.burmeseclassic.com

**လူတစ်ဦးက အမြဲ ကန့်ကွက်ပြောဆိုသည် အပြစ်တင်သည် ဟာကွက်များကို လိုက်နင်းသည် စည်းကမ်းသတ်မှတ်ချက်တွေနှင့် ကိုင်ပေါက်သည် ထိုသူတစ်ဦး၏ ကဖျက်ယဖျက် လုပ်ရပ်များကြောင့် အစည်းအဝေးသည် မျောသွားသည်**

## (၁)

လူမှုရေးအသင်းတစ်သင်း၏ ပုံမှန်အစည်းအဝေးတစ်ခုကို ကျွန်တော် တက်ခွင့်ရသည်။ ထိုအစည်းအဝေးတွင် အားလုံး၏ အားတက်သရော တင်ပြချက်များကို လူတစ်ဦးက အမြဲကန့်ကွက်ပြောဆိုသည်။ အပြစ်တင်သည်။ ဟာကွက်များကို လိုက်နင်းသည်။ စည်းကမ်းသတ်မှတ်ချက်တွေနှင့် ကိုင်ပေါက်သည်။ ထိုသူတစ်ဦး၏ ကဖျက်ယဖျက်လုပ်ရပ်များကြောင့် အစည်းအဝေးသည် မျောသွားသည်။ လိုသည်ထက် များစွာ ပိုညောင်းသွားသည်။ ပြီးတော့ ဘာရလဒ်တစ်ခုမှုလည်း မရလိုက်ဘဲ ဖြစ်သွားသည်။ ကျွန်တော် သူ့ကို အတော်ကလေး အံ့သြသွားရသည်။

## (၂)

ယင်းအဖြစ်အပျက်နှင့် ဆက်စပ်၍ ကျွန်တော်သည် ငယ်စဉ် ကျောင်းသားဘဝတုန်းက ဖြစ်ရပ်ကလေးတစ်ခုကို ပြန်ပြောင်းသတိရလာသည်။ ကျွန်တော်တို့တတွေ ကျောင်းပိတ်ရက် အပျော်ခရီးကလေးတစ်ခု ထွက်ဖို့ စုပေါင်းတိုင်ပင်ကြသည်။ တစ်ဦးက ကျိုက်ထီးရိုးဘုရားဖူးရအောင်ဟု ပြောသည်။ သူငယ်ချင်းအုပ်စုထဲမှ ကိုဂွစာဟု ကျွန်တော်တို့ နာမည်ပြောင်ခေါ်ထားသောသူက ကျိုက်ထီးရိုးဆိုရင် သူ တောင်မတက်နိုင်ဘူးဟု ငြင်းသည်။ မော်တင်စွန်းသွားရအောင်ဟု တစ်ယောက်က အဆိုပြုသောအခါ ရေလမ်းကို သူကြောက်သည်ဟု ဆိုသည်။ ဒါဆို ပဲခူးသွားရအောင်ဟု နောက်တစ်ယောက်က တင်ပြသည့်အခါ ရန်ကုန်နှင့် နီးနီးလေး ဘာလုပ်ဖို့လဲဟု ကန့်ကွက်သည်။ ပုဂံဘုရားစုံဖူး အစီအစဉ်ကို ကျွန်တော်က ပြောသည့်အခါ သူရောက်ဖူးပြီးသားဟု ဆိုပြန်သည်။ ထိုအခါတွင် ကျွန်တော်တို့အဖွဲ့ထဲမှ စိတ်တိုတတ်သော သူငယ်ချင်းတစ်ဦးက ရှူးရှူးရှဲရှဲဖြစ်ပြီး ဒါဆို ဘယ်မှမသွားကြနဲ့တော့ဟဲ့ဟု ပြောလိုက်ရာ ထိုနှစ် ခရီးသွားမည့်အစီအစဉ် ပျက်သွားလေတော့သည်။

## (၃)

မြည်းတစ်ကောင်နှင့် သားအဖပုံပြင်ကို လူတိုင်းနီးပါး ကြားဖူးကြပေလိမ့်မည်။ သားက မြည်းစီးပြီး အဖေက လမ်းလျှောက်တော့ ရိုင်းလိုက်သည့် သားဟု ဆိုသည်။ ထိုအခါ အဖေက မြည်းစီးပြီး သားကို လမ်းလျှောက်ခိုင်းသည့်အခါ အညှာအတာကင်းသည့် ဖခင်ပဲဟု အပြစ်

www.burmeseclassic.com

တင်သည်။ ထိုအခါတွင် သားအဖနှစ်ယောက်စလုံး မြည်းကိုတက်စီးကြသည်။ မြည်းအကောင်သေးသေးကလေးကိုမှ ခိုင်းရက်လေခြင်းဟု ပြောသည်။ သားအဖနှစ်ယောက်စလုံး မြည်းပေါ်ကဆင်း လမ်းလျှောက်တော့ အပြစ်တင်စရာမရှိတော့ပြီဟု ထင်သော်လည်း အပြစ်ကမလွတ်၊ ဦးနှောက်မရှိသည့် သားအဖဟု ရယ်မောလှောင်ပြောင်သည် ဆို၏။ ထိုပုံပြင်ကလေးက ပတ်ဝန်းကျင်ဆိုသည့် အသိုက်အဝန်း၏ သဘောထားကို သရော်လိုက်သည်ဆိုသော်ငြား ထိုကဲ့သို့ ပြောဆိုအပြစ်တင်သူများသည် ကဖျက်ယဖျက် စိတ်ထားရှိနေကြသူများ ဖြစ်ကြောင်းကိုမူ ငြင်း၍မရနိုင်ပါ။

## (၄)

*'သည်လူနဲ့တော့ မဖြစ်ပါဘူးကွာ၊ နေရာတကာ ဆော်လော်ကန့်လန့်နဲ့' 'ကြည့်ပါလား။ လူ့ဂွစာကြီးလေ' 'သူနဲ့များ သွားမတိုင်ပင်နဲ့ အကုန်သာ ပျက်ပြီမှတ်' 'အဲဒီလူပေါ့ ဘေးထိုင်ဘုပြောကြီးလေ' 'ဘာပဲဖြစ်ဖြစ် အကုန်ဆန့်ကျင်ရရင် အကောင်းမှတ်နေတဲ့သူ'* စသော စကားများကို ကျွန်တော်တို့ကိုယ်တိုင်ကသော်လည်းကောင်း၊ ကျွန်တော်တို့ဝန်းကျင်မှသူများကသော်လည်းကောင်း ပြောဆိုနေခဲ့ကြ၊ ပြောဆိုနေဆဲ ဖြစ်နေသည်ကို တွေ့ကြရပါမည်။ ယင်းကို ကြည့်ခြင်းဖြင့် လောကကြီးတွင် ထိုကဲ့သို့သောသူများ မည်မျှရှိနေသည်၊ ထိုသူတို့ကို လူ့အသိုင်းအဝန်းက မည်ကဲ့သို့ ရှုမြင်ကြသည်ကို သိနိုင်ပါသည်။

*'သည်လူနဲ့တော့ မဖြစ်ပါဘူးကွာ နေရာတကာ ဆော်လော်ကန့်လန့်နဲ့' 'ကြည့်ပါလား လူ့ဂွစာကြီးလေ' 'သူနဲ့များ သွားမတိုင်ပင်နဲ့ အကုန်သာ ပျက်ပြီမှတ်' 'အဲဒီလူပေါ့ ဘေးထိုင် ဘုပြောကြီးလေ' 'ဘာပဲဖြစ်ဖြစ် အကုန်ဆန့်ကျင်ရရင် အကောင်းမှတ်နေတဲ့သူ'* **စသော စကားများကို ကျွန်တော်တို့ ကိုယ်တိုင်က သော်လည်းကောင်း ကျွန်တော်တို့ ဝန်းကျင်မှသူများက သော်လည်းကောင်း ပြောဆိုနေခဲ့ကြ ပြောဆိုနေဆဲ ဖြစ်နေသည်ကို တွေ့ကြရပါမည်**

## (၅)

တချို့သောသူများသည် မွေးဖွားလာကတည်းက စိတ်ဓာတ်ရေးရာ ချို့ယွင်းအားနည်းကာ မွေးလာကြသူများရှိသလို ဝန်းကျင်နှင့်လောကဓံကြောင့် ပြောင်းလဲသွားသူများ စိတ်ဓာတ်အင်အား ချည့်နဲ့နေသူများလည်း ရှိပါသည်။ ယင်းတို့အထဲတွင် အများစု၏ဆန္ဒကို အလေးမထားဘဲ အရာရာကို အဆိုးအမြင်ဖြင့် ဆုံးဖြတ်ကြသူများလည်း ရှိသည်။ ထိုသူများသည် အများကဖြူလျှင် သူတို့ကမည်းရမှ ကျေနပ်သည်။ သူတို့လုပ်တာမှ ကောင်းသည်ဟုထင်ကာ တခြားသူတွေလုပ်တာအားလုံး အမှားတွေဟု မြင်ကြသည်။ သူတို့သည် တစ်စုံတစ်ခုကို မြင်တွေ့လိုကြသူများမဟုတ်ဘဲ ဗလာဟင်းလင်းကိုသာ အာသီသရှိကြသည်။ သူတို့

**ကဏန်းနှင့်တူသော သူများသည် အိမ်ထောင်စုတစ်စု အသင်းတစ်သင်း အသိုင်းအဝန်းတစ်ခု စသည့် လူ့အဖွဲ့အစည်း အားလုံးတွင် ကွန်ပျူတာ ဗိုင်းရပ်စ်ကဲ့သို့ ကြောက်စရာ ကောင်းလှသည့် လူဗိုင်းရပ်စ်များ ဖြစ်ကြပါသည် သူတို့သည် လူ့အသိုင်းအဝန်းထဲသို့ ပြုဖို့ ရောက်လာကြသူများ မဟုတ်ဘဲ ဖျက်ဖို့ ရောက်လာကြသူများ ဖြစ်ကြသည်**

သည် အပေါင်းလက္ခဏာကို မုန်းကြသည်။ သူညနှင့် အနုတ်လက္ခဏာကို သဘောကျကြသည်။ ကျွန်တော်သည် စိတ်ပညာရှင်တစ်ဦးမဟုတ်သဖြင့် စိတ်ကို သရုပ်ခွဲမပြတတ်သော်လည်း ထိုသူတို့သည် စိတ်ဝေဒနာ ခပ်ပျော့ပျော့ရနေကြသူများ ဆိုသည်ကိုတော့ ကျွန်တော် ပြောနိုင်ပါသည်။

(၆)

ကဏန်းဆိုသော အကောင်ကလေးများသည် သွားသည့်အခါတွင် တခြားသော သတ္တဝါတွေလို ရှေ့သို့မသွားဘဲ ဘေးတိုက်သွားနေကြသည်ကို မြင်ဖူးကြပါမည်။ ယင်းကိုကြည့်ပြီး လူ့လောကတွင် အားလုံးကို ကဖျက်ယဖျက် လုပ်နေကြသူများကို ကဏန်းနှင့်တူသော သူများဟု ခိုင်းနှိုင်းသုံးနှုန်းလေ့ရှိပါသည်။ ကဏန်းနှင့်တူသောသူများသည် အိမ်ထောင်စုတစ်စု၊ အသင်းတစ်သင်း၊ အသိုင်းအဝန်းတစ်ခု စသည့် လူ့အဖွဲ့အစည်း အကြီးအငယ်အားလုံးတွင် ကွန်ပျူတာ ဗိုင်းရပ်စ်ကဲ့သို့ ကြောက်စရာကောင်းလှသည့် လူဗိုင်းရပ်စ်များ ဖြစ်ကြပါသည်။ သူတို့သည် လူ့အသိုင်းအဝန်းထဲသို့ ပြုဖို့ရောက်လာကြသူများမဟုတ်ဘဲ ဖျက်ဖို့ ရောက်လာကြသူများ ဖြစ်ကြသည်။ တည်ဆောက်ဖို့မဟုတ်၊ ဖြိုလဲဖို့ ဖြစ်သည်။ လက်ခုပ်တီးဖို့မဟုတ်၊ လက်သီးဆုပ်ဖို့ဖြစ်သည်။ ချီးမွမ်းစကားပြောဖို့မဟုတ်၊ အတင်းစကားနှောဖို့သာ ဖြစ်လေသည်။ မိမိ၏ လုပ်ငန်းအဖွဲ့အစည်း၊ အသိုင်းအဝန်းထဲတွင် အဆိုပါ လူ့ကဏန်းများ နေရာမယူလာနိုင်ရေးကို ကျွန်တော်တို့ သတိကြီးစွာထားဖို့ လိုမည်ထင်ပါသည်။

**အတွဲ(၁)၊ အမှတ် (၃၂)** *7 Day News Journal*




**အများ၏အလုပ်သည် ဘယ်သူ့အလုပ်မှ မဟုတ်ဘူးလား**

**အများ၏နေရာသည် ဘယ်သူ့နေရာမှ မဟုတ်ဘူးလား**

www.burmeseclassic.com

## (၁)

အစုစပ်လုပ်ငန်းတစ်ခုတွင် ဝန်ထမ်းတွေကို ဆိုင်အိပ်၊ ဆိုင်စား ထားသည်။ သူတို့က ဆိုင်အပေါ်ဆုံးထပ်တွင် အိပ်ကြသည်။ လူလွတ်တွေလည်း ဖြစ်ပြန်၊ ယောကျ်ားတွေချည်းဆိုတော့ ထုံးစံအတိုင်း သန့်ရှင်းရေးကို သိပ်ဂရုမစိုက်ကြချေ။ ရံဖန်ရံခါတွင် အစုစပ်ဝင်တွေက တက်ကြည့်သည်။ ညစ်ပတ်ပေရေနေသည်ကိုပဲ တွေ့ရသည်။ ကျွန်တော်ကိုယ်တိုင် တက်ကြည့်တော့လည်း အမြဲ ရှုပ်ပွပေကျံနေသည်။ သန့်သန့်ရှင်းရှင်းနေကြဖို့ အမြဲဆူရသည်။ ဆူတိုင်းလည်း ကျွန်တော်က ဖွတာမဟုတ်ဘူး၊ သူတို့ ဖွကြတာ။ ကျွန်တော်က ညစ်ပတ်တာ မဟုတ်ဘူး၊ သူတို့က ညစ်ပတ်တာ စသည်ဖြင့် တစ်ဦးကိုတစ်ဦး လက်ညှိုးထိုးကြသည်။ တရားခံ ရှာမရချေ။

## (၂)

စင်ကာပူတွင် အလုပ်လုပ်ခဲ့စဉ်က ဖြစ်ပါသည်။ အလုပ်နားနီးသည့် အင်ဂျင်နီယာအချင်းချင်း စုပေါင်းကာ အိမ်ခန်းတစ်ခန်း ငှားနေကြသည်။ ထမင်းကို ပေါင်းအိုးနှင့် တည်သည်။ ညစာကို နောက်ဆုံးစားသူသည် စားပွဲကို ရှင်းရသည်။ ထမင်းအိုးကို ဆေးရသည်။ ရေဆေးစင်ကို သန့်ရသည်။ မကြာခဏဆိုသလို ပြဿနာဖြစ်ရသည်က မနက်မိုးလင်းသည့်အခါတွင် ဟင်းခွက်လက်ကျန်တွေနှင့် စားပွဲ၊ ထမင်းချိုးကပ်နှင့် ပေါင်းအိုး၊ ထမင်းလုံးစေ့များ ပေကျံနေသည့် ရေစင်များကို တွေ့ရ၍ စကားများကြသည်။ တစ်ဦးနှင့်တစ်ဦး အပြစ်တင်ကြသဖြင့် နောက်ဆုံးမှာ ထမင်းစားခဲ့သူကို ဖော်ထုတ်မရဘဲ ဖြစ်ခဲ့ရသည်ချည်းပင်။

ညစာကို
နောက်ဆုံးစားသူသည်
စားပွဲကို ရှင်းရသည်
ထမင်းအိုးကို
ဆေးရသည်
ရေဆေးစင်ကို
သန့်ရသည်
မကြာခဏဆိုသလို
ပြဿနာဖြစ်ရသည်က
မနက်မိုးလင်းသည့်
အခါတွင်
ဟင်းခွက်
လက်ကျန်တွေနှင့်
စားပွဲ
ထမင်းချိုးကပ်နှင့်
ပေါင်းအိုး
ထမင်းလုံးစေ့များ
ပေကျံနေသည့်
ရေစင်များကို
တွေ့ရ၍
စကားများကြသည်

## (၃)

စုပေါင်းအိမ်ရာတစ်ခုတွင် နေထိုင်သူ မိတ်ဆွေတစ်ဦးက ပြောဖူးသည်။ သူတို့အိမ်သည် လုံခြုံရေးကို ဂရုစိုက်သည့်အနေဖြင့် ဂိတ်ကို သော့ခတ်ရသည်။ ဖွင့်ပြီးလျှင် သော့ကိုသည်အတိုင်းမထားခဲ့ဘဲ ပြန်သော့ခတ်ဖို့ အားလုံးက သဘောတူထားခဲ့ကြသည်။ မည်သည့် အိမ်ထောင်စုက အပြင်ထွက်ထွက်၊ အိမ်ရာထဲဝင်ဝင် သော့ကိုဖွင့်ဝင်၊ ထွက်ပြီးလျှင် သော့ပြန်ခတ်။ သို့ရာတွင် တကယ်တမ်းကြတော့ ယင်းကို မလိုက်နာကြ

www.burmeseclassic.com

သဖြင့် သော့ပွင့်လျက်ကြီးတန်းလန်းကို ခဏခဏ တွေ့ရသလို သော့လည်း မကြာခဏပျောက်သဖြင့် အသစ် ခဏခဏ လဲကြရသည်ဟု သူက စိတ်ပျက်လက်ပျက် ညည်းတွားသည်။

**'အဲဒါပေါ့ဗျာ *Everybody's job is nobody's job. Everybody's place is nobody's place* ဆိုတာလေဗျာ'**

(၄)

ကျွန်တော်သည် လွန်ခဲ့သော ၁၈ နှစ်ခန့်က ဖြစ်ရပ်တစ်ခုကို ပြန်လည်သတိရလာသည်။ ကျွန်တော်သည် လုပ်ငန်းတာဝန်တစ်ခုဖြင့် မြစ်ဝကျွန်းပေါ်ဒေသ တစ်ခုသို့ ခရီးသွားရသည်။ သွားရသည့်ကာလက မိုးတွင်းကြီးဖြစ်သည်။ ရေဝတီနှစ်ထပ်သင်္ဘောကိုစီးကာ သွားရခြင်းဖြစ်သည်။ ကျွန်တော်စီးလာသော သင်္ဘောသည် တွံတေးဝသို့ ရောက်သည်နှင့် မိုးက သဲကြီးမဲကြီး ရွာလာသည်။ လေကပါ ထန်လာသည်။ ကျွန်တော်က သင်္ဘောအပေါ်ထပ်က စီးနင်းခဲ့သည်။ လေကပါသဖြင့် မိုးစက်တွေက သင်္ဘောညာဖက်အခြမ်းသို့ ဒလဟော ဝင်လာသည်။ ညာဖက်ကလူတွေက မိုးစိုမည်ကို ကြောက်ကြသဖြင့် ဘယ်ဖက်သို့ ဝရုန်းသုဦးကား ပြေးသွားကြရာ သင်္ဘောက တစ်ဖက်စောင်းကြီး ဖြစ်သွားသည်။ သင်္ဘောကြီးစောင်းစောင်းနှင့်ပင် လူတွေက ဘယ်ဖက်မှာ ပေကတ်နေကြသည်။ ချက်ချင်းပင် သင်္ဘောမှ တာဝန်ရှိသူတစ်ဦး ရောက်လာသည်။ ခရီးသည်တွေကို ညာဖက်သို့ ပြန်သွားကြဖို့ မေတ္တာရပ်ခံသည်။ ဘယ်သူမှ မရွေ့ကြ။ ဟိုလူသွားနိုး၊ သည်လူသွားနိုး လုပ်နေကြသည်။ ပေကတ်နေကြသည်။ ထိုအခါ ထိုတာဝန်ရှိသူက စကားခပ်ကြမ်းကြမ်း ပြောချလိုက်သည်။ မိုးပက်မှာကိုသာ ကြောက်နေကြ၊ သင်္ဘောနစ်သေမှာကို မကြောက်ကြနဲ့ဟု ဆိုလိုက်ခြင်း ဖြစ်သည်။

(၅)

အငြိမ်းစားဗိုလ်သုကာဆရာကြီးတစ်ဦး၏ အိမ်သို့ ကျွန်တော် ရောက်သွားသည်။ လမ်းထိပ်မှာ အမှိုက်ပုံကြီး ဟီးနေသည်။ အမှိုက်ပုံဘေးတွင် အမှိုက်မပစ်ရ ဆိုင်းဘုတ်ကို တွေ့သည်။ ဆရာကြီး အခန်းသို့ လှေကားအတိုင်း တက်လာတော့ လှေကားတစ်လျှောက်မှာ ပင့်ကူအိမ်တွေ ကြွပ်ကြွပ်အိတ်စုတ်တွေ စက္ကူအိတ်စုတ်တွေနှင့် ညစ်ပတ်ရှုပ်ပွနေသည်။ ဆရာကြီးက အပဟဲခနဲ တစ်ချက် ရယ်သွမ်းသွေးလိုက်ပြီး 'အဲဒါပေါ့ဗျာ *Everybody's job is nobody's job. Everybody's place is*

www.burmeseclassic.com

*nobody's place* ဆိုတာလေဗျာ' ဟု ကျွန်တော့်ကို ပြောသည်။ သူ့စကားက ကျွန်တော့်ရင်ထဲ စွဲသွားသည်။

(၆)

လူတို့သည် အများနှင့်ဆိုင်သော အလုပ်မှန်သမျှ ကိုယ်နှင့် မဆိုင်ဟု ထင်ထားတတ်ကြသည်။ အများနှင့်ဆိုင်သော နေရာများကို လည်း ကိုယ့်နေရာမဟုတ်သလို သဘောထားနေကြသည်။ ထို့ကြောင့်ပင် အများလုပ်မှရသော လုပ်ငန်းများတွင် အခက်အခဲတွေတွေ့၊ စကားတွေ များ၊ လုပ်ငန်းတာဝန်တွေလစ်ဟင်း ဖြစ်နေကြရသည်။ အများလိုက်နာရန် သတ်မှတ်ထားသော စည်းကမ်းများသည် ကိုယ့်အတွက် စည်းကမ်း မဟုတ်ဟု ယူဆထားသည့် သဘော ဖြစ်နေသည်။ လူတစ်ဦးချင်းစီသည် လူအများကို ကိုယ်စားပြုနေသည်ဟူသော အမှန်တရားကို လျစ်လျူရှုထား ကြသည်။ သူတို့က အများဆိုသည်မှာ မိမိမဟုတ်သော တခြားသူများ ပါဝင်သည့် အုပ်စုတစ်စု သို့မဟုတ် လူ့အဖွဲ့အစည်း တစ်ခုခုဟုသာ တွေးဆကာ မိမိကိုယ်တိုင်ကို ချန်ထားကြသည်။ အံ့သြစရာကောင်းသည် မှာ ထိုသူများသည် တာဝန်ထမ်းစရာ အများအကျိုးလုပ်စရာများတွင်သာ ယင်းကဲ့သို့ ယူဆထားကြခြင်းဖြစ်ပြီး အခွင့်အရေးရစရာ တောင်းစရာ ရှိသည့်အခါမျိုးတွင်တော့ အများဆိုသော ဝေါဟာရသည် သူတို့နှင့်ပါ ဆိုင်သွားတော့သည်။ အလိုလိုပင် သူတို့ အကျုံးဝင်သွားတော့သည်။ ထိုသူတို့သည် အများဆိုသည့် ဝေါဟာရကို လိုသလို အနက်ဖွင့်ချခြင်း ဖြစ်သည်။ ရစရာရှိလျှင် အများထဲမှာ သူတို့ပါသည်။ ပေးစရာရှိလျှင်မူ ထိုအများထဲတွင် သူတို့မပါတော့ချေ။ စည်းကမ်းသေဝပ်သော လူ့အဖွဲ့ အစည်းတစ်ခု တည်ဆောက်သည့်အခါတွင် ယင်းကဲ့သို့သော အများ၏ အလုပ်သည် ဘယ်သူ့အလုပ်မှမဟုတ်၊ အများ၏နေရာသည် ဘယ်သူ့ နေရာမှ မဟုတ်ဟူသော ခံယူချက်များကို တော်လှန်ပြောင်းလဲပစ်နိုင်ရေး သည် ပဓာနကျသော ကနဦးအလုပ်တစ်ခု ဖြစ်သည်ဟုဆိုလျှင် မည်သူမျှ ငြင်းဝံ့မည် မထင်ပါ။

**စည်းကမ်းသေဝပ်သော လူ့အဖွဲ့အစည်းတစ်ခု တည်ဆောက်သည့် အခါတွင် ယင်းကဲ့သို့သော အများ၏အလုပ်သည် ဘယ်သူ့ အလုပ်မှမဟုတ် အများ၏နေရာသည် ဘယ်သူ့ နေရာမှ မဟုတ် ဟူသော ခံယူချက်များကို တော်လှန်ပြောင်းလဲ ပစ်နိုင်ရေးသည် ပဓာနကျသော ကနဦးအလုပ်တစ်ခု ဖြစ်သည်ဟုဆိုလျှင် မည်သူမျှ ငြင်းဝံ့မည်မထင်ပါ**

**အတွဲ(၁)၊ အမှတ် (၃၂)** *7 Day News Journal*

www.burmeseclassic.com

# ပြောသည့်အတိုင်း လုပ် ပြောသည့်အတိုင်း ပြီး



## (၁)

အသင်းတစ်သင်း၏ နှစ်ပတ်လည် စာစောင်တစ်စောင် အတွက် ပြင်ပအယ်ဒီတာတစ်ဦးကို တာဝန်ပေးသည်။ သူသည် လူငယ် တစ်ဦးဖြစ်သည်။ သူ့တွင် မည်မျှအရည်အချင်းရှိသည်ကို အရင်က မသိ ဖူးခဲ့ဘဲ စမ်းသပ် တာဝန်ပေးခြင်းဖြစ်သည်။ အရဲစွန့်ကြည့်ခြင်းလည်း ဖြစ်သည်။ အချိန်တွေက တိုတောင်းလွန်းသည်။ ဂျာနယ် အချိန်မီပြီးဖို့ သိပ်မလွယ်လှ။ နောက်ဆုံးတွင် ထိုလူငယ် အယ်ဒီတာသည် သူကတိ ပေးထားသည့်အတိုင်း အချိန်မီ မပြီးပြီးအောင် အပင်ပန်းခံ လုပ်ပြသွား သည်။ တခြားအရည်အချင်းတွေကို မသိရသေးသော်လည်း ယင်းစိတ် ကလေးကိုက ချီးကျူးစရာ ဖြစ်သွားသည်။

## (၂)

အချိန်က နှစ်လခန့်ဆိုတော့ လုံလုံလောက်လောက် ရသည် ထို့ကြောင့် တာဝန်ယူ လုပ်နိုင်မည်ထင်သည့် ဝန်ထမ်းတစ်ဦးကို ခေါ်ကာ အကျိုးအကြောင်း ရှင်းပြသည် သူက အချိန်တွေ ဒီလောက်ရထားတာပဲ အချိန်မီ ပြီးပါတယ်ဟု ခပ်အေးအေးဖြေသည် တကယ်တမ်း လုပ်သောအခါတွင် သူသည် ထိုမျှရသော အချိန်တွင်ပင် သူ့အလုပ်ကို ပြီးအောင်မလုပ်နိုင်ဘဲ ရှိသည်

ပရောဂျက် အငယ်စားလေးတစ်ခု လုပ်ဖို့ရှိလာသည်။ အချိန်က နှစ်လခန့်ဆိုတော့ လုံလုံလောက်လောက်ရသည်။ ထို့ကြောင့် တာဝန်ယူလုပ်နိုင်မည်ထင်သည့် ဝန်ထမ်းတစ်ဦးကို ခေါ်ကာ အကျိုး အကြောင်း ရှင်းပြသည်။ သူက အချိန်တွေ ဒီလောက်ရထားတာပဲ၊ အချိန်မီပြီးပါတယ်ဟု ခပ်အေးအေး ဖြေသည်။ တကယ်တမ်း လုပ်သော အခါတွင် သူသည် ထိုမျှရသော အချိန်တွင်ပင် သူ့အလုပ်ကို ပြီးအောင် မလုပ်နိုင်ဘဲ ရှိသည်။ မေးကြည့်သောအခါတွင် 'မိတ္တူကူးစက်ပျက်လို့' 'ဟိုသူဆီက ရတာနောက်ကျလို့' 'ပစ္စည်းထုတ်ပေးမည့်သူက ပညာပြ နေလို့' စသည်ဖြင့် အကြောင်းတွေ အများကြီးပြသည်။ တခြားသူများကို သူက ဒေါကန်ပြနေသည်။

## (၃)

ကြိုပွဲဝင့်တွေ ခေတ်စားခဲ့သော တစ်ချိန်က ဖြစ်ပါသည်။ မိတ်ဆွေတစ်ဦးသည် အကွက်အကွင်းကောင်းသော နေရာတစ်ခုတွင် ဆောက်မည့် တိုက်ခန်းတစ်ခန်းကို ကြိုဝယ်လိုက်သည်။ ကန်ထရိုက်တာ က သူ့ကို အိမ်တိုင်းစေ့ မီတာတစ်လုံးစီနှင့် ရေမော်တာတစ်လုံးစီ တပ်ပေး မည့်အကြောင်း၊ ရေချိုးခန်းနှင့် အိမ်သာတွင် ကြွေပြားများကပ်ပေးမည့် အကြောင်း၊ ရှစ်လအတွင်း သော့အပ်မည်ဆိုသည့်အကြောင်း ရွှန်းရွှန်း ဝေအောင် အာမခံသဖြင့် သူက ကြိုပွဲဝင့်ဝယ်ဖြစ်သွားသည်။ တကယ်တမ်း

တွင်မှ တိုက်ခန်းက ၁၃ လလောက် ကြာသွားသည်။ ကိုယ်ပိုင်မီတာ မဖြစ်ဘဲ အများနှင့်တွဲသုံးရသည့် ဆပ်မီတာရသည်။ ရေမော်တာလည်း မပါ။ မော်တာထိုင်ဖို့ နေရာသာပါသည်။ အိမ်သာတွင် ကြွေပြားပါသော်လည်း ရေချိုးခန်းတွင် ကြွေပြားကို သူပြောထားသလို အပြည့်မကပ်ပေး။ သူက ဆောက်နေရင်းတန်းလန်း ဈေးတွေ ခုန်တက်သွားပါသည်၊ သူ ရှုံးပါသည်ဟုဆိုကာ ခိုကအရှုံးပေးလောက်အောင် ညည်းပြသည်။ သူ့ကို စိတ်ဆိုးရမည့်အစား သနားရတော့မလိုလိုအဖြစ် ဆိုက်သွားသည်။

(၄)

ကျောင်းသားဘဝတုန်းက အဖြစ်အပျက်ကလေးတစ်ခုကို ပြန်သတိရလာသည်။ ထိုစဉ်က ပျော်ပွဲစားခရီးတွေ ခေတ်စားခဲ့ရာ ကျွန်တော်တို့ အတန်းတစ်တန်းလုံး ပဲခူးမြို့သို့ ခရီးထွက်ရန် အစီအစဉ်တွေ ရေးဆွဲကြသည်။ ထိုအခါတွင် တာဝန်တွေ ကိုယ်စီခွဲကြသည်။ ကားငှားမည့်အဖွဲ့၊ အစားအသောက် ဝယ်ခြမ်းကြမည့်အဖွဲ့၊ ဟိုရောက်လျှင် အချင်းချင်း အပျော်ဆော့ကစားရန် ဂိမ်းများ စီစဉ်ကြသည့်အဖွဲ့၊ ပိုက်ဆံထိန်းသိမ်းသုံးစွဲရေးအဖွဲ့ စသဖြင့် အုပ်စုကလေးတွေအလိုက် တာဝန်ယူကြခြင်း ဖြစ်သည်။ ထိုအခါတွင် ကျန်သောအဖွဲ့များက သူ့အလုပ်သူ လုပ်နေသော်လည်း ဂိမ်းစီစဉ်သည့်အဖွဲ့က မလှုပ်တလှုပ်၊ မေးကြည့်တိုင်းလည်း အဲသည်တုန်းက ဘန်းစကားကို သုံးပြီး 'အချိန်တန်တော့ နွားပိန်ကန်မှာပေါ့ကွာ' ဟု ပြန်ပြောသည်ချည်း။ ကျွန်တော်တို့ ကတော့ စိတ်တွေထင့်နေသည်။ ထင်ထားသည့်အတိုင်းပင် ပျော်ပွဲစားထွက်မည့်နေ့မရောက်မီ နှစ်ရက်အလိုတွင် ယင်းအဖွဲ့မှခေါင်းဆောင်နှင့် နောက်တစ်ယောက်က သူတို့မလိုက်ဖြစ်တော့ဟု ပြောသည်။ လုပ်ခိုင်းထားသည့် ကိစ္စတွေကိုလည်း မစီစဉ်ရသေးဟု ဆိုသည်။ ပိုဆိုးသည်မှာ 'မင်းတို့ဘာသာ ကြည့်လုပ်လိုက်ကြတော့ဟေ့' ဟု ခပ်ပေါ့ပေါ့ ပြောကြခြင်း ဖြစ်သည်။ ကျန်သူတွေမှာ စိတ်တိုတိုနှင့်ပင် သူတို့ကိစ္စတွေကို တစ်ရက်ခွဲခန့်အတွင်း ဖြစ်မြောက်ဖို့ ကသောကမျော စီစဉ်ရလေသည်။

(၅)

ကျွန်တော်တို့သည် ကိုယ်ပိုင်လုပ်ငန်းများ လုပ်ကိုင်ရသည့်အခါတွင်ဖြစ်စေ၊ အများနှင့်ဆိုင်သော တာဝန်များကို ထမ်းဆောင်ကြရာတွင်

www.burmeseclassic.com

**အမှန်ပြောရလျှင် *commitment*သည် ကတိပြုသည်ဆိုသော *promise* ထက် ပို၍ လေးနက်ပါသည် ကတိပြုသော်လည်း ကတိအတိုင်း လုပ်ချင်မှ လုပ်တတ်ကြပါသည် *commitment* သည် မိမိ တာဝန်ယူထားသည့်အတိုင်း ကတိကဝတ်အတိုင်း မလွဲမသွေ စောင့်ထိန်းကျင့်ကြံ ပြီးမြောက်ခြင်းဟု ကျွန်တော်က ဆိုချင်ပါသည်**

ဖြစ်စေ၊ ပြောကြ၊ ဆိုကြ၊ သုံးနှုန်းကြသော စကားတစ်ခွန်းရှိပါသည်။ အင်္ဂလိပ်ဝေါဟာရ တစ်ခုဖြစ်သော *commitment* ဖြစ်ပါသည်။ မြန်မာလို ကတိကဝတ်ပြုခြင်းဟု အဘိဓာန်တချို့တွင် တွေ့ရသည်။ အမှန်ပြောရလျှင် *commitment* ကတိပြုသည်ဆိုသော *promise* ထက် ပို၍ လေးနက်ပါသည်။ ကတိပြုသော်လည်း ကတိအတိုင်း လုပ်ချင်မှ လုပ်တတ်ကြပါသည်။ *commitment* သည် မိမိ တာဝန်ယူထားသည့်အတိုင်း၊ ကတိကဝတ်အတိုင်း မလွဲမသွေ စောင့်ထိန်းကျင့်ကြံ ပြီးမြောက်ခြင်းဟု ကျွန်တော်က ဆိုချင်ပါသည်။ *commitment* သည် အလုပ်များကို ပေးထားသည့်အချိန် ပေးထားသည့်အတိုင်းအတာ ပေးထားသည့်စံသတ်မှတ်ချက်များအတိုင်း လုံးဝဥဿုံ ဖြည့်ဆည်းပြီးမြောက်စေခြင်း ဖြစ်ပါသည်။

**(၆)**

အချိန်တိုတိုအတွင်း သူပေးသည့် ကတိအတိုင်း ဂျာနယ်တစ်စောင်ကို ပြီးမြောက်အောင် လုပ်ပြသွားသည့် အယ်ဒီတာကလေးသည် *commitment* ရှိသူ ဖြစ်သည်။ ပရောဂျက်လုပ်သော ဝန်ထမ်း၊ ကြိုပွဲဝင့်ရောင်းသော ကန်ထရိုက်တာနှင့် ပျော်ပွဲစားထွက်တုန်းက သူငယ်ချင်းတို့သည် *commitment* မရှိကြသူများ ဖြစ်ကြသည်။ ပြောသည့်အတိုင်း မလုပ်၊ ပြောသည့်အတိုင်း မပြီးကြသူများသည် သူတို့ မလုပ်ရခြင်းနှင့် မပြီးရခြင်းတို့နှင့်ပတ်သက်ပြီး ခိုင်ခိုင်လုံလုံသိပ်မရှိလှသော အကြောင်းများ ပြတတ်ကြသည်။ ထို့ကြောင့် လုပ်ငန်းများကို သတ်မှတ်ထားချိန်အတွင်း သတ်မှတ်ထားသည့်အတိုင်း ပြီးမြောက်ရေးအတွက် တာဝန်ကိုယ်စီယူထားကြသူများသည် တစ်ဦးချင်းအလိုက် *commitment* ရှိဖို့ အလွန်အရေးကြီးပါသည်။ *commitment* သည် လူတစ်ဦး၏ အရည်အချင်းကို ထင်ထင်လင်းလင်း မီးမောင်းထိုးပြနိုင်သည့် အညွှန်းပြ ကိရိယာတစ်ခုနှင့် တူသည်ဟုပင် ဆိုက ရနိုင်မည်ထင်ပါသည်။

**အတွဲ(၁)၊ အမှတ် (၃၇)** *7 Day News Journal*

# တယ်လီဖုန်း အက်တိကက်



www.burmeseclassic.com

(၁)

တယ်လီဖုန်းက မြည်လာသည်။ ကျွန်တော် ကောက်ကိုင်လိုက်သည်။ တစ်ဖက်က အမျိုးသမီးငယ်တစ်ဦး၏အသံ ပေါ်လာသည်။ ကျွန်တော့်အမည်ကို မေးကာ ဟုတ်ပါသလားဟု မေးသည်။ ကျွန်တော်က ဟုတ်ကြောင်းပြောတော့ ခဏကိုင်ထားပါရှင်ဟု ပြောသည်။ ကျွန်တော့်မှာ ဘုမသိ၊ ဘမသိနှင့် ဖုန်းကို ကိုင်ထားရသည်။ တစ်ဖက်က ဘယ်သူက ကျွန်တော့်ကို ပြောချင်နေမှန်း ကျွန်တော်မသိ။ တီးလုံးသံကလေးများကိုသာ စိတ်မရှည်တရှည် နားသောတဆင်နေရသည်။ တော်တော်ကလေးကြာမှ ဖုန်းထဲက အသံပေါ်လာသည်။ ကျွန်တော့်ကို ပြောသူမှာ ကုမ္ပဏီတစ်ခု၏ အရာရှိကြီးအဆင့်ရှိသူ။ သို့သော်လည်း သူနှင့် ကျွန်တော်သည် လုပ်ငန်းအကျိုးတူ လုပ်ဖော်ကိုင်ဖက်တစ်ဦး။ သူက ကျွန်တော့်ကို ဖုန်းတိုက်ရိုက်ဆက်လျှင် ရနိုင်သော်လည်း တစ်ဆင့်ခံ ခေါ်ခိုင်းခြင်း ဖြစ်သည်။

(၂)

ဆရာသမားတစ်ဦးက သူကြုံတွေ့ခဲ့ဖူးသော တယ်လီဖုန်းစကားပြောခြင်းနှင့် သက်ဆိုင်သည့် ဖြစ်ရပ်ကလေးတစ်ခုကို ရယ်သလိုမောသလိုနှင့် ပြောပြသည်။ သူက ရယ်သလိုမောသလို ဟာသနှောပြောသော်လည်း သူ့ရင်ထဲတွင်မူ အကျိတ်အခဲကလေးတစ်ခု ဖြစ်နေကြောင်း ကျွန်တော် ရိပ်မိလိုက်သည်။ သူသည် လုပ်ငန်းကြီးတစ်ခုတွင် ဒုတိယမြောက် အကြီးအကဲတစ်ဦး ဖြစ်သည်။ သူ့ထံသို့ လူတစ်ဦးက ဖုန်းဆက်သည်။ ထိုသူသည် လူမှုရေးအဖွဲ့အစည်းတစ်ခုတွင် အတူတကွ လုပ်ကိုင်နေသူ။ တိုက်ရိုက်ဆက်ခြင်း မဟုတ်။ ကျွန်တော့်လိုပင် ခဏကိုင်ထားပါရှင်ဟုဆိုကာ တစ်ဖက်က ပြောမည့်သူကို စောင့်ဆိုင်းရသည်။ ဆရာသမားက 'ကျွန်တော်လည်း ကိုယ့်အဆင့်တာဝန်နှင့်ကိုယ် ရှိတဲ့သူပဲ။ သူကျွန်တော့်ကို တိုက်ရိုက်ဆက်နိုင်လျက်သားနဲ့။ သည်လိုလုပ်တာ တစ်မျိုးပဲ။ လူတွေက တော်တော်ခက်တာပဲဗျာ' ဟု ညည်းသည်။

**ခဏကိုင်ထားပါရှင်ဟု ဆိုကာ တစ်ဖက်က ပြောမည့်သူကို စောင့်ဆိုင်းရသည် ဆရာသမားက 'ကျွန်တော်လည်း ကိုယ့်အဆင့်တာဝန်နှင့်ကိုယ် ရှိတဲ့သူပဲ သူ ကျွန်တော့်ကို တိုက်ရိုက်ဆက်နိုင်လျက်သားနဲ့ သည်လိုလုပ်တာ တစ်မျိုးပဲ လူတွေက တော်တော်ခက်တာပဲဗျာ' ဟု ညည်းသည်**

(၃)

'ဦးလား၊ ကျွန်မ ခင်နှင်းပါ။ ဦးကို ဆရာ(...........)က ပြောခိုင်းလို့၊ မနက်ဖြန် အစီအစဉ် အပြောင်းအလဲရှိသလားလို့ မေးခိုင်းလို့ပါ"

'သမီးရဲ့ ဆရာ ရှိသလား'

www.burmeseclassic.com

'ဟို...အင်း...အဲ။ ဆရာအလုပ်များနေလို့ ဆက်ခိုင်းတာပါဦး'

'အေး သူမပြောနိုင်သေးဘူးဆိုရင် ပြောနိုင်တဲ့အခါ ဦးကို တိုက်ရိုက်ဆက်ပါလို့ သမီးရဲ့ ဆရာကို ပြောလိုက်နော်'

'ဟုတ်... ဟုတ်ကဲ့ပါဦး'

ကိုယ်တွေ့ကြုံခဲ့ရသူ သူငယ်ချင်းတစ်ဦးက မခံချိမခံသာဖြင့် ပြန်ပြောပြခြင်း ဖြစ်ပါသည်။ သူ့ကို ဖုန်းဆက်သူမှာ သူနှင့် အဆင့်တာဝန် တူသူ ကုမ္ပဏီအမ်ဒီ။ သူကလည်း သူ့ကုမ္ပဏီတွင်အမ်ဒီ။ ကျွန်တော့်ဆရာ သမားပြောသလိုပင် လူတွေက ခက်တယ်ကွာဟု သူက ခေါင်းကိုယမ်းရင်း ပြောလေသည်။

လူတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံကြသည့်အခါ ကျင့်ဝတ်ကလေးတွေ ထားကြပါသည် ယင်းကျင့်ဝတ်များသည် စာအုပ်ကြီးထဲ အတိအကျ ထည့်ရေးကာ လိုက်နာကြပါမည်ဟု ကတိကဝတ် ပြုနိုင်သည့် အရာမျိုးတော့ မဟုတ်ပါ

## (၄)

တယ်လီဖုန်းမြည်သဖြင့် ပြန်ဖြေလိုက်သည့်အခါတွင် တစ်ဖက် ကပြောသူမှာ ဌာနဆိုင်ရာတစ်ခု၏ တာဝန်အရှိဆုံးလူကြီး။ သူက ကျွန်တော့်ကို ကျွန်တော်တို့ တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်နေ ကြသည့် နည်းပညာဆိုင်ရာ အသင်းလုပ်ငန်းများနှင့် ပတ်သက်ပြီး လှမ်းမေးခြင်းဖြစ်သည်။ ကျွန်တော်က 'ဆရာရယ်၊ တစ်ယောက်ယောက် ဆက်မေးခိုင်းလည်း ရပါတယ်' ဟု ပြန်ပြောရသည်။ သူက 'မောင်ရင်ရ၊ ကိုယ်က ကိုယ့်တို့အလုပ်မှာတော့ အကြီးဆုံးပဲ။ ဒါပေမယ့် အသင်းမှာတော့ မောင်ရင်တို့၊ ကိုယ်တို့က လုပ်ဖော်ကိုင်ဖက်တွေပဲ။ အသင်းကိစ္စပြောတာ တိုက်ရိုက်ဘာဖြစ်လို့ စကားမပြောနိုင်ရမှာလဲကွာ' ဟု ပြန်ရှင်းပြသည်။

## (၅)

တယ်လီဖုန်းပြောသည့် ကိစ္စများနှင့်ပတ်သက်ပြီး အလားတူ အဖြစ်အပျက် တော်တော်များများကို ကြုံဖူးကြသူတွေရှိမည်မှာ သေချာ ပါသည်။ စိတ်ရှည်သူတွေက အပြုံးမပျက်ကြသော်လည်း စိတ်တိုသူတွေ မှာ အမုန်းဖက်ကုန်ကြသည်။ လူတို့သည် တစ်ဦးနှင့်တစ်ဦး ပေါင်းသင်း ဆက်ဆံကြသည့်အခါ ကျင့်ဝတ်ကလေးတွေ ထားကြပါသည်။ ယင်း ကျင့်ဝတ်များသည် စာအုပ်ကြီးထဲ အတိအကျ ထည့်ရေးကာ လိုက်နာ ကြပါမည်ဟု ကတိကဝတ်ပြုနိုင်သည့် အရာမျိုးတော့ မဟုတ်ပါ။ အင်္ဂလိပ် လို *etiquette* (အက်တိကက်) ခေါ်သော ကျင့်ဝတ်ဆိုသည်မှာ နေရာ တကာတွင် ရှိပါသည်။ တယ်လီဖုန်းပြောရာတွင်လည်း ဖုန်းအက်တိကက်

www.burmeseclassic.com

ကလေးတွေကို နားလည်ဖို့ လိုမည်ထင်ပါသည်။ တချို့ကလည်း ယင်းကို ပရိုတိုကော်လ် (*protocol*) ဟူသော သံတမန်ဝေါဟာရနှင့် ခိုင်းနှိုင်းပြောသည်။ ပရိုတိုကော်လ်၏ အနက်အဓိပ္ပာယ်သည် ကျယ်ဝန်းလှပါသည်။ ကျယ်ဝန်းလှသော အနက်များစွာထဲမှ အဆင့်အတန်းချင်းတူသူများသာ တွေ့ဆုံစေခြင်းမျိုးကိုလည်း ပရိုတိုကော်လ်ဟု ဆိုကြပါသည်။ တာဝန်တူ၊ အဆင့်တူ ဖြစ်ပါလျက်နှင့် ဖုန်းတိုက်ရိုက်မပြောဘဲ တစ်ဆင့်ခံပြောခြင်းမျိုးကို မိတ်ဆွေတစ်ဦးက 'ဒီလူ ပရိုတိုကော်လ် နားမလည်ဘူး' ဟု ပြောသံကြားဖူး၍ ဖြစ်ပါသည်။

**ကိုယ်ပိုင်စီးပွားရေး လုပ်နေကြသူများသည် အခြေခံကျလှသော ဖုန်း အက်တီကက်ကိုမျှ နားမလည်ကြလျှင် ကျန်သော ပို၍ အရေးကြီးသည့် အက်တီကက်များကို မည်သို့ နားလည်နိုင်ကြ မည်နည်း ဟူသော မေးခွန်းကို ရိုးသားစွာ မေးလိုပါသည်**

**(၆)**

တချို့ကလည်း တကယ်မအားလပ်သဖြင့် အားနေသူတစ်ဦးဦးကို ဆက်ခိုင်းခြင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ သို့ရာတွင်မူ အက်တီကက်နားလည်သူ တစ်ဦးဖြစ်ပါမူ ထိုသို့ ဆက်ခိုင်းမိပါကလည်း ဖုန်းပြောပြောချင်းပင် 'ဆောရီးဗျာ အလုပ်တွေက အရမ်းများနေလို့၊ ခင်ဗျားဖုန်းကလည်း စောစောက ကျွန်တော် ကိုယ်တိုင်ခေါ်နေတာ တစ်ချက်ကလေးမှ မအားဘူး၊ ဘာညာ' စသဖြင့် စကားဦး သန်းသင့်ပါသည်။ တချို့ကျတော့လည်း တမင်ပင် မလိုအပ်ဘဲ အရှိန်အဝါပြလို သဖြင့် တစ်ဆင့်ခေါ်ခိုင်းခြင်းမျိုး ဖြစ်ပါသည်။ မြင်လည်း မြင်ဖူးပါသည်။ ကိုယ်ပိုင်စီးပွားရေး လုပ်နေကြသူများသည် အခြေခံကျလှသော ဖုန်းအက်တီကက်ကိုမျှ နားမလည်ကြလျှင် ကျန်သော ပို၍အရေးကြီးသည့် အက်တီကက်များကို မည်သို့ နားလည်နိုင်ကြမည်နည်းဟူသော မေးခွန်းကို ရိုးသားစွာ မေးလိုပါသည်။ ချစ်လည်း သည်ဖုန်း၊ မုန်းလည်း သည်ဖုန်း ဖြစ်ပါသည်။ စည်းရုံးဆွဲဆောင်နိုင်သည်ကလည်း သည်ဖုန်း၊ ကွဲကွာစေသည်ကလည်း သည်ဖုန်း၊ အထင်ကြီးစေသည်ကလည်း သည်ဖုန်း၊ အထင်သေးစေသည်ကလည်း သည်ဖုန်းပဲ ဖြစ်ပါသည်။ ဖုန်းကလေးတစ်လုံးကို ကောင်းကောင်းသုံးတတ်လျှင် တယ်လီဖုန်း အက်တီကက်ကို သိနားလည်လျှင် အစကောင်းသွားပါပြီ။ အနှောင်းသေချာဖို့ နီးစပ်သွားပါပြီ။

**အတွဲ(၁)၊ အမှတ်(၄၂)** *7 Day News Journal*

www.burmeseclassic.com

# သူများတွေ လုပ်တိုင်း လိုက်လုပ်ဖို့ လိုသလား



**အချိန်မှန်မှန်တက်ပြီး သေသေချာချာ လေ့လာဖို့ ပြောသည့်အခါတွင် ထိုမိန်းကလေးက 'လက်မှတ်ရရင် ပြီးရော မဟုတ်လားဟဲ့' နင်တစ်ယောက်တည်းသာ တန်အောင်တက်နေ** *သူများတွေလည်း သည်အတိုင်းပဲ လုပ်နေတဲ့ဟာကို* **ဟု မျက်စောင်းထိုးရင်း ဘုတောလေသည်**

(၁)

မီးပွိုင့် မီးနီပြသဖြင့် မိတ်ဆွေက ကားကို ရပ်လိုက်သည်။ ရှေ့က ရပ်သောကားနှင့် သူ့ကားကြားထဲတွင် ကွက်လပ်ကြီးဟနေသည်။ မျဉ်းအဝါဘောင်တွင် ထောင့်ဖြတ်လိုင်း ဆွဲထားသောနေရာ ဖြစ်သည်။ အတူပါလာသော နောက်တစ်ဦးက သူ့ကို ရှေ့ကကားနားကပ်ရပ်ဖို့ ပြောသည်။ သူက မျဉ်းအဝါဘောင်တားထားသည်မှာ ကွေ့ဝင်လိုသော ကားများအတွက် နေရာချန်ပေးခြင်း ဖြစ်ကြောင်း၊ ယင်းနေရာမျိုးတွင် ကား မရပ်ရကြောင်း၊ ရပ်လျှင် ကွေ့ဝင်မည့်ကားအတွက် လမ်းပိတ်ထားသလို ဖြစ်သွားလိမ့်မှာဖြစ်ကြောင်း ရှင်းပြနေသည်။ ကားရှေ့နား တိုးရပ်ဖို့ပြောသော မိတ်ဆွေက သူ့စကားအဆုံးတွင် 'မင်းကလည်း ကိုတိကျ' လုပ်နေပြန်ပြီ။ မင်းဘေးက တိုင်စီကားကြည့်ပါလား။ အဲဒီအဝါဘောင်ထဲ ရပ်ထားတာပဲ။ ***သူများတွေလည်း သည်အတိုင်းလုပ်နေတာပဲကွာ*** ဟု သူ့ကို အငေါ်တူးလေသည်။

(၂)

မိတ်ဆွေတစ်ဦး၏ သမီးမိန်းကလေးသည် ကွန်ပျူတာ သင်တန်းတစ်ခုကို သွားတက်နေသည်။ အလုပ်ရှာသည့်အခါ ကွန်ပျူတာ သင်တန်းလက်မှတ် ပါရမည်ဆိုသောကြောင့်ဟု ဆိုသည်။ ကလေးမနှင့် အတူ နောက်သူငယ်ချင်းမ တစ်ဦးကပါ လိုက်တက်သည်။ သူငယ်ချင်း သမီးက သင်တန်း မှန်မှန်တက်သည်။ သေသေချာချာ လေ့လာသည်။ နောက်တစ်ယောက်က မတက်တစ်ရက်၊ တက်တစ်ရက်။ တက်သည့် အခါမှာလည်း သိပ်စိတ်ဝင်စားမှုမရှိလှ။ အချိန်မှန်မှန်တက်ပြီး သေသေ ချာချာ လေ့လာဖို့ပြောသည့်အခါတွင် ထိုမိန်းကလေးက 'လက်မှတ်ရရင် ပြီးရောမဟုတ်လားဟဲ့။ နင်တစ်ယောက်တည်းသာ တန်အောင်တက်နေ။ ***သူများတွေလည်း သည်အတိုင်းပဲ လုပ်နေတဲ့ဟာကို*** ဟု မျက်စောင်း ထိုးရင်း ဘုတောလေသည်။

(၃)

သူငယ်ချင်း အင်ဂျင်နီယာတစ်ဦး ရှိသည်။ သူသည် အဆောက်အအုံများ တည်ဆောက်ရာတွင် အရည်အသွေးစစ်ဆေးပေးရ သူ ဖြစ်သည်။ တစ်ရက်တွင် သူသည် တိုက်ခန်းတွဲများ ဆောက်လုပ်ရာ

www.burmeseclassic.com

လုပ်ငန်းတစ်ခုကို သွားရောက် စစ်ဆေးရသည်။ သူ စစ်ကြည့်လိုက်သည့်အခါ အရည်အသွေး အတော်ကလေး ခိုထားသည်ကို တွေ့ရသည်ဆို၏။ လုပ်ငန်းရှင်က စစ်ဆေးအပြီးတွင် သူ့ကို လက်မှတ်ထိုးခိုင်းသည်။ သူက ထိုးမပေး။ လုပ်ငန်းရှင်က သူ့ကို မျက်နှာချိုသွေးပြီး ထပ်တောင်းပန်သည်။ သူကလည်း ဆက်ငြင်းသည်။ ခင်ဗျား ကောင်းကောင်းလုပ်ထားရင် လက်မှတ်ထိုးမပေးစရာ မရှိဘူးဟုသူက ပြောသည်။ ထိုအခါ လုပ်ငန်းရှင်က 'ခင်ဗျားက ဘယ်လိုလူစားလဲ။ *သူများတွေလည်း သည်အတိုင်းပဲ လုပ်နေတာပဲ။* ကိုယ်တို့က နားလည်တတ်ပါတယ်' ဟု ပယောဇ္ဇ ဖွက်လေသည်။

(၄)

အစ်ကိုဝမ်းကွဲ တစ်ဦးရှိသည်။ သူ့ကို လူ့ငွစာကြီးဟု သူ့သူငယ်ချင်းများက ခေါ်ကြသည်။ သူသည် တစ်ရက်တွင် သူငယ်ချင်းများနှင့် မြို့လယ်ရှိ ရုပ်ရှင်ရုံကြီးတစ်ရုံတွင် နာမည်ကြီး ဇာတ်ကားတစ်ကား သွားကြည့်သည်။ ရုပ်ရှင်ရုံရှေ့ရောက်သောအခါ လက်မှတ်မရောင်းသေး သဖြင့် စောင့်ရသည်။ လက်မှတ်တကယ်ရောင်းသောအခါ ဘာမျှမကြာ လိုက်တဲလက်မှတ်ကုန်ပြီဆိုသော ဆိုင်းဘုတ်လှမ်းချိတ်သည်ကို တွေ့ရ သည်။ ရုံရှေ့တွင် လက်မှတ်မှောင်ခိုသမားများက ရုံဝင်ခထက် ၂ ဆ ကျော်တင်ကာ လက်မှတ်တွေကို အော်ရောင်းနေကြသည်။ သူ့သူငယ်ချင်း တွေက ဈေးကြီးပေးကာ ဝယ်ဖို့ပြင်သည်။ သူက မှောင်ခိုအားမပေးနိုင် ဟု ငြင်းသည်။ သူငယ်ချင်းတွေက အချိန်အားရတုန်းလာရသဖြင့် နောက် တစ်ခေါက်ကို မရွှေ့ချင်။ သူက ဒါဆို မင်းတို့ဘာသာ ဝယ်ကြည့်၊ ငါပြန်မယ်ဟု ဆိုကာ ပြန်လာခဲ့သည်ဟု ပြောပြသည်။ သူငယ်ချင်းတွေက သူ့ကို 'ဒါကြောင့် မင်းကို လူ့ငွစာလို့ ခေါ်တာ။ *သူများတွေလည်း သည်အတိုင်းပဲ လုပ်နေတာပဲ။* မင်းကျမှ ဒါကို ရေးကြီးခွင်ကျယ်လုပ်လို့' ဆိုကာ ပွစိပွစိ ဖြစ်ကုန်ကြလေသည်။

(၅)

လူ့မှုဘဝထဲတွင် ရှန်းကန်လှုပ်ရှားကျင်လည်ကြရင်း ကျွန်တော်တို့သည် သူများတွေလည်း သည်အတိုင်းပဲ လုပ်နေတာပဲဆိုသော စကားများကို မကြာခဏဆိုသလို ကြားရတတ်ပါသည်။ သူများတွေတောင် လုပ်တယ်၊ ခင်ဗျားမလုပ်နိုင်ဘူးလားဆိုသော အမေးကိုလည်း မကြာခဏ

**လူ့မှုဘဝထဲတွင် ရုန်းကန်လှုပ်ရှား ကျင်လည်ကြရင်း ကျွန်တော်တို့သည် သူများတွေလည်း သည်အတိုင်းပဲ လုပ်နေတာပဲဆိုသော စကားများကို မကြာခဏဆိုသလို ကြားရတတ်ပါသည်**

www.burmeseclassic.com

BURMESE CLASSIC .com

အမေးခံရပါလိမ့်မည်။ ထိုအမေးကို မေးသူများမှာ သူစိမ်းတစ်ရံများ၊ သူငယ်ချင်း မိတ်ဆွေများသာမကဘဲ မိမိ၏ အချစ်ဆုံးအဖြစ် တန်ဖိုးထားထားသူများ၊ မိမိနှင့် အနီးဆုံးမှာ ရှိနေသူများပင်လျှင် ပါဝင်တတ်ပါသည်။ သူများတွေလုပ်တိုင်း လိုက်လုပ်ရမည်လား၊ လိုက်လုပ်သင့်ပါသလားဆိုသော စဉ်းစားစရာကောင်းသည့် မေးခွန်းတွေက ယင်း၏ အနောက်တွင် ထက်ကြပ်မကွာ လိုက်ပါလာပါသည်။ သူများတွေက ဘာတွေလုပ်နေတာလဲ။ သူတို့လုပ်နေကြသည့်အမှုကိစ္စများသည် သူတို့ကိုယ်ကျိုးအတွက်လား၊ အများအတွက်လား။ သူများတွေလုပ်နေကြသည့် အလုပ်များသည် အများဝမ်းသာရေးလား အများဝမ်းနာရေးလား။ အများကောင်းကျိုးလား၊ အများဆိုးကျိုးလား။ ပန်းခင်းများကို ပျိုးထောင်သည်လား၊ အဆိပ်ခင်းများကို ရေလောင်းပေးသည်လား စသည့် နှိုင်းဆတွေးတောစရာကလေးများကို မေ့ထားပစ်၍ မသင့်ပါ။

**(၆)**

ကျွန်တော်တို့ ငယ်စဉ်က ရေအိုးစင်အလှူများ ခေတ်စားခဲ့သည်ကို ပြန်လည်သတိရလာပါသည်။ လမ်းထိပ်တိုင်း၊ သစ်ပင်ရိပ်တိုင်းတွင် အများသောက်သုံးရန် ရေအိုးစင်ကလေးများကို အပြိုင်လှူကြသည်။ သူများတွေက ယင်းသို့လုပ်သဖြင့် ကျန်သူများက လိုက်လုပ်ကြပါသည်။ ခရီးသွားပြည်သူများ သစ်ရိပ်အောက်မှာ ခေတ္တကွန်းခိုရင်း ရေကြည်မြမြ တစ်ခွက်သောက်ကာ အပန်းဖြေနိုင်ကြပါသည်။ ထိုရေအိုးစင်ကလေးများတွင် ခွက်ကလေးတွေကို ချိတ်ထားသည်။ ရေသောက်သူတွေက ရေသောက်ရုံမျှမက ခွက်ကိုပါ ဖြောင်လာကြသည်။ တစ်ယောက်ကလုပ်သဖြင့် နောက်တစ်ယောက်က လိုက်လုပ်ရင်း ကြာသောအခါ ရေခွက်မဲ့သော ရေအိုးစင်ကလေးများ ဖြစ်ကုန်သည်။ တဖြည်းဖြည်းနှင့် ရေအိုးစင်ကလေးတွေပါ ပျောက်ကုန်သည်။ အများက ရေအိုးစင်လှူသည်ကို လိုက်လှူကြခြင်းနှင့် အများက ရေခွက်ကို ဖြောင်ကြသည်ကို လိုက်ဖြောင်ကြခြင်းတွင် မည်သည်က အကောင်း၊ မည်သည်က အဆိုး သိသာပါသည်။ ယင်း ဥပမာက အလွယ်ပေးသော ဥပမာတစ်ခုသာ ဖြစ်ပါသည်။ ဘာပဲပြောပြော အားလုံးကတော့ တစ်သဘောတည်း ဖြစ်ကြပါသည်။ သတိတရားနှင့် အသိတရားသာရှိဖို့ လိုပါသည်။

**အတွဲ (၁)၊ အမှတ် (၄၄)** *7 Day News Journal*

**အများက ရေအိုးစင်လှူသည်ကို လိုက်လှူကြခြင်းနှင့် အများက ရေခွက်ကို ဖြောင်ကြသည်ကို လိုက်ဖြောင်ကြခြင်း တွင် မည်သည်က အကောင်း မည်သည်က အဆိုး သိသာပါသည် ယင်း ဥပမာက အလွယ်ပေးသော ဥပမာတစ်ခုသာ ဖြစ်ပါသည် ဘာပဲပြောပြော အားလုံးကတော့ တစ်သဘောတည်း ဖြစ်ကြပါသည်**

www.burmeseclassic.com



# လောဘကို အသုံးချသူများနှင့် လောဘကြောင့် အသုံးချခံရသူများ

www.burmeseclassic.com

## (၁)

ငယ်ငယ်တုန်းက ရွှေထုပ်ချသည့် ဇာတ်လမ်းကလေးများကို မကြာခဏ ကြားဖူးခဲ့ပါသည်။ ရွှေထုပ်ချသည်ဆိုခြင်းမှာ လမ်းလယ်တွင် ရွှေအတုကို အထုပ်ချကာ လိမ်လည်ခြင်းတစ်မျိုး ဖြစ်ပါသည်။ ရွှေထုပ်ကို တစ်ဦးတစ်ယောက်က ကျကျန်ခဲ့ဟန်ထားကာ ကောက်ယူမည့်လောဘသားကို ရှာသည်။ ကောက်ယူသည့်သူ ပေါ်လာသည့်အခါတွင် အသင့်ချောင်းနေသည့် လူလိမ်က အနားရောက်လာကာ သူလည်း ပြိုင်တူ မြင်လိုက်သလိုပြောပြီး ဝေစုတောင်းသည်။ နောက်ဆုံးတွင် လိမ်သူက ခပ်ပေါပေါကြေးတောင်းကာ တစ်ဖက်သူစိတ်ထဲ အချောင်ရလိုက်သလို ထင်သွားအောင် လုပ်သည်။ တစ်ဖက်သူသည် ဟုန်းခနဲ တောက်လာသည့် လောဘစိတ်ကို ထိန်းမရဘဲ ထိုသူတောင်းသည်ကို ပေးလိုက်ပြီး ရွှေထုပ်ကို ယူသည်။ အိမ်ရောက်၍ နားလည်သည့်သူ တစ်ဦးဦးကို ပြကြည့် သို့မဟုတ် ပန်းထိမ်ဆိုင်တစ်ဆိုင်ဆိုင်မှာ ပြကြည့်သည့်အခါကျမှသာ ရွှေတုမှန်း သိလိုက်ရလေတော့သည်။

**တစ်ဖက်သူသည် ဟုန်းခနဲ တောက်လာသည့် လောဘစိတ်ကို ထိန်းမရဘဲ ထိုသူတောင်းသည်ကို ပေးလိုက်ပြီး ရွှေထုပ်ကို ယူသည် အိမ်ရောက်၍ နားလည်သည့်သူ တစ်ဦးဦးကို ပြကြည့် သို့မဟုတ် ပန်းထိမ်ဆိုင် တစ်ဆိုင်ဆိုင်မှာ ပြကြည့်သည့် အခါကျမှသာ ရွှေတုမှန်း သိလိုက်ရလေ တော့သည်**

## (၂)

တစ်ခါတုန်းက ကြားဖူးသည့် အဖြစ်အပျက်ကလေးတစ်ခုကို ပြန်လည် ဖောက်သည်ချလိုပါသည်။ ယင်းအဖြစ်မှာ ငိုရအခက်၊ ရယ်ရအခက် အဖြစ်မျိုးဟု ဆိုရမည်။ သံထည်ပစ္စည်းအဟောင်းများဝယ်သည့် လူမျိုးခြား လုပ်ငန်းရှင်တစ်ဦးထံ ဂိုက်ဆိုက်ကောင်းကောင်းနှင့် လူတစ်စု ရောက်လာသည်။ သူတို့က သင်္ဘောပိုင်ရှင်များဖြစ်ကြောင်းပြောကာ မြစ်ကမ်းဘေးတွင်ရှိနေသော သင်္ဘောပျက်များကို ရောင်းလိုကြောင်းပြောပြီး မြစ်တစ်နေရာက သင်္ဘောပျက်တစ်စီးကို လက်ညှိုးညွှန်ရောင်းသည်။ ရောင်းသည့်ဈေးက တကယ့်ကို အောက်ဈေး။ သံထည်ဝယ်သူက သူ့စိတ်ထဲ တစ်ဖက်ကလာရောင်းသူများကို နုံနုံအအသူများဟု ထင်လိုက်သည်။ သူ့ကိုယ်တိုင်လည်း ပိုင်ပြီဟုတွက်လိုက်ကာ စရံငွေချေလိုက်ပြီး သင်္ဘောပျက်ကို စဖျက်ကြတော့သည်။ ထိုအခါတွင် သက်ဆိုင်ရာများက ရောက်လာကာ စစ်ဆေးမေးမြန်းတော့မှ သူအလိမ်ခံလိုက်ရမှန်း သိသွားရလေသည်။

www.burmeseclassic.com

(၃)

ဘိုးတော်လိမ်တစ်ဦးအကြောင်း ကြားဖူးကြပေလိမ့်မည်။ သူက ရွှေတွေ၊ ရတနာတွေကို ပွားပေးသူအဖြစ် နာမည်ကြီးသူ ဖြစ်သည်။ လူတွေ က ရွှေလက်စွပ်တစ်ကွင်းပေးလျှင် လေးငါးဆယ်ကွင်းဖြစ်အောင် လုပ်ပေးသည်။ စိန်တစ်လုံးပေးလျှင် စိန်တစ်ထုပ်ဖြစ်အောင် လုပ်ပေးသည် ဟု တစ်ဆင့်စကားကြားကာ လူတွေ အုန်းအုန်းကျွက်ကျွက်နှင့် သူ့အနား မှာ ဖြစ်ကုန်သည်။ လာကြသူများသည် များသောအားဖြင့် ဆင်းရဲလွန်း သဖြင့် ချောင်လည်ကြချင်သူများ မဟုတ်ကြဘဲ ချမ်းသာပြီးသားကို ပို၍ ချမ်းသာချင်ကြသူများ ဖြစ်ကြသည်။ စိန်တစ်လုံးမှ နှစ်လုံး၊ နှစ်လုံးမှ လေးလုံးအထိ လောဘမသတ်နိုင်တော့ဘဲ နောက်ဆုံးတွင် ရှိသမျှ အကုန်ပုံ အောလိုက်သည့်အခါ၌ စိန်တွေ၊ ရွှေတွေ ပွားမလာသည့်အပြင် အရင်း လည်း ပြန်မရ၊ ဘိုးတော်ကိုလည်း ရှာမတွေ့တော့ချေ။

(၄)

ယခုတစ်လောတွင် စာစောင်တချို့၌ အကျိုးတူအပ်ငွေ လုပ်ငန်းလုပ်သော လုပ်ငန်းများ တစ်ခုပြီးတစ်ခု ဖျက်သိမ်းပစ်နေကာ ငွေပြန်မလျော်နိုင်သည့် သတင်းများကို ဖတ်ခဲ့ရသည်။ လွန်ခဲ့သည့် ၃ နှစ်ခန့်က နိုင်ငံခြားသင်္ဘောလိုင်းတစ်လိုင်းတွင် အင်ဂျင်နီယာချုပ်လုပ်နေ သော ကျောင်းနေဖက်သူငယ်ချင်းတစ်ဦး ကျွန်တော့်ထံရောက်လာသည်ကို အမှတ်ရလာသည်။ သူက ထိုစဉ်က နာမည်ကြီးနေသော အကျိုးတူ အပ်ငွေလုပ်ငန်းတစ်ခုတွင် သူစုဆောင်းထားသည့် ငွေစကလေးများကို အပ်ထားကြောင်း၊ အတိုးနှုန်းအလွန်ကောင်းကြောင်း (၇ ရာခိုင်နှုန်းလား၊ ၁၀ ရာခိုင်နှုန်းလား ဆိုသည်ကိုတော့ ကျွန်တော် မမှတ်မိတော့) ကျွန်တော့် ကိုလည်း နိုင်ငံခြားမှရလာသည့် ငွေစကလေးများကို အပ်ဖို့ လာတိုက်တွန်း ခြင်းဖြစ်သည်။ ကျွန်တော်က ကိုယ်ပိုင်စီးပွားရေးလုပ်လျှင်ပင် ၃ ရာခိုင်နှုန်း ကျန်ဖို့ မနည်းကျုံးရုံးလုပ်ရသည့်သဘောရှိရာ ယင်းအတိုးနှုန်းသည် ကြောက်စရာကောင်းကြောင်း၊ သိပ်မကြာသေးမီကပဲ ယင်းကဲ့သို့သော လုပ်ငန်းတစ်ခု ပျက်သွားသဖြင့် လူတွေ အတော်ဒုက္ခရောက်ကြသည့် သင်ခန်းစာရှိထားကြောင်း ပြောပြီး သူ့အကြံကို ငြင်းလိုက်သည်။ ထိုစဉ်က သူအပ်ငွေထည့်ထားသော အဆိုပါလုပ်ငန်းသည် မနေ့တနေ့ကကပင် ပျက်

ဆင်းရဲလွန်းသဖြင့် ချောင်လည်ကြချင် သူများမဟုတ်ကြဘဲ ချမ်းသာပြီးသားကို ပို၍ ချမ်းသာချင်ကြ သူများဖြစ်ကြသည် စိန်တစ်လုံးမှ နှစ်လုံး၊ နှစ်လုံးမှ လေးလုံးအထိ လောဘ မသတ်နိုင်တော့ဘဲ နောက်ဆုံးတွင် ရှိသမျှအကုန်ပုံအော လိုက်သည့်အခါ၌ စိန်တွေ၊ ရွှေတွေ ပွားမလာသည့်အပြင် အရင်းလည်းပြန်မရ ဘိုးတော်ကိုလည်း ရှာမတွေ့တော့ချေ

www.burmeseclassic.com

သွားပြီ ဖြစ်သည်။ မရှိမဲ့ရှိမဲ့အပ်ထားသူများ ငိုကြွေးကြသည်ဟုလည်း ကြားရသည်။ သူ့ငွေတွေရော ဘယ်လို ရှိမည်လဲ။

**(၅)**

အဆိုပါ ဖြစ်ရပ်မှန် ဇာတ်လမ်းကလေးများတွင် ဖြစ်ပေါ်ခဲ့သော ကာလနောက်ခံတွေက ကွဲပြားသော်လည်း တူညီသည့်အချက်တစ်ချက်ကို တော့ တွေ့ရပါသည်။ ယင်းကား အခြားမဟုတ်ပါ။ လူတွေ၏ လောဘ ဇောတက်မှု အားနည်းချက်များကို မိမိရရအသုံးချသွားခြင်းပဲ ဖြစ်ပါသည်။ ပုထုဇဉ်လူသားများသည် လောဘနှင့် ကင်းနိုင်သူဟူ၍ မရှိပါ။ လောဘကို အမှောင်နှင့် ခိုင်းနှိုင်းကြပါသည်။ လောဘအမိုက်မှောင်ဟုလည်း တင်စား ပြောကြပါသည်။ လောဘ အလွန်အမင်းတက်လာသောအခါ အမှန်အမှား ခွဲခြားမသိနိုင်တော့။ အလင်းကိုမမြင်တော့။ တစ်ကျပ်ရင်းပြီး ပုံမှန်တစ်ကျပ် မြတ်သူသည် တစ်ရာလောက်မြတ်မည်ဟူသော မက်လုံးဝင်လာသည့်အခါ တွင် အသိဉာဏ်မဲ့သူ ဖြစ်သွားတော့သည်။ ဆင်ခြင်တုံတရား ကင်းသွား သည်။ သူများကို ဖျံကျခဲ့သူကိုပင် အေးအေးဆေးဆေး လိမ်လည်လာနိုင် သည်။

**(၆)**

မည်သည့်ခေတ်ကိုပဲ ဖြတ်သန်း၊ ဖြတ်သန်း လူတွေ၏ မတော် လောဘအပေါ် အမြတ်ထုတ်လိမ်လည်မှုများက ပပျောက်သွားမည် မထင်ပါ။ လူတွေ ရှိနေသမျှ၊ လောဘ၏ သားကောင်တွေ ရှိနေသမျှ သည်လိုအဖြစ်မျိုးတွေ ရှိနေဦးမည်သာ ဖြစ်ပါသည်။ တစ်ခုပဲ ကွဲပြားနိုင် သည်။ ဇာတ်လမ်းကလေးတွေကတော့ ဇာတ်လမ်းဟောင်းများနှင့် တူမည် မဟုတ်ဘဲ မူကွဲကလေးတွေ ဖြစ်ပါလိမ့်မည်။ တစ်ခါအလိမ်ခံရလျှင် လိမ်သူ အပြစ်၊ နှစ်ခါအလိမ်ခံရလျှင်လည်း လိမ်သူအပြစ်ဟု ပြောနိုင်သေးသည်။ ခဏခဏ အလိမ်ခံရလျှင်တော့ လိမ်သူအပြစ်မဟုတ်တော့ဘဲ အလိမ်ခံရသူ အပြစ်ဟု ပြောရမလို ဖြစ်လိမ့်မည်။ ရင်ထဲတွင် ဟုန်းခနဲ တောက်လာ သော မတော်လောဘဇောကို သတိဟူသော ရေအေးနှင့် ငြိမ်းသတ်ဖို့ လိုပါသည်။ ဖြစ်သင့်ဖြစ်ထိုက်သည်ထက် မပိုသော လိုချင်ခြင်းကိုသာ မွေးမြူကြရင်း လောဘကို အသုံးချသူများ၏ အန္တရာယ်မှ ရှောင်ရှားသင့် သည်ဟု ဆိုချင်ပါသည်။

**တစ်ခါအလိမ်ခံရလျှင် လိမ်သူအပြစ် နှစ်ခါအလိမ်ခံရလျှင်လည်း လိမ်သူအပြစ်ဟု ပြောနိုင်သေးသည် ခဏခဏ အလိမ်ခံရလျှင်တော့ လိမ်သူအပြစ် မဟုတ်တော့ဘဲ အလိမ်ခံရသူ အပြစ်ဟု ပြောရမလို ဖြစ်လိမ့်မည် ရင်ထဲတွင် ဟုန်းခနဲ တောက်လာသော မတော်လောဘဇောကို သတိဟူသော ရေအေးနှင့် ငြိမ်းသတ်ဖို့ လိုပါသည်**

**အတွဲ (၁)၊ အမှတ် (၄၅)** *7 Day News Journal*

# ငန်းကို ပိုက်ခဲ့ကြသူများ



www.burmeseclassic.com

(၁)

ပုံပြင်ထဲကလို သူသည် ကုန်ကြမ်း အမြောက်အမြား ရယူပြီးနောက် ငွေလည်းပြန်မချေ ထိုနိုင်ငံခြား ကုမ္ပဏီကိုလည်း အဆက်အသွယ် ဖြတ်လိုက်သည် ထိုကုမ္ပဏီက သူ့ကို စာရင်းမည်း သွင်းလိုက်သည်

တစ်လောက စီးပွားရေးလုပ်ငန်းတစ်ခုကို ဦးစီးနေသော သူငယ်ချင်းတစ်ယောက်နှင့် တွေ့သည်။ သူသည် နောက်မြန်မာလုပ်ငန်းရှင်တစ်ဦး၊ စင်ကာပူနိုင်ငံသားတစ်ဦးတို့နှင့် လုပ်ငန်းတစ်ခုကို အကျိုးတူလုပ်နေသည်။ ကျွန်တော်က သူ့လုပ်ငန်းအကြောင်းမေးမိရာ သူက ပြောမပြောချင်ပါဘူး အစချီကာ ဇာတ်ကြောင်းအကုန်အစင်ကို ရှင်းပြသည်။ သူ့စီးပွားဖက် မြန်မာလုပ်ငန်းရှင်သည် ရင်းနှီးမြှုပ်နှံမှုတစ်ခုအနေဖြင့် ဝယ်ထားသောမြေကွက်ကို အပိုင်စီးလိုက်ကြောင်း၊ မြေကွက်ကို ဝယ်စဉ်က အကြောင်းအမျိုးမျိုးကြောင့် ထိုသူ၏ နာမည်ကို ယုံယုံကြည်ကြည်နှင့် သုံးလိုက်ကြောင်း၊ ယခုမူ ထိုသူက ယင်းကို အပိုင်ကိုင်ကာ အပွကြဲသွားကြောင်း စသဖြင့် ပြောသည်။ နိုင်ငံခြားသားက ယင်းကိစ္စကို အကြီးအကျယ် စိတ်ဆိုးနေသည်ဟုလည်း သူက ဆက်လက် ပြောပြသည်။

(၂)

ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်နေသူတစ်ဦးသည် အိမ်နီးချင်းနိုင်ငံတစ်ခုမှ ကုန်ကြမ်းရောင်းသော ကုမ္ပဏီတစ်ခုနှင့် ချိတ်ဆက်ကာ ပစ္စည်းများသွင်းသည်။ နောက်ပိုင်းတွင် နိုင်ငံခြားကုမ္ပဏီက သူ့ကို ယုံကြည်ကာ အကြွေးပေးသည်။ ပစ္စည်းကြိုယူ၊ ရောင်းပြီးမှ ငွေချေ။ မည်မျှကောင်းလိုက်ပါသနည်း။ သို့ရာတွင် ငန်း၏ ဝမ်းဗိုက်ကိုခွဲကာ ရွှေဥများရယူလိုသည့် ပုံပြင်ထဲကလို သူသည် ကုန်ကြမ်းအမြောက်အမြား ရယူပြီးနောက် ငွေလည်းပြန်မချေ၊ ထိုနိုင်ငံခြားကုမ္ပဏီကိုလည်း အဆက်အသွယ်ဖြတ်လိုက်သည်။ ထိုကုမ္ပဏီက သူ့ကို စာရင်းမည်းသွင်းလိုက်သည်။ သူကတော့ ဘာမျှမဖြစ်သလိုပင် မျက်နှာပြောင်တိုက်ကာ အနေမပျက် အစားမပျက်ဟု သိရသည်။

(၃)

ဂျပန်တွင် အလုပ်လုပ်နေသော သူငယ်ချင်းတစ်ဦး၏ အကြောင်းကို ဆက်စပ်ပြောချင်လာသည်။ သူနှင့် ကျွန်တော်သည် နိုင်ငံရပ်ခြားတွင် အလုပ်ဗီဇာဖြင့် တစ်ချိန်တည်းလိုလို အလုပ်လုပ်ခဲ့ကြဖူးသည်။ ထို့နောက် သူသည် ဂျပန်တွင် ဘွဲ့လွန်သင်တန်းတက်ခွင့်ရသဖြင့် အလုပ်ကထွက်လိုက်ကာ ဂျပန်ရောက်သွားသည်။ ကျွန်တော်နှင့် သူသည်

www.burmeseclassic.com

လူချင်းမတွေ့ကြရသော်လည်း သူ့ အကြောင်းတွေကိုတော့ ကျွန်တော် အမြဲလိုလို ပြန်ကြားနေရသည်။ သူ အလုပ်ကြိုးစားသည့်အကြောင်း၊ ဂျပန်စစ်ပြန်ကြီးတစ်ဦးက သူ့ကို စောင့်ရှောက်ထားကြောင်းတွေကို ကြားရသည်။ ထို့နောက် သူသည် ထိုစစ်ပြန်အဘိုးကြီး၏ လုပ်ငန်းတွင် ဦးစီးလုပ်ကိုင်သူ ဖြစ်သွားပြီဆိုသော သတင်းကိုကြားရပြီး အဆက်အသွယ်ပြတ်သွားသည်။ မကြာသေးခင်က သူ ရန်ကုန်ကို လာသည်။ သူနှင့်အတူ သူ့ကျေးဇူးရှင် စစ်ပြန်အဘိုးကြီးလည်း ပါလာသည်။ ကျွန်တော့်ထံ လာတွေ့ရာ အဘိုးကြီးကို သူက သူ့ဘော့စ်ဆိုပြီး မိတ်ဆက်ပေးသည်။ အဘိုးကြီးက 'ဟာ မဟုတ်ဘူး...။ ဘော့စ်အစစ်က မင်းသူငယ်ချင်း၊ ကျုပ်က အိုပြီ။ လုပ်ငန်းကို သူပဲ လုပ်နေတာ။ ကျုပ်ဘာမှ သိတော့တာမဟုတ်ဘူး' ဟု ရယ်ရယ်မောမောနှင့် ကပျာကယာ ရှင်းပြသည်။

(၄)

ညစာစားပွဲတစ်ပွဲတွင် မြန်မာလုပ်ငန်းရှင်ကြီးတစ်ဦးနှင့် ဆုံရသည်။ သူက ကျွန်တော့်ကို သူ့ဘေးနားတွင် ထိုင်နေသော နိုင်ငံခြားသားတစ်ဦးနှင့် မိတ်ဆက်ပေးသည်။ မိတ်ဆက်ပေးမှပင် ထိုသူသည် နိုင်ငံတကာ စီးပွားရေးလုပ်ငန်းအသိုင်းအဝန်းတွင် နာမည်ကောင်းဖြင့် ထင်ရှားနေသူတစ်ဦးမှန်း သိလိုက်ရသည်။ ကျွန်တော်တို့သည် စီးပွားရေးလုပ်ငန်းများအကြောင်း ပြောကြဆိုကြရင်း လုပ်ငန်းအတူတွဲလုပ်သော ပါတနာရှစ်များအကြောင်း ပြောဖြစ်ကြသည်။ နိုင်ငံခြားသားကြီးက မြန်မာလုပ်ငန်းရှင်ကြီးကို မေးငေါ့ပြကာ သူနဲ့ကျွန်တော် လုပ်ငန်းလုပ်တာ ဘယ်လောက်ကြာပြီလို့ ထင်သလဲဟု ကျွန်တော့်ကို မေးသည်။ ကျွန်တော်က စိတ်ထင်သည်ထက် ပိုပိုသာသာ ဆယ်နှစ်လောက်ဟုဖြေရာ သူက ရယ်သည်။ ပြီးနောက် 'အနှစ် ၄၀ ရှိပြီဗျ။ သူ့လို သစ္စာရှိတဲ့ပါတနာ ကျွန်တော် ရှာတွေ့မယ် မထင်ဘူး။ ဘဝပါတနာ ဆိုတာမျိုးဗျ' ဟု လေးလေးနက်နက် ပြောလေသည်။

**နိုင်ငံခြားသားကြီးက မြန်မာလုပ်ငန်းရှင်ကြီးကို မေးငေါ့ပြကာ သူနဲ့ ကျွန်တော် လုပ်ငန်းလုပ်တာ ဘယ်လောက် ကြာပြီလို့ ထင်သလဲဟု ကျွန်တော့်ကို မေးသည် ကျွန်တော်က စိတ်ထင်သည်ထက် ပိုပိုသာသာ ဆယ်နှစ်လောက်ဟု ဖြေရာ သူက ရယ်သည် ပြီးနောက် 'အနှစ် ၄၀ ရှိပြီဗျ၊ သူ့လို သစ္စာရှိတဲ့ပါတနာ ကျွန်တော် ရှာတွေ့မယ် မထင်ဘူး ဘဝပါတနာ ဆိုတာမျိုးဗျ' ဟု လေးလေးနက်နက် ပြောလေသည်**

(၅)

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် ယခုခေတ်သည် နိုင်ငံတကာထိချဲ့ထွင်ပြီး နိုင်ငံခြားသားများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်နေရသည့်ခေတ် ဖြစ်ပါသည်။ စီးပွားရေးလုပ်ရာတွင် ဖုံကျနိုင်မှ စီးပွားရေးသမားကောင်းဟု တစ်လွဲအယူရှိသူများသည် ပြင်ပမှဆက်ဆံနေရသည့်

www.burmeseclassic.com

ဖောက်သည်များ၊ ပြိုင်ဘက်လုပ်ငန်းများအပေါ် ဖျံ့ကျပြီးသည့်အခါတွင် ရောင့်ရဲတင်းတိမ်မနေနိုင်ကြတော့ဘဲ လုပ်ဖော်ကိုင်ဖက် စီးပွားဖက်များ အပေါ်ပါ ဖျံ့ကျလာတတ်ကြသည်။ မြန်မာလုပ်ငန်းရှင်တချို့က လုပ်ဖော်ကိုင်ဖက် နိုင်ငံခြားလုပ်ငန်းရှင်များအပေါ် အပွကြံကြသည့် ဇာတ်လမ်းတော်တော်များများကို ကြားဖူးကြပါလိမ့်မည်။ နိုင်ငံခြားသားများက ဖျံ့ကျသွားသည့် ဇာတ်လမ်းတွေလည်း မရှိမဟုတ်၊ ရှိပါသည်။ ကျွန်တော်က သူများကို မပြောချင်ပါ။ ကိုယ့်ပေါင်သာ ကိုယ်လှန်ထောင်းလိုပါသည်။ သူတို့ဖျံ့ကျတိုင်း ကိုယ်က လိုက်ဖျံ့ကျမည်လား။ သူတို့ အပွကြံတိုင်း ကိုယ်က လိုက်ကြံမည်လား။ ဘယ်သူ တရားပျက်ပျက် ကိုယ်မပျက်စေနှင့် ဆိုသော ဆိုရိုးစကားကို လက်ကိုင်ပြုကြစေလိုပါသည်။

**နိုင်ငံရပ်ခြားက သူများနှင့် ပေါင်းသင်း ဆက်ဆံရာတွင် မိမိတစ်ဦးတည်း၏ တစ်ကိုယ်ရေ လုပ်ရပ်သည် မြန်မာအများကို ကိုယ်စားပြု ထင်ဟပ်တတ်သည် ဟူသော သဘာဝတရားကို နားလည်ထားဖို့ လိုပါသည် မိမိသည် ဦးဘယ်သူ ဒေါ်ဘယ်သူဆိုသည့် တစ်သီးပုဂ္ဂလ မဟုတ်တော့ မြန်မာဆိုသည့် လူမျိုးကို ကိုယ်စားပြုသွားပြီ ဖြစ်သည်**

**(၆)**

သစ္စာရှိသော မြန်မာပါတနာတစ်ဦးနှင့်အတူ လက်တွဲလုပ်ကိုင်ခဲ့ဖူးသော နိုင်ငံခြားသားတစ်ဦးသည် ထိုသူတစ်ဦးတစ်ယောက်တည်းကို သစ္စာရှိသည်ဟုမပြောဘဲ မင်းတို့မြန်မာတွေ သစ္စာရှိတယ်ဟု ချီးမွမ်းတတ်ကြပါသည်။ အလုပ်ကြိုးစားလုပ်သော မြန်မာတစ်ဦးနှင့် ဆုံဖူးရုံမျှနှင့်ပင် ခင်ဗျားတို့ မြန်မာတွေ အလုပ်သိပ်ကြိုးစားတယ်ဟု လေးစားတတ်ကြပါသည်။ ထို့အပြင် သစ္စာမဲ့သော မြန်မာပါတနာတစ်ဦးနှင့် ဆုံခဲ့ရပါကလည်း မြန်မာတွေ သစ္စာမရှိဘူးဟု ဝါးလုံးရှည်နှင့် ရမ်းတတ်ကြပါသည်။ အပျင်းထူသော မြန်မာတစ်ဦးနှင့် အလုပ်အတူလုပ်ခဲ့ရုံမျှနှင့်လည်း မင်းတို့မြန်မာတွေ သိပ်ပျင်းတယ်ဟု အားလုံးကို သိမ်းကျုံးပြောတတ်ပါသည်။ ထို့ကြောင့် နိုင်ငံရပ်ခြားကသူများနှင့် ပေါင်းသင်းဆက်ဆံရာတွင် မိမိတစ်ဦးတည်း၏ တစ်ကိုယ်ရေလုပ်ရပ်သည် မြန်မာအများကို ကိုယ်စားပြု ထင်ဟပ်တတ်သည်ဟူသော သဘာဝတရားကို နားလည်ထားဖို့ လိုပါသည်။ မိမိသည် ဦးဘယ်သူ၊ ဒေါ်ဘယ်သူဆိုသည့် တစ်သီးပုဂ္ဂလမဟုတ်တော့။ မြန်မာဆိုသည့် လူမျိုးကို ကိုယ်စားပြုသွားပြီ ဖြစ်သည်။ သိက္ခာရှိသော အပြောအဆို အမူအကျင့်နှင့် မှတ်ကျောက်တင်လောက်သည့် စာရိတ္တကောင်းတို့ကို ပြသပြီး ဒါ...မြန်မာဆိုပြီး ဝံ့သေသပြုနိုင်သည့် မြန်မာ့လုပ်ငန်းရှင်ကြီးများ အများအပြား ပေါ်ထွန်းလာနိုင်မည်ဟု မျှော်လင့်ပါသည်။

**အတွဲ (၁)၊ အမှတ် (၄၆)** *7 Day News Journal*

www.burmeseclassic.com

# စီးပွားသန့်သန့် လိပ်ပြာသန့်သန့်



www.burmeseclassic.com

## (၁)

ပြီးခဲ့သည့် အပတ်ကဖြစ်သည်။ ကျွန်တော့်ညီမနေသော တိုက်တွင် သူ့အခန်း ရေမတက်သဖြင့် ရေစက်ပြင်ဆရာ ခေါ်ရသည်။ ရေပန့်ပြင်သူက လူငယ်တစ်ဦးဖြစ်ပြီး သူတို့တိုက်နှင့် သိပ်မဝေးလှသော နေရာတွင် တိုက်ခန်းလှေကားဘေး အဖီကလေးထိုးကာ လုပ်ငန်းလုပ်ကိုင် နေသူဖြစ်သည်။ သူလာပြင်သဖြင့် ကောင်းသွားသော်လည်း ဘေးအခန်း တွေက ရေပန့်တွေ တစ်ခုပြီးတစ်ခု ရေတင်မရ ဖြစ်ကုန်သည်။ ထို့ကြောင့် ထိုဘေးခန်းတွေကလည်း သူ့ကိုခေါ်ရပြန်သည်။ သို့ရာတွင် ရေတင်မရ သည့်ပြဿနာက ပြီးမသွားဘဲ အခန်းတွေက အလှည့်ကျလို ဖြေရှင်းနေရ သည်။ နောက်ဆုံးတွင် အခန်းပိုင်ရှင်တစ်ဦးက သူနှင့် ရင်းနှီးသော တခြားရေပန့်ပြင်သူ လူငယ်တစ်ဦးကို ထပ်ခေါ်ပြရသည်။ ထိုလူငယ် ကလေးက လှေကားခြေရင်းရှိ ရေပန့်များထားသော အခန်းသို့ရောက်လာ ပြီး ရေပန့်တွေကိုစစ်ကြည့်လိုက်သည်။ ထို့နောက် ပြုံးသည်။ ရေပန့်တွေ အားလုံးက ပိုက်အဆက်တွေချောင်ပြီး လေခိုနေခြင်းသာဖြစ်သည်။ ပိုက် ကိုပြန်ကျပ်လိုက်ပြီး ရေချူလိုက်ရုံနှင့် ရေကဝေါခနဲတက်သွားသည်။ ရှေ့ကပြင်သွားသော လူငယ်သည် ရေပန့်တစ်ခုကို ပြင်လိုက်၊ နောက် ရေပန့်တစ်ခုကပိုက်ကို ချောင်သွားလိုက်လုပ်ကာ တစ်တိုက်လုံးကို လှည့်ပတ်လုပ်စားသွားခြင်း ဖြစ်သည်။

## (၂)

ရန်ကုန်တွင် သုံးဘီးတွေနာမည်ဆိုးနှင့် ကျော်ကြားခဲ့စဉ်က ဖြစ်ရပ်တစ်ခုကို ပြန်သတိရလာသည်။ ရန်ကုန်ရှိ ဆွေမျိုးများရှိရာသို့ မြစ်ဝကျွန်းပေါ်ဖက်က လူကြီးတစ်ဦးသည် သင်္ဘောဖြင့် အလည်လာခဲ့ သည်။ သင်္ဘောက စဉ့်အိုးတန်းဆိပ်တွင်ဆိုက်သည်။ သူ့ဆွေမျိုးများက လမ်းမတော် ၁၆ လမ်းတွင် နေသည်။ သူက သင်္ဘောဆိပ်မှ ဆင်းဆင်း ချင်း သုံးဘီးတစ်စီးကိုတားသည်။ ၁၆ လမ်းသွားမည်ဟု ပြောသည်။ စဉ့်အိုးတန်းနှင့် ၁၆ လမ်းသည် လမ်းလျှောက်သွားရုံ အကွာအဝေးမျှသာ ဝေးသည်။ သုံးဘီးဆရာက သူ့ပုံကိုကြည့်ပြီး မလည်မဝယ်မှန်း သိသွား သည်။ ထို့ကြောင့် ရန်ကုန်မြို့ကို တစ်ပတ်လောက်ပတ်ပြီး ခရီးဝေးသည်

www.burmeseclassic.com

ထင်ရအောင်လုပ်ကာ နောက်ဆုံးမှ ၁၆ လမ်းကို ပို့သည်။ ထိုစဉ်က သုံးဘီးများသည် မီတာချိုးမောင်းကြသည်ဖြစ်ရာ သူ့ခေတ်ကငွေနှင့် ဆိုလျှင် ထိုလူကြီး တော်တော်ပေးလိုက်ရသည်။ နောက်ပိုင်း ရန်ကုန်ရည် လည်လာမှ သူ့ကို လှီးသွားမှန်းသိလိုက်ရသည်ဟု ဆိုသည်။

## (၃)

၁၉၈၀ စောစောပိုင်းကာလများက ဖြစ်ပါသည်။ ရန်ကုန်မြို့ ဆူးလေဘုရားလမ်း ဂုဏ်ရုပ်ရှင်ရုံ (ယခုကုန်သည်ကြီးများဟိုတယ်) အနား က လမ်းဘေးဈေးသည်များသည် ကြောက်စရာကောင်းအောင် နာမည် ဆိုးခဲ့ကြသည်။ သူတို့က ပလက်ဖောင်းပေါ်မှာ ပစ္စည်းအစုံရောင်းသည်။ အုပ်လိုက်သင်းလိုက် ဂိုဏ်းပုံစံဖွဲ့ကာ ရောင်းကြခြင်းဖြစ်သည်။ သူတို့ထဲက ဆိုင်တစ်ဆိုင်မှာ ပစ္စည်းကို ကောက်ကိုင်ကြည့်လိုက်ပြီးပါက ပြန်ချဖို့ မလွယ်လှ။ သူတို့က ကြိုက်သလိုဈေးဆစ်ပါဟု ပြောကြမည်။ ဈေး ကလည်း သူတို့ခေါ်ချင်သလို ခေါ်ထားရာ တကယ့်တန်ဖိုးကိုပင် သိရန် ခက်သည်။ ဝယ်သူက ဈေးဆစ်ပြီးသည်နှင့် အကြောင်းအမျိုးမျိုးကြောင့် မဝယ်ဖြစ်တော့လျှင် ဘေးနားက သူ့လူတွေ ဝိုင်းအုံလာသည်။ ခင်ဗျား ဆစ်တဲ့ဈေးနဲ့ ကျွန်တော် ပေးပြီးပြီ။ လှည့်ထွက်သွားလို့မရဘူး ကိုယ့်လူ ဘာညာစသဖြင့် လူမိုက်စကားပြောကြသည်။ ဝိုင်းတွယ်တော့မည့်ပုံ ခြိမ်းခြောက်ကြသည်။ နောက်ဆုံးတွင် ဈေးဝယ်သူမှာ မတတ်သာဘဲ ဝယ်လိုက်ရလေတော့သည်။

ဝယ်သူက ဈေးဆစ်ပြီးသည်နှင့် အကြောင်း အမျိုးမျိုးကြောင့် မဝယ်ဖြစ်တော့လျှင် ဘေးနားက သူ့လူတွေ ဝိုင်းအုံလာသည် ခင်ဗျားဆစ်တဲ့ဈေးနဲ့ ကျွန်တော် ပေးပြီးပြီ လှည့်ထွက်သွားလို့ မရဘူး ကိုယ့်လူ ဘာညာစသဖြင့် လူမိုက်စကား ပြောကြသည်

## (၄)

ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုကို ကြီးကြပ်ခဲ့ရစဉ်က ဖြစ်ပါ သည်။ နိုင်ငံခြားအင်ဂျင်နီယာကုမ္ပဏီတစ်ခုသည် ဗဟိုလေအေးပေးစနစ် ကို တပ်ဆင်သည့်ကန်ထရိုက်ရသည်။ ဗဟိုလေပေးစံနစ်တွင် လေများ ပို့လွှတ်ရန် သွပ်ပြားပုံးရှည်ကြီးများကို တပ်ဆင်ရသည်။ ထိုပုံးရှည်ကြီးများ အပေါ်က အပူများမကူးရန် အင်ဆူလေတာဟုခေါ်သော အပူကာပစ္စည်း များ ပတ်ရသည်။ ကျွန်တော် စစ်ဆေးဖို့လာတိုင်း သူတို့က အပူကာများ တပ်ပြီးဖြစ်နေသည်။ တစ်ရက်မှာ ကျွန်တော် မသင်္ကာသဖြင့် အပူကာများ ကို ပြန်ခွာခိုင်းလိုက်သည်။ ထို့နောက် သွပ်ပြား၏အထူအပါးကို တိုင်း ကြည့်ရာ သတ်မှတ်ထားသော အထူအတိုင်းမသုံးဘဲ နှစ်ဆင့်ခန့် နိမ့်သော အထူကို သုံးထားကြောင်း တွေ့လိုက်ရလေသည်။ သူတို့ကိုဌားကတည်း

www.burmeseclassic.com

BURMESE CLASSIC .com

က သုံးရမည့်ပစ္စည်းများ၏ အရည်အသွေးစံကို သတ်မှတ်ပေးပြီး ဖြစ်သည်။ ယင်းစံနှင့်ကိုက်ညီသည့် ငွေပမာဏကိုလည်း သဘောတူပြီး ဖြစ်သည်။ ထို့ကြောင့် ကျွန်တော်က အားလုံးကိုပယ်လိုက်ကာ အသစ် ပြန်လုပ်ခိုင်းသည်။ ပိုင်ရှင်တွေက မကျေမနပ်မျက်နှာဖြင့် ကြည့်သည်။

**(၅)**

စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ကြရာတွင် ညစ်တီးညစ်ပတ် လုပ်ကြခြင်းကို အင်္ဂလိပ်လို *Dirty Business* ဟု သုံးကြပါသည်။ မြန်မာနှင့် တော်တော်ကလေး နီးစပ်ပါသည်။ လုပ်ငန်းကြီးပဲလုပ်လုပ်၊ လုပ်ငန်းငယ်ပဲထောင်ထောင် စီးပွားကို သန့်သန့်ရှင်းရှင်းမရှာတဲ ညစ်တီး ညစ်ပတ်စိတ်ကလေး အရင်းခံနှင့် လုပ်နေကြသူများ ရှိနေခဲဖြစ်ပါသည်။ တချို့က ပြောင်ကျကျညစ်ပတ်သည်။ တချို့က ကွယ်ကွယ်ဝှက်ဝှက် ညစ်ပတ်ကြသည်။ ပြောင်ပဲလုပ်လုပ်၊ မခုတ်တတ်သည့် ကြောင်ဟန်ပဲ ဆောင်ဆောင် နောက်ဆုံးတွင် လူသတင်းလူချင်းဆောင် ဆိုသည့်အတိုင်း သူတို့၏ ညစ်စုတ်သည့်လုပ်ရပ်များက စားသုံးသူများအကြားတွင် ဘူးပေါ် သလို ပေါ်ကုန်ကြစမြဲ ဖြစ်ပါသည်။


**(၆)**

ဘာကြောင့် သည်လိုညစ်ပတ်သည့်အလုပ် လုပ်ကြသနည်း ဟု စဉ်းစားကြည့်မိသည့်အခါတွင် ကိုယ်ချင်းမစာတတ်ကြသောကြောင့် ဆိုသော အဖြေကို ဘွားခနဲ သွားတွေ့ပါသည်။ ကိုယ်ချင်းမစာတတ်ကြ ခြင်းမှာ လူတိုင်းသည် စားသုံးသူဖြစ်သည်၊ သူတို့ကိုယ်တိုင်ပင် တစ်ကြိမ်နှင့် အကြိမ်ပေါင်းများစွာ စားသုံးသူဖြစ်နေကြရသည်ဆိုသည့် အချက်ကို မေ့နေကြသောကြောင့် ဖြစ်သည်။ ရေသန့်ဘူးရောင်းသူသည် အအေး ဝယ်သောက်သောအခါ စားသုံးသူဖြစ်သွားသည်။ ကွမ်းယာရောင်းသူ သည် ကွမ်းရွက်သည်၏ စားသုံးသူဖြစ်သည်။ လက်ဖက်ရည်ရောင်းသူ သည် လက်ဖက်ခြောက်ဝယ်သောအခါ စားသုံးသူဖြစ်သွားသည်။ ကိုယ်ကညစ်ပတ်တော့ ကောင်းသည်။ ကိုယ့်ကို ပြန်ညစ်ပတ်တော့ မကျေနပ်ချင်ကြသည်မှာ လူ့သဘာဝဖြစ်ပါသည်။ ကိုယ်ချင်းစာတရား လက်ကိုင်ထားကာ သန့်ရှင်းသော စီးပွားရေးလုပ်ငန်း လုပ်ကိုင်ကြသူများ ဖြစ်ကြမည် ဆိုပါက ကုသိုလ်လည်းရ၊ ဝမ်းလည်းဝကြပါလိမ့်မည်။

**အတွဲ (၂)၊ အမှတ် (၂)** *7 Day News Journal*

**ကိုယ်ချင်းမစာတတ် ကြခြင်းမှာ လူတိုင်းသည် စားသုံးသူဖြစ်သည် သူတို့ကိုယ်တိုင်ပင် တစ်ကြိမ်နှင့် အကြိမ်ပေါင်းများစွာ စားသုံးသူ ဖြစ်နေကြရသည် ဆိုသည့်အချက်ကို မေ့နေကြသောကြောင့် ဖြစ်သည် ရေသန့်ဘူး ရောင်းသူသည် အအေး ဝယ်သောက်သောအခါ စားသုံးသူ ဖြစ်သွားသည်**

www.burmeseclassic.com



# ပြန်လည်းပြောပါ နားလည်းထောင်ပါ

www.burmeseclassic.com

## (၁)

ကျွန်တော်ငယ်ငယ်တုန်းက မှတ်မှတ်ရရရှိခဲ့ဖူးသည့် ဖြစ်ရပ်များစွာရှိသည့်အထဲတွင် ဦးမောင်ဆိုသည့် လူကြီးတစ်ဦးနှင့် ပတ်သက်သည့် အဖြစ်များလည်း ချန်ထားရမည်မထင်ပါ။ ဦးမောင်သည် စကားအလွန်နည်းသူတစ်ဦးဖြစ်ပြီး ကျွန်တော်တို့နှင့် ရပ်ဆွေရပ်မျိုးလို ရင်းသည်။ သူ့ကို တစ်ခုခုခိုင်းလိုက်လျှင် လုပ်မည်ဟုလည်းမပြော၊ မလုပ်ဘူးဟုလည်းမငြင်း။ မသိလျှင်လည်းမမေး။ မရှင်းလင်းလျှင်လည်း ရှင်းလင်းအောင်မလုပ်။ ပြီးတော့မှ သူလုပ်ချင်သလို လုပ်သည်။ လုပ်တတ်သလို လုပ်သည်။ လုပ်ချင်မှလည်း လုပ်လေသည်။ အမေက သူနှင့်ပတ်သက်၍ မှတ်ချက်တစ်ခုအမြဲပေးသည်။ 'ငမောင်ကလေ။ အမြဲတမ်း သည်လိုချည်းပဲ။ **ပြန်မပြော၊နားမထောင်** လူစားဆိုတာ ဒါမျိုးပေါ့' ဟုလေသည်။

## (၂)

ကိုတင်ငွေဆိုသောသူ တစ်ယောက်အကြောင်း ပြောချင်လာသည်။ သူသည် ဂျစ်တိဂျစ်ကန်လူစားမျိုး ဖြစ်သည်။ ဘုဂလန့်လည်း အလွန်တိုက်သည်။ ရပ်ကွက်တစ်ခုလုံးက သူ့ဆိုလျှင် ရှုံ့ကြသည်။ ဝေးဝေးက ရှောင်ကြသည်။ ပြောဆိုတိုင်ပင်စရာ မည်သည့်ကိစ္စပင်မဆို သူ့ဆီရောက်လျှင် ပျက်ဖို့များသည်။ သူသည် ဘာပဲတင်ပြပြ၊ ဘာပဲပြောပြော ပြန်လှန်ပြောဆိုတတ်သည်။ ပြောဆိုတိုင်းလည်း တစ်ခုမျှ အကောင်းသဘော မပါဝင်။ သူ့ကို စည်းရုံးလို့လည်းမရ။ ဖျောင်းဖျလို့လည်းမရ။ ခင်ဗျားတို့လုပ်တာ ဖြစ်မှာမဟုတ်ပါဘူးဗျာ။ သူတို့လုပ်တာစောင့်ကြည့်နေ၊ ဘယ်တော့ဒုက္ခတွေ့မလဲဆိုတာ စသည့်စကားများသည် သူ၏လက်သုံးစကားများဖြစ်သည်။ "မောင်တင်ငွေရယ် ဘယ်လိုဘယ်ညာ" စသဖြင့် သူ့ထက် ဝါကြီးအသက်ကြီးသောသူများက ကောင်းရာညွှန်လတ်သော်လည်း သူသည် ဂရုမစိုက်ချေ။ သူသည် ပြန်တော့ပြောသည်။ သို့သော် နားမထောင်ဆိုသည့် လူစားမျိုးသာ ဖြစ်လေသည်။

**သူသည် ဘာပဲတင်ပြပြ ဘာပဲပြောပြော ပြန်လှန် ပြောဆိုတတ်သည် ပြောဆိုတိုင်းလည်း တစ်ခုမျှ အကောင်းသဘော မပါဝင် သူ့ကို စည်းရုံးလို့လည်းမရ**

## (၃)

အန်တီသင်းဆိုသော အပျိုကြီးမမတစ်ဦးကို ဆက်စပ် သတိရ

www.burmeseclassic.com

လာသည်။ သူကတော့ နောက်တစ်မူကွဲဖြစ်သည်။ သူသည် ဘယ်သူတွေ ဘာပြောပြော ကောင်းသည်၊ ဆိုးသည် ဝေဖန်ခြင်းမပြုပေ။ မိသားစုတွေ၊ အပေါင်းအသင်းတွေ ဆုံတွေ့ပြီး စကားဖွဲ့ကြလျှင် ကျန်သူများက သင်းသင်းရယ်၊ စကားတွေ အပြောရပ်ပါတော့၊ တစ်ဝိုင်းလုံးညည်းအသံ ချည်းပဲဟု နောက်ယူရသည်အထိ တိတ်တိတ်ဆိတ်ဆိတ်နေတတ်သူ တစ်ဦးလည်း ဖြစ်လေသည်။ သူက အများက ဒါလုပ်ဆိုလုပ်ပါ့မယ်၊ သင်းတော့ ဒါပဲပြောတတ်တယ်ဟု မပွင့်တပွင့် ပြန်ပြောတတ်သည်။ နောက်ပိုင်းတွင် ပြောဆိုဆွေးနွေးစရာများရှိလာသည့်အခါတိုင်းတွင် အပျိုကြီးကိုတော့ ထည့်တွက်မနေနဲ့။ ခိုင်းစရာရှိတာ၊ တာဝန်ပေးစရာရှိ တာသာပေးပေတော့။ အဲဒါမှဖြစ်မယ်ဟု ဆိုကြလေတော့သည်။ အပျိုကြီး အန်တီသင်းသည် **ပြန်မပြော**။ သို့သော် **နားထောင်ပါသည်** ဆိုသည့် လူစားမျိုးဟု ဆိုရမည်ဖြစ်သည်။

(၄)

လူမှုရေးအသင်းတစ်သင်းတွင် ကိုအောင်အေးဆိုသူတစ်ဦးနှင့် ဆုံရသည်။ သူသည် ယင်းအသင်းတွင် အလွန်တက်ကြွသော လူငယ် တစ်ဦးဖြစ်သည်။ သူသည် အစည်းအဝေးများတွင် ချက်ကျလက်ကျ ပြောဆိုတတ်သူတစ်ဦးအဖြစ် အများက အသိအမှတ်ပြုကြသည်။ သူသည် ဆွေးနွေးပြောဆိုမှုမှန်သမျှကို သေသေချာချာနားထောင်သည်။ ပြီးတော့ သူ့အမြင်ကို ပြန်လည်ဆွေးနွေးပြောဆိုတတ်သည်။ သူ့အမြင်များ ကလည်း အများကောင်းကျိုးအပေါ် အခြေခံသည့်အပြင် ကျယ်ဝန်း သော သဘောထားရှိသဖြင့် တောက်ပထင်ရှားနေတတ်သည်။ ထို့အပြင် အများကတင်ပြသော အမြင်များကိုလည်း သူက လေးလေးစားစား ဆွေးနွေးသည်။ အများကဆုံးဖြတ်လျှင် သူလိုက်နာသည်။ အများ၏ ဆန္ဒကို သူနားထောင်သည်။ အကောင်အထည် ဖော်ပေးသည်။ သူသည် **ပြန်လည်းပြောသည်။ ပြီးတော့ နားလည်းထောင်**သည့်သူတစ်ဦး ဖြစ်လေသည်။

**သူ့အမြင်များကလည်း အများကောင်းကျိုး အပေါ် အခြေခံသည့်အပြင် ကျယ်ဝန်းသော သဘောထားရှိသဖြင့် တောက်ပထင်ရှား နေတတ်သည် ထို့အပြင် အများကတင်ပြသော အမြင်များကိုလည်း သူက လေးလေးစားစား ဆွေးနွေးသည်**

(၅)

ပြန်မပြော နားမထောင်လူစားမျိုးသည် မိမိအမြင်ကိုလည်း ထုတ် မပြောချင်၊ သူများ၏အမြင်နှင့် အများ၏ဆုံးဖြတ်ချက်တို့ကိုလည်း

www.burmeseclassic.com

ဦးဆောင်သူများ
သည်လည်း
ပြန်ပြော
နားထောင်သမား
များ၏
တက်ကြွမှု
ထက်သန်မှု
စိတ်ရင်းရိုးသား
ပွင့်လင်းမှု စေတနာ
အားကောင်းမှု
စသည်တို့ကို
နားလည်ပေးဖို့
လိုအပ်ပါသည်

မလေးစားကြသူများဖြစ်သည်။ ပြန်ပြောပြီး နားမထောင်ကြသူများက တော့ ငါတကောကောချင်ကြသူများ ဖြစ်သည်။ အတ္တကြီးကြသူများ ဖြစ်သည်။ ပြန်မပြောဘဲ နားသာထောင်ချင်ကြသူများမှာမူ ထက်သန် တက်ကြွမှုမရှိ၊ သူများနောက်လိုက်သာ လုပ်လိုကြသူများဖြစ်ပြီး စိမ်ခန့်ခွဲမှု အရည်အချင်း လုံးဝမရှိကြသူများဟု သတ်မှတ်နိုင်ပါသည်။

(၆)

အောင်မြင်သော အဖွဲ့အစည်းတစ်ခု၊ စီးပွားရေးလုပ်ငန်း တစ်ခု တည်ထောင်လိုလျှင် ယင်းအဖွဲ့အစည်းနှင့် လုပ်ငန်းများတွင် ပြန် မပြော နားမထောင်သမားများ၊ ပြန်ပြော နားမထောင်သမားများနှင့် ပြန်မပြော နားထောင်သမားများ နည်းနိုင်သမျှနည်းပါးဖို့ လိုပါသည်။ ထိုသူများရှိလာလျှင်လည်း သူတို့ကို ပြန်ပြောတတ်လာအောင်၊ နားထောင် တတ်လာအောင်၊ ပြန်ပြောနားထောင်သမားများဖြစ်လာအောင် ပြုစု ပျိုးထောင်ပေးရမည် ဖြစ်ပါသည်။ ဦးဆောင်သူများသည်လည်း ပြန်ပြော နားထောင်သမားများ၏ တက်ကြွမှု၊ ထက်သန်မှု၊ စိတ်ရင်းရိုးသား ပွင့်လင်းမှု၊ စေတနာအားကောင်းမှု စသည်တို့ကို နားလည်ပေးဖို့ လိုအပ် ပါသည်။ သူတို့၏ဆန္ဒကိုလည်း ပြန်ပြောကြစေပြီး အများ၏ဆန္ဒ ကိုလည်း နားထောင်တတ်ကြဖို့ ပွင့်လင်းသောနှုတ်နှင့် ရိုးသားသော နား ပိုင်ရှင်များသည် အောင်မြင်မှုကို တည်ဆောက်နိုင်ကြပါလိမ့်မည်။

**အတွဲ (၂)၊ အမှတ် (၃)** *7 Day News Journal*

# နောက်ကြမှဆိုလျှင် နောက်ကျတတ်သည်



www.burmeseclassic.com

(၁)

စာမေးပွဲရာသီရောက်လာတိုင်း ကျွန်တော်သည် ဦးလေးလို ခင်ရသူ ဦးမြင့်သိန်းဆိုသည့် လူကြီးကို သတိရသည်။ သူသည် ကျွန်တော်တို့ ငါးတန်းတက်ကတည်းက ဆယ်တန်းစဖြေသည်။ စာကျက်ချိန်ရောက်၍ သူများတွေက စာကျက်ဖို့ခေါ်လျှင် သူသည် နောက်ကြမှကျက်မယ်ကွာဟု ပြောသည်။ သူများတွေ ပြန်လှန်လေ့ကျင့်ခန်းလုပ်နေချိန်တွင်လည်း အချိန်တွေ အများကြီးကျန်ပါသေးတယ်၊ နောက်ကြမှလုပ်လည်း ရသားပဲဟု ဆင်ခြေပေးသည်ဆိုသည်။ သူသည် နောက်ကြမှဆိုသည့် ဆင်ခြေများကို အများအပြားပေးရင်းပင် ဆယ်တန်းကို တဖုန်းဖုန်းကျလေသည်။ နောက်ပိုင်း ကျွန်တော်တို့ ဆယ်တန်းရောက်လာသည့်အခါ သူနှင့် အတူတူ စာမေးပွဲဖြေရသည်။ ကျွန်တော်တို့က ဆယ်တန်းသာ အောင်သွားသည်။ သူသည် ကျွန်တော့် ညီ၊ ညီမတွေကိုစောင့်ကာ စာမေးပွဲ အတူတူဖြေတုန်း၊ နောက်ကြမှဆိုသည့် စကားကို အပြောကောင်းတုန်း ဖြစ်လေသည်။

**နောက်ကြမှ ပြန်ပြောမယ်ကွာ နောက်ကြတော့ စဉ်းစားတာပေါ့ကွာဟု ရှောင်တတ် တိမ်းတတ်သည့် သူသည် စစ်မရောက်ခင် ကတည်းက တောင်တွေး မြောက်တွေးနှင့် မြားကုန်နေတတ် လေသည်**

(၂)

ကျွန်တော့်တွင် အထက်တန်းကျောင်းတုန်းက အတန်းတူ သူငယ်ချင်း တစ်ဦးရှိသည်။ သူသည် သူငယ်ချင်းဟောင်းများနှင့်တွေ့တိုင်း အလုပ်တစ်ခု ပေါင်းလုပ်ကြရအောင်ကွာဟု အမြဲပြောတတ်သူဖြစ်သည်။ ထို့ကြောင့် ကျွန်တော်သည် အလုပ်စပ်တူ လုပ်စရာရှိတိုင်း သူ့ကို အဖော်သွားသွားညှိတတ်သည်။ အလုပ်တစ်ခုပေါင်းလုပ်ကြရအောင်ဟု စပြောတတ်သူသည် တကယ်တမ်းလုပ်ကြမည်ဟော့ဟုဆိုသည့်အခါတွင် တွေဝေသွားတတ်သည်။ နောက်ကြမှ ပြန်ပြောမယ်ကွာ၊ နောက်ကြတော့ စဉ်းစားတာပေါ့ကွာဟု ရှောင်တတ်တိမ်းတတ်သည်။ သူသည် စစ်မရောက်ခင်ကတည်းက တောင်တွေးမြောက်တွေးနှင့် မြားကုန်နေတတ်လေသည်။ ယင်းကြောင့်ပင် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ကိုယ်ပိုင် အလုပ်ကလေးတွေနှင့် လုပ်ငန်းတွေလုပ်နေဖြစ်သည့်တိုင် သူသည် အပြောင်းအလဲမရှိသေးဘဲ စပ်တူအလုပ်တွေ လုပ်ကြဖို့ အဖော်စပ်နေဆဲ ဖြစ်လေသည်။

www.burmeseclassic.com

## (၃)

အလုပ်လျှောက်လွှာတင်သည့် လူငယ်တစ်ဦးအကြောင်း သတိရလာသည်။ ထိုလူငယ်သည် ကျွန်တော့်မိတ်ဆွေ၏ တူတော်မောင် ဖြစ်သည်။ သူသည် စီးပွားရေးပညာဖြင့် ဘွဲ့ရထားသည်။ တစ်ရက်တွင် သတင်းစာ၌ အလုပ်ကြော်ငြာတစ်ခုကို သူတွေ့သည်။ အလုပ်က သူ လုပ်ချင်သောအလုပ်၊ ကုမ္ပဏီကလည်း နာမည်အတန်အသင့်ရှိပြီး ကုမ္ပဏီ၊ လျှောက်လွှာနောက်ဆုံးတင်ရမည့်ရက်က လကုန် ၃၁ ရက်ဖြစ်လေသည်။ သူ့တွင် လျှောက်လွှာအတွက်လိုအပ်သော စာရွက်စာတမ်း အထောက် အထားတွေ အဆင်သင့်ရှိသည်။ သို့ရာတွင် လျှောက်လွှာကို စောစောသွား မတင်။ သူ့ကိုသတိပေးသည့် သူငယ်ချင်းများကိုပင် သူက ပိတ်ရက်က အများကြီးလိုပါသေးတယ်ကွာ။ နောက်ကြမှပဲတင်မယ်ဟု ပြန်ပြောသည်။ သူသည် တကယ့်ကိုပင် နောက်ဆုံးရက်ကျမှ လျှောက်လွှာသွားတင်သည်။ ဟိုရောက်တော့ လူပင်ရွေးပြီးပြီဟု ဆိုသည်။ သူက လျှောက်လွှာပိတ်ရက် မကုန်သေးဘဲ ဘာကြောင့်ရွေးလိုက်သည်ကို မကျေမနပ်မေးသည်။ ကုမ္ပဏီ က သူတို့ဆောဲစ်သည် နိုင်ငံရပ်ခြားခရီးတစ်ခု အရေးတကြီးပေါ်လာ ကြောင်း၊ လျှောက်လွှာတွေကလည်း အဲသည့်အချိန်မှာ အတော်များများ ရောက်ပြီး နေကြောင်း၊ ထို့ကြောင့် အင်တာဗျူးကို စောလုပ်လိုက်ကာ စိတ်ကြိုက် လည်းတွေ့သဖြင့် ခန့်လိုက်ခြင်းဖြစ်ကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြ သည်ဟု ဆိုသည်။

**လူတို့သည်**
**ဆင်ခြေများစွာ**
**ပေးကြသည့်အထဲတွင်**
**နောက်ကြမှဆိုသည့်**
**ဆင်ခြေကို**
**အလွယ်တကူ**
**ပေးတတ်ကြသည်ကို**
**တွေ့ရသည်**
**နောက်ကြမှလုပ်မယ်**
**နောက်ကြမှပြောမယ်**
**နောက်ကြမှပေးမယ်**
**နောက်ကြမှတွေ့မယ်**
**နောက်ကြမှလာမယ်**
**စသဖြင့်**
**လုပ်ရမည့်ကိစ္စတွေကို**
**မိမိဘာသာ**
**ရွှေ့ဆိုင်းတတ်ကြသည်**

## (၄)

စာစောင်တစ်စောင်ထုတ်ခဲ့စဉ်က အတွေ့အကြုံတစ်ခုကို ဖောက်သည်ချလိုပါသည်။ စာမူတွေကို ကွန်ပျူတာရိုက်ပြီးပြီ၊ ပုံတွေလည်း သူ့နေရာနှင့်သူ ထည့်ပြီးပြီ။ ပရုဖ်လည်း ဖတ်ပြီးပြီ။ လေးရောင်မျက်နှာဖုံး အတွက် ကွန်ပျူတာ ပရင့်ထုတ်ဖို့သာကျန်သည်။ ရောင်စုံပရင်တာ ကလည်း အနားမှာရှိနေသည်။ သို့ရာတွင် ဒီဇိုင်းသမားက စာမူတင်ဖို့ ရက်က လိုသေးသည်၊ နောက်ကြမှထုတ်လို့ရသည်၊ အချိန်တွေရှိပါသေး သည်ဆိုကာမထုတ်။ သို့နှင့် စာမူတင်ရမည့် နောက်ဆုံးရက်တွင်မှ ရောင်စုံ ပရင်တာကို စသုံးတော့ ပရင်တာကကြောင်နေသည်။ ပုံတွေထွက်မလာ။

နည်းမျိုးစုံ ကြိုးစားကြည့်တော့လည်းမရ၊ အချိန်ကနှောင်းလာသည်။ နောက်ဆုံးတွင် ယင်းဒီဇိုင်းကို စီဒီကူးကာ မြို့ထဲက ကျွန်ပျူတာ ဆိုင်တစ်ဆိုင်သို့ ပြေးရသည်။ ဟိုဆိုင်ရောက်တော့ မီးကပျက်နေသည်။ သို့နှင့်ပင် ထိုနေ့၌ စာမူကို မတင်ဖြစ်တော့ပေ။ သည်အတိုင်းဆိုလျှင် သတ်မှတ်ရက်ထက် နောက်ကျပေတော့မည်။

(၅)

လူတို့သည် ဆင်ခြေများစွာပေးကြသည့်အထဲတွင် နောက်ကြမှဆိုသည့်ဆင်ခြေကို အလွယ်တကူ ပေးတတ်ကြသည်ကို တွေ့ရသည်။ နောက်ကြမှလုပ်မယ်၊ နောက်ကြမှပြောမယ်၊ နောက်ကြမှပေးမယ်၊ နောက်ကြမှတွေ့မယ်၊ နောက်ကြမှလာမယ် စသဖြင့် လုပ်ရမည့်ကိစ္စတွေကို မိမိဘာသာရွှေ့ဆိုင်းတတ်ကြသည်။ ထိုသို့ ရွှေ့ဆိုင်းကြရာတွင် အလုပ်များသဖြင့် ရွှေ့ဆိုင်းကြသည်မျိုးရှိတတ်သော်လည်း များသောအားဖြင့် အကြိုးအကြောင်း ခိုင်ခိုင်လုံလုံသိပ်မရှိလှဘဲ ရွှေ့ဆိုင်းမိခြင်းမျိုး ခဏခဏ ဖြစ်တတ်သည်ကို ပြန်သုံးသပ်ကြည့်က တွေ့နိုင်ပေလိမ့်မည်။

**'ကျွန်တော်က ဒီနေ့လုပ်ရမယ့် အလုပ်တွေကို ဒီနေ့ပြီးအောင် လုပ်တယ် ဒါ ကျွန်တော့် အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ပဲ'**

(၆)

နောက်ကြမှဆိုသည့်စကားကြောင့် နောက်ကျခဲ့ရသည့် အဖြစ်မျိုး ကြုံဖူးကြပေလိမ့်မည်။ နောက်ကျခြင်းနှင့်အတူ ဆုံးရှုံးခြင်း၊ နှောင့်နှေးခြင်း၊ ဆုတ်ယုတ်ခြင်း စသည့် နောက်ဆက်တွဲအကျိုးတရားများက ကပ်ပါလာတတ်ပါသည်။ ရေရေရာရာ သိပ်မရှိလှဘဲနှင့် နောက်ကြမှဆိုပြီး အချိန်ကို ရွှေ့ဆိုင်းခြင်းသည် မည်သည့်ကောင်းကျိုးကိုမှ ပေးနိုင်စွမ်းမည် မဟုတ်ပါ။ 'ကျွန်တော်က ဒီနေ့လုပ်ရမယ့်အလုပ်တွေကို ဒီနေ့ပြီးအောင် လုပ်တယ်။ ဒါ ကျွန်တော့်အောင်မြင်မှုရဲ့ လျှို့ဝှက်ချက်ပဲ' ဟု အောင်မြင်သော နိုင်ငံတကာ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးက စာစောင်တစ်စောင်တွင် ပြောဖူးသည်။ ရုတ်တရက်ကြည့်လျှင် ဟုတ်မှဟုတ်ပါ့မလားဟု ထင်ရသော်လည်း နောက်ကြမှလုပ်သဖြင့် နောက်ကျဆုံးရှုံးရခြင်းများနှင့် ယှဉ်ထိုးကြည့်တတ်ပါမှ သူ့အပြောကို ထောက်ခံကြလိမ့်မည်ဟု ယုံကြည်ပါသည်။

**အတွဲ (၂)၊ အမှတ် (၆)** *7 Day News Journal*

www.burmeseclassic.com

# ရီပို့တ်ဘက်ခ်




အယ်ဒီတာ့ ဒိုင်ယာရီ စာစုများ ၆၉

www.burmeseclassic.com

(၁)

တစ်ရက်တွင် မဂ္ဂဇင်းကြီးတစ်စောင်၏ အယ်ဒီတာအဖွဲ့ ရုံးခန်းကလေးသို့ ကျွန်တော် အလည်ရောက်သွားသည်။ တာဝန်ခံ အယ်ဒီတာ၏ စားပွဲနောက် အုတ်နံရံတွင် ရီပို့တ်ဘက်ခ်(*Report Back*) ဟူသော စာကြောင်းကလေးတစ်ကြောင်းကို ကွန်ပျူတာစာစီ၍ ကပ်ထား သည်ကို တွေ့လိုက်ရသည်။ ယင်းကို အကြောင်းပြုပြီး ပြောစရာ တချို့ ကို ကျွန်တော် သတိရလာသည်။

(၂)

ငယ်ငယ်တုန်းက ဖြစ်ပါသည်။ အဖေက ကျွန်တော့်ကို ခိုင်း သည့်အခါတိုင်း ကျွန်တော်က လုပ်စရာရှိသည်တို့ကို လုပ်သည်။ ပြီးတော့ သည်တိုင်းနေသည်။ ထိုအခါတွင် အဖေက ကျွန်တော့်ကိုခေါ်ပြီး 'မင်း ငါလုပ်ခိုင်းထားတာ လုပ်ပြီးပလား' ဟု ခဏခဏ မေးရသည်။ ကျွန်တော် က ခပ်အေးအေးပင် ပြီးပါပြီဟုပြောလျှင် အဖေက 'ပြီးပြီဆိုလည်း လုပ်ပြီး တဲ့ အကြောင်းကလေးတော့ ပြန်ပြောပါဦးကွ' ဟု မကျေမချမ်း ပြောလေ သည်။ ထိုစဉ်က ကျွန်တော့်စိတ်ထဲတွင် အဖေက ပြဿနာမရှိ ပြဿနာ ရှာသည်၊ မလိုဘဲ ဇာချဲ့သည်ဟုသာ ထင်ခဲ့သည်။ ကျွန်တော့်အတွေးကို ရိပ်မိသော အဖေက 'မင်းအလုပ်လုပ်တဲ့ အခါကျမှ ဒါ ဘယ်လောက် အရေးကြီးတယ်ဆိုတာ သဘောပေါက်လိမ့်မယ်' ဟု ဆိုပါသည်။

**အဖေက ကျွန်တော့်ကိုခေါ်ပြီး 'မင်း ငါလုပ်ခိုင်းထားတာ လုပ်ပြီးပလား' ဟု ခဏခဏ မေးရသည် ကျွန်တော်က ခပ်အေးအေးပင် ပြီးပါပြီဟုပြောလျှင် အဖေက 'ပြီးပြီဆိုလည်း လုပ်ပြီးတဲ့ အကြောင်းကလေးတော့ ပြန်ပြောပါဦးကွ' ဟု မကျေမချမ်း ပြောလေသည်**

(၃)

တစ်ရက်မှာ ဝန်ထမ်းတစ်ဦးကို အလုပ်ကိစ္စတစ်ခုနှင့် အပြင် လွှတ်လိုက်သည်။ ညနေ ဘယ်အချိန်ပြန်လာဖို့ကိုပင် မှာလိုက်သေးသည်။ ညနေလည်း ပြန်မလာ၊ ညလည်း ပြန်မလာ နောက်တစ်ရက် ညနေမှ ပြန်လာသည်။ သူ့ကိုမေးသောအခါ လမ်းတွင် နယ်ကအမျိုးတစ်ဦးနှင့် တွေ့သဖြင့် ဆေးရုံပေါ်မှာ အသည်းအသန်ဖြစ်နေသော သားချင်းတစ်ဦးကို သတင်းမေးဖို့ လိုက်သွားမိရင်း လူနာစောင့်လိုက်ရကြောင်း ဖြေသည်။ နာရေးနှင့်လူမှုရေး အကြောင်းပြချက်က ကျွန်တော်၏ ပြုတစ်တစ် ဒေါသတို့ကို နောက်သို့ တွန်းထုတ်ပစ်လိုက်ပါသည်။ သူသည် အနည်း ဆုံးတော့ ကျွန်တော့်ကို အကျိုးအကြောင်း ဖုန်းဆက်ပြော၊ သို့မဟုတ်

www.burmeseclassic.com

တစ်ဦးဦးနှင့် စာရေးအကြောင်းကြားသင့်သည်။ သူ့ကို ခိုင်းလိုက်သည့် ကိစ္စမှာ ထိုနေ့တွင် ပြီးရမည့်ကိစ္စဖြစ်ရာ သူ၏ သတင်းပြန်ပို့ပျက်ကွက်မှု ကလေးတစ်ခုကြောင့် အများကြီး ဆုံးရှုံးနစ်နာသွားခဲ့ရကြောင်း သူ မသိလိုက်ပါ။

(၄)

မိတ်ဆွေတော်တော်များများက အလုပ်ထဲတွင် ဝန်ထမ်းတွေက တာဝန်ပေးထားသမျှ ခိုင်းထားသမျှတို့ကို ဘာမှအကျိုးအကြောင်း မပြန်ကြသည်က များကြောင်း၊ သူတို့ကို ခေါ်ခေါ်မေးနေရသည်မှာ အလုပ်တစ်ခုဖြစ်နေကြောင်း ပြောပြကြသည်။ ကျွန်တော်က ပြုံးမိသည်။ ပြုံးရသည်မှာ အချက် နှစ်ချက်ကြောင့် ဖြစ်ပါသည်။ ပထမအချက်မှာ သူတို့လည်း ကိုယ့်လိုပါပဲလား ဟူသည်ကို တွေးမိသောကြောင့်ဖြစ်ပြီး၊ ဒုတိယအချက်မှာ မင်းအလုပ်လုပ်တဲ့ အခါကျမှ သိမယ်ဟူသော အဖေ့ပြောစကားကြီးကို ပြန်ကြားယောင်လာသောကြောင့် ဖြစ်သည်။

(၅)

အဘယ့်ကြောင့် ရီပို့တ်ဘက်ခ်ဟုခေါ်သည့် အကျိုးအကြောင်း ပြန်ပြောပြသည့် အလေ့အထ လူတော်တော်များများမှာ အားနည်းနေရသည်ကို ကျွန်တော် ဆန်းစစ်ကြည့်နေမိပါသည်။ ထိုအခါတွင် ဖြစ်နိုင်ချေ အချို့ကို ကျွန်တော် သွားတွေ့ပါသည်။ ပထမဆုံးဖြစ်နိုင်ချေမှာ ကျွန်တော် ငယ်စဉ်ကထင်သလို အပိုအလုပ်ဟု မှတ်ယူထားကြသောကြောင့် ဖြစ်ပါသည်၊ သို့မဟုတ် အရေးမကြီးဟု ပေါ့ပေါ့ကလေး တွေးထားကြသောကြောင့်လည်း ဖြစ်နိုင်ပါသည်၊ နောက်တစ်ချက်မှာ ရီပို့တ်ဘက်ခ် လုပ်ရခြင်းကို ခေတ်စကားနှင့်ပြောရလျှင် ဖီလင်အောက်သည်။ လူ့အောက်ကျသည်ဟု ထင်ထားကြခြင်းလည်းပါသည်။ အဘယ့်ကြောင့်ဆိုသော် 'အံမယ်၊ သူ့ကို လုပ်ပြီးသမျှ ပြန်သံတော်ဦးတင်ရမတဲ့၊ ကြီးကျယ်လိုက်တာ' ဟူသော တုံ့ပြန်သံများ ပြောနေဆိုနေကြသည်ကို မြင်ဖူးသောကြောင့် ဖြစ်ပါသည်။

(၆)

ယင်းတို့မှာ ရီပို့တ်ဘက်ခ်နှင့် ပတ်သက်ပြီး ခံယူချက်များ၊ နားလည်မှု လွဲနေကြသောကြောင့်ဟု ကျွန်တော်ကထင်သည်။ ရီပို့တ်


**မိတ်ဆွေတော်တော်များများက အလုပ်ထဲတွင် ဝန်ထမ်းတွေက တာဝန်ပေးထားသမျှ ခိုင်းထားသမျှတို့ကို ဘာမှ အကျိုး အကြောင်း မပြန်ကြသည်က များကြောင်း သူတို့ကို ခေါ်ခေါ်မေးနေ ရသည်မှာ အလုပ် တစ်ခုဖြစ်နေကြောင်း ပြောပြကြသည်**

**ရီပို့တ်ဘက်ခ်**
**မြန်လျှင်**
**မြန်သလောက်**
**မှန်လျှင်**
**မှန်သလောက်**
**လုပ်ငန်းအတွက်**
**အလွန်**
**အကျိုးရှိ**
**ထိရောက်ပါသည်**

ဘက်ခ်လုပ်ကြခြင်းသည် အထက်နှင့်အောက် စီမံခန့်ခွဲမှု ကိစ္စတစ်ခု တည်းတွင်သာမက အချင်းချင်း အပြန်အလှန် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်ကြရာတွင်ပါ အလွန် အသုံးတည့်ပါသည်။ လုပ်ငန်းများ ဆောင်ရွက်ရာတွင် သတင်းအချက်အလက်များအပေါ် မူတည်ကာ လုပ်ကြ၊ ကိုင်ကြရ၊ ဆုံးဖြတ်ပေးကြရ၊ ရှေ့အစီအစဉ်တွေ ဆွဲကြရပါ သည်။ ရီပို့တ်ဘက်ခ် မြန်လျှင် မြန်သလောက် မှန်လျှင် မှန်သလောက်၊ လုပ်ငန်းအတွက် အလွန် အကျိုးရှိထိရောက်ပါသည်။ ပွင့်ပွင့်လင်းလင်း ပြောရလျှင် ရီပို့တ်ဘက်ခ်သည် ဗျူရိုကရေစီ၏ တန်ဆာတစ်ခုမဟုတ်၊ အထက်နှင့်အောက် ခွဲခြားသည့် စည်းမဟုတ်၊ ပြီးတော့ အမိန့်လည်း မဟုတ်ပါ။ ရီပို့တ်ဘက်ခ်သည် အချင်းချင်း အပြန်အလှန် အလေးထား သည့် ဒီမိုကရေစီကျင့်စဉ်တစ်ခုဟုပင် ပြောမည်ဆိုက ရနိုင်ပါသည်။ သူက ကိုယ့်ကို ရီပို့တ်ဘက်ခ်လုပ်၊ ကိုယ်က သူ့ကို ရီပို့တ်ဘက်ခ်လုပ် ဘာများ အခက်အခဲ ရှိနိုင်မည်လဲ၊ ရိုးစင်းလွယ်ကူသည့် ကျင့်စဉ်တစ်ခုမျှသာ ဖြစ်ပါသည်။ ရိုးသော်ငြားလည်း အကျိုးများပါသည်။

**အတွဲ(၁)၊ အမှတ်(၁၉)** *7 Day News Journal*

www.burmeseclassic.com



# ရလဒ်ကို ပြုလုပ်ကြသူများ

www.burmeseclassic.com

## (၁)

လောကတွင် လူ သုံးမျိုး၊ သုံးစားရှိသည်ဟု ဆရာအောင်ထွန်း သက်က ဟောပြောပွဲတစ်ခုတွင် ပြောသွားသည်။ ပထမအမျိုးအစားသည် ဘာတွေဖြစ်နေမှန်း မသိကြသောသူများ၊ ဒုတိယအမျိုးအစားသည် ဘာတွေဖြစ်နေသည်ကို စောင့်ကြည့်နေကြသူများနှင့် နောက်ဆုံး အမျိုးအစားသည် အရာကိစ္စများဖြစ်ပေါ်အောင် ပြုလုပ်ကြသူများဟု ဆိုသည်။ အင်္ဂလိပ်လို *Those who don't know what's happening . Those who watch what's happening. Those who make things happen.* ဟူ၍ ဖြစ်လေသည်။

## (၂)

**အရည်အချင်း မပြည့်မီသူများကို အဖွဲ့အစည်းတွင် ခန့်ထားမိခြင်းမျိုး ဖြစ်နိုင်သလို မိမိ၏ အဖွဲ့အစည်း အခြေအနေနှင့် အနေအထားများကို သူတို့ နားလည်မြင်သာအောင် ပြသနိုင်စွမ်း မရှိသည့် ခေါင်းဆောင်မှု အရည်အသွေး ညံ့ဖျင်းခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်**

လုပ်ငန်းများ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်း တစ်ခု အတွင်းမှ ပထမအမျိုးအစားဖြစ်နေသော သူများကို တော်တော်ကလေး တွေ့နေကြရပါလိမ့်မည်။ သူတို့သည် မိမိအဖွဲ့အစည်းက ဘာတွေလုပ်နေသည်၊ ဘာတွေဦးတည်ချက်ထားသည်၊ ဘာတွေဖြစ်ပျက်နေသည်ကို မသိကြသူများ ဖြစ်ကြသည်။ ထိုသို့ ဖြစ်ရခြင်းအတွက် လုပ်ငန်းတွင် ဦးဆောင်နေသူတို့တွင် တာဝန်ရှိပေသည်။ အရည်အချင်း မပြည့်မီသူများကို အဖွဲ့အစည်းတွင် ခန့်ထားမိခြင်းမျိုး ဖြစ်နိုင်သလို မိမိ၏ အဖွဲ့အစည်း အခြေအနေနှင့် အနေအထားများကို သူတို့ နားလည်မြင်သာအောင် ပြသနိုင်စွမ်းမရှိသည့် ခေါင်းဆောင်မှု အရည်အသွေး ညံ့ဖျင်းခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။ မိမိဦးဆောင်နေသော လုပ်ငန်းတစ်ခုခုတွင် ထိုသူတွေများမလာဖို့ကို သတိကြီးစွာ ထားရပါမည်။

## (၃)

ဘာတွေဖြစ်နေသည်ကို စောင့်ကြည့်နေကြသောသူများ ဆိုသည့် လူအတန်းအစားအကြောင်း စဉ်းစားမိသည့်အခါ မြန်မာ့ရိုးရာ ဟာသပုံပြင်တစ်ပုဒ်ကို သတိရလာသည်။ ထိုပုံပြင်တွင် ကလေးအမေ တစ်ဦးသည် ကလေးကို ပခက်ထဲသိပ်ထားခဲ့ကာ အပြင်သို့ ဈေးဝယ် ထွက်ဖို့ ပြင်သည်။ အပြင်မထွက်ခင် အိမ်ကခိုင်းသည့် ကောင်မကလေးကို 'ဟဲ့ ကလေးကို ကြည့်ထားနော်' ဟု မှာသွားသည်။ ကလေးက အိပ်ရာထဲ တွင် ရှုးရှုးပေါက်သည်။ ကောင်မကလေးက ကြည့်နေသည်။ သေးတွေ

www.burmeseclassic.com

နစ်နေသဖြင့် စူးစူးဝါးဝါးအော်ငိုသည်။ ကောင်မကလေးက တုတ်တုတ်မျှ မလှုပ်၊ လူးရင်းလိမ့်ရင်းနှင့် ပုခက်ပေါ်က ကြမ်းပြင်ပေါ် ပြုတ်ကျသည်။ ကောင်မကလေးက ထိုင်ရာမှမထ။ ဈေးက ပြန်လာသောမိခင်က ကလေး ကြမ်းပြင်ပေါ်မှာ လူးလိမ့်အနာတရဖြစ်နေသည်ကို တွေ့ရရာ အထိတ် တလန့်ဖြစ်သွားကာ ကောင်မကလေးကို မန်သည်။ ကလေးကို ပြစ်ထား ရသလား ဆူသည်။ ထိုအခါ ကောင်မကလေးက 'အစ်မပဲ ကြည့်ထား ဆိုလို့ ကျွန်မကြည့်နေတာပဲဟာ' ဟု ပြန်ပြောသည် ဟူ၏။

(၄)

ဘာတွေဖြစ်နေသည်ကို စောင့်ကြည့်နေကြသူများသည် မိမိ အဖွဲ့အစည်း သို့မဟုတ် လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုများကို ကိုယ်နှင့် မဆိုင်သလို နေတတ်ကြသူများ ဖြစ်သည်။ သူတို့သည် ဘာတွေဖြစ်နေ သည်ကိုတော့ သိကြသည်။ မြင်လည်း မြင်ကြသည်။ သို့ရာတွင် ယင်းသို့ အပေါ်တွင် မည်သို့မျှ သဘောမထား။ မည်သည့်အားထုတ်မှုမျိုးကိုမျှ မပြုလုပ်။ အိမ်ဖော်ကောင်မလေးလို ကြည့်ရုံသာ ကြည့်နေကြနေသည်။

(၅)

နောက်ဆုံးအမျိုးအစားသည် ရလဒ်များ ဖြစ်ပေါ်လာအောင် ပြုလုပ်ကြသူ ဖြစ်ကြသည်။ သူတို့သည် ငေးလည်းမကြည့်၊ ဘေးထိုင်ပြီး ဘုလည်းမပြော။ သူတို့က အလုပ် လုပ်ကြသူများ၊ ဖန်တီးကြသူများ၊ ရလဒ်ကို တန်ဖိုးထားကြသူများဟု ပြောနိုင်သည်။ အဖွဲ့အစည်းတစ်ခုတွင် ထိုသူများကို နေရာပေးရမည်။ ထိုသူများသည် လောကကို တည်ဆောက် ကြသူများ ဖြစ်သည်။ လူ့အဖွဲ့အစည်းကို တိုးတက်အောင် လုပ်ကြသူများ ဖြစ်ကြပါသည်။

(၆)

အောင်မြင်တိုးတက်သော အဖွဲ့အစည်းတစ်ခုကို တည်ဆောက် နိုင်ရေးတွင် ရလဒ်များကို ပြုလုပ်ကြသူများကို မွေးထုတ်ပေးရမည်။ ပြုစု ပျိုးထောင်ပေးရမည်။ 'မလုပ်၊ မရှုပ်၊ မပြုတ်' 'ထိုင်နေရင် အကောင်းသား၊ ထသွားမှ ကျိုးမှန်းသိ' 'ထမင်းကြမ်းကို ယပ်ခတ်ပြီးတော့ပဲ စားတော့မယ်' 'ဘာမှ မသိတာဘဲ ကောင်းတယ်' 'မလုပ်တတ်တော့ မခိုင်း၊ မခိုင်းတော့ သက်သာ' 'သူ့ကုသိုလ်နှင့် သူပဲလေ' 'သူ့အကုသိုလ်နှင့်သူ သွားလိမ့်မည်'

**အောင်မြင်တိုးတက်သော အဖွဲ့အစည်းတစ်ခုကို တည်ဆောက်နိုင်ရေးတွင် ရလဒ်များကို ပြုလုပ်ကြသူများကို မွေးထုတ်ပေးရမည် ပြုစုပျိုးထောင်ပေးရမည်**

www.burmeseclassic.com

‘ကံစီမံရာပေါ့ကွာ’ ‘ငါတို့လုပ်ရော ဘာထူးမှာမို့လဲ’ ‘နှမ်းတစ်လုံးနှင့် ဆီမဖြစ်ပါဘူးကွာ’ စသော စကားများ ကျွန်တော်တို့ဝန်းကျင်တွင် မကြာခဏဆိုသလို ကြားကြရပါလိမ့်မည်။ ယုတ်စွအဆုံး ကိုယ်ကိုယ်တိုင်ပင် တစ်ခါတစ်ရံ ပြောမိဆိုမိကောင်း ဆိုမိပါလိမ့်မည်။ ယင်းစကားများသည် ပထမနှင့် ဒုတိယအမျိုးအစားထဲက လူတွေ၏ အသံဖြစ်နေသည်မှာ ထင်ရှားပါသည်။ ထိုအသံရှင်တွေ များမလာဖို့၊ ကျယ်လောင်မလာဖို့ ကျွန်တော်တို့ ထိမ်းသိမ်းကြရပါမည်။ တည့်မတ်ကြရပါမည်။ စည်းရုံးကြရပါမည်။ ပြုပြင်ကြရပါမည်။ ခလေ့လို ဖြစ်မသွားဖို့က ပို၍ပင် အရေးကြီးပါသေးသည်။

**အတွဲ(၁)၊ အမှတ်(၂၀)** *7 Day News Journal*



# ဆူနေသောဖား နှင့် မမြင်ရသည့်မျက်ချေး

www.burmeseclassic.com

(၁)

မဆုံရတာကြာပြီဖြစ်သော မိတ်ဆွေတစ်ဦးနှင့် တလောက ဆုံဖြစ်သည်။ ကျွန်တော်က သူ့လုပ်ငန်းအခြေအနေမေးမိတော့ သူ ငိုင်သွားသည်။ သူက သူ့လုပ်ငန်းများ ရပ်သွားပြီဖြစ်ကြောင်း ကျွန်တော့်ကို ပြောသည်။ သူနှင့်တွေ့တိုင်း ကျွန်တော်သည် သူ့လုပ်ငန်း အခြေအနေတွေကို ကျွန်တော်မြင်ရသည့်အတိုင်း အားမနာတမ်း ဝေဖန်ခဲ့သည်။ သူသည် ထိုစဉ်က ကျွန်တော့်စကားကို လက်မခံခဲ့။ ကျွန်တော်သာမကဘဲ အခြား အပေါင်းအသင်းများ၏ အကြံဉာဏ်ပေးချက်များကို သူ မယူခဲ့။ သူက ဘာမှမဖြစ်နိုင်ပါဘူးကွာဟုသာ အတန်တန် ပြောခဲ့သည်။

**ခွက်တစ်ခွက် ရေတွေ ပွက်ပွက်ဆူနေသော ခွက်တစ်ခွက် ယင်းခွက်ထဲသို့ ဖားအရှင်တစ်ကောင်ကို ပစ်ထည့်လိုက်သည် ဖားသည် ဆူနေသောရေပူပူနှင့် ထိလိုက်သည်နှင့် ထိတ်လန့်တကြား ဖြစ်သွားကာ ခွက်အထဲမှ အပြင်သို့ ခုန်ထွက် လွတ်မြောက်သွားသည်**

(၂)

သူ့အကြောင်းနှင့်ဆက်စပ်ပြီး ကျွန်တော်သည် ကြားခဲ့ဖူးသော ဘဝဆိုင်ရာ နိယာမတစ်ခုကို ပြန်သတိရလာသည်။ နိယာမဟုခေါ်နိုင်သလို သီဝရီတစ်ပုဒ်၊ သင်ခန်းစာတစ်ခုဟုဆိုလည်း ရနိုင်သည်။ ယင်းက ဆူနေသော ဖားတစ်ကောင်ဟု မြန်မာလို အဓိပ္ပာယ်ရသည်။ အင်္ဂလိပ်လိုတော့ *A boiling Frog* ဟု ဆိုလေသည်။ ဆူနေသော ဖားတဲ့၊ ဘာကို ဆိုလိုသည်ကို ရေလည်သွားရန် ကျွန်တော် ရှင်းပြလိုပါသည်။

(၃)

ခွက်တစ်ခွက်၊ ရေတွေပွက်ပွက်ဆူနေသော ခွက်တစ်ခွက်၊ ယင်း ခွက်ထဲသို့ ဖားအရှင်တစ်ကောင်ကို ပစ်ထည့်လိုက်သည်။ ဖားသည် ဆူနေသောရေပူပူနှင့် ထိလိုက်သည်နှင့် ထိတ်လန့်တကြားဖြစ်သွားကာ ခွက်အထဲမှ အပြင်သို့ ခုန်ထွက် လွတ်မြောက်သွားသည်။ ထိုဖားကိုပင် ရေခဲရေထည့်ထားသော ခွက်ထဲ စိမ်လိုက်သည်။ ကိုရွှေဖားက ရေအေးမြမြမှာ ဇိမ်ကျနေသည်။ ထို့နောက် ရေကို မီးအပူ စပေးသည်။ ရေက နွေးလာသည်။ ဖားကလေးက စည်းစိမ်ယူမပျက်။ နွေးရာမှတဖြည်းဖြည်း ပူလာသည်။ ဖားက တုတ်တုတ်မျှမလှုပ်။ အပူချိန် မြင့်လာသည်။ ဖားက ဘာမျှမသိ။ နေမြဲအတိုင်း။ နောက်ဆုံးတွင် ရေကပွက်ပွက်ဆူလာသည်။ ဖားသည် ရေဆူဆူပူပူထဲက ရုန်းခုန်ထွက်ရကောင်းမှန်းမသိဘဲ ထိုခွက်ထဲတွင်ပင် သေဆုံးသွားရှာလေသည်။ ဆူနေသော ဖားတစ်ကောင်၏ ဇာတ်လမ်းမှာ ဤသို့ပဲ ဖြစ်ပါသည်။

www.burmeseclassic.com

## (၄)

ကျွန်တော့်မိတ်ဆွေ၏ အဖြစ်အပျက်သည် ယင်းဖားကလေးနှင့် အလားတူဖြစ်ပါသည်။ သူသည် ရေခဲရေထဲတွင် ဇိမ်ကျနေရင်း ပြောင်းလဲလာမှုကို မသိ။ ဘေးအန္တရာယ်ကိုလည်း မမြင်ဘဲ ရှိနေသည်။ နောက်ဆုံးတွင် ရုန်းခုန်ထွက်ပြေးရန် အချိန်မရလိုက်ဘဲ ပြိုလဲဆုံးရှုံးမှုနှင့် အဆုံးသတ်ခဲ့ရသည်။ ထို့ကြောင့် လုပ်ငန်းများလုပ်ရာတွင် အတွင်းတွင် ဦးဆောင်နေသော အမှုဆောင်အရာရှိများ၊ သို့မဟုတ် မန်နေဂျာများ သို့မဟုတ် ကြီးကြပ်သူများသည် *အတွင်းတွင် နေ၊ အပြင်က ချဉ်းကပ်* ဟူသော ဖားကလေးကလေးသည့် သီဝရီကို လိုက်နာကြရန် အရေးကြီးပါသည်။ မြန်မာတို့ ဆိုရိုးလေးတစ်ခုကို အားလုံး နားယဉ်နေကြပါလိမ့်မည်။ ကိုယ့်မျက်ချေးကို ကိုယ်မမြင်ဆိုသည်ပဲ ဖြစ်ပါသည်။ ဆူနေသော ဖားနှင့် ကိုယ့်မျက်ချေးကို မမြင်သောသူများ အတူတူ သတ်မှတ်ရစကောင်းပါသည်။

**ထို့ကြောင့် လုပ်ငန်းများလုပ်ရာတွင် အတွင်းတွင် ဦးဆောင်နေသော အမှုဆောင်အရာရှိများ သို့မဟုတ် မန်နေဂျာများ သို့မဟုတ် ကြီးကြပ်သူများသည်** *အတွင်းတွင် နေ အပြင်က ချဉ်းကပ်* **ဟူသော ဖားကလေးကလေးသည့် သီဝရီကို လိုက်နာကြရန် အရေးကြီးပါသည်**

## (၅)

မည်သည့်အလုပ်ကို လုပ်သည်ဖြစ်စေ၊ မိမိအလုပ်အား အပြင်မှ ချဉ်းကပ်သုံးသပ်ကြည့်တတ်ခြင်းသည် အနုပညာတစ်ရပ်ဖြစ်ပါသည်။ အပြောလွယ်သလောက် လက်တွေ့မှာ သိပ်မလွယ်လှပါ။ အတ္တနှင့် မောဟဆိုသော စကားများသည် စာလုံးနှစ်လုံးမျှသာ ရှိသော်လည်း အတော်အင်အားကြီးမားလှပါသည်။ ရှုပ်ထွေးမှုများနှင့် အမှားများတွင် သံသရာလည်စေသည်မှာလည်း ယင်းတို့ကြောင့်ပဲဖြစ်ပါသည်။ မလွယ်ဘူးဆိုသည်ကို လုပ်၍မရဟု ညီမျှခြင်းမချသင့်ပါ။ ခက်သောအလုပ်များသည် တန်ဖိုးရှိကြသည်က များပါသည်။

## (၆)

ပြောင်းလဲခြင်းသည် လောက၏ နိယာမတရားဖြစ်ပါသည်။ မည်သည့် ပြောင်းလဲခြင်းတွင်မဆို လားရာ ရှိကြပါသည်။ အကျိုးရှိသော လားရာများ ဖြစ်နိုင်သလို အကျိုးမဲ့စေသော ပျက်သုဉ်းနိုင်သော လားရာများလည်း ရှိကြပါသည်။ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မန်နေဂျာများသည် မိမိတို့အဖွဲ့အစည်း၊ ဘယ်ကို ဦးတည်ရွေ့လျားနေသည်ကို သိဖို့ အလွန် အရေးကြီးပါသည်။ ဦးတည်ချက်လားရာကို

www.burmeseclassic.com

**စီးပွားရေးလုပ်ငန်းများ**
**ဆောင်ရွက်ရာတွင်**
**မန်နေဂျာများသည်**
**မိမိတို့အဖွဲ့အစည်း**
**ဘယ်ကို**
**ဦးတည်ရွေ့လျားနေ**
**သည်ကို**
**သိဖို့ အလွန်**
**အရေးကြီးပါသည်**
**ဦးတည်ချက်လားရာကို**
**သိနိုင်ရန်**
**ပြောင်းလဲနေခြင်းများကို**
**အာရုံခံနိုင်ဖို့**
**လိုပါသည်**

သိနိုင်ရန် ပြောင်းလဲနေခြင်းများကို အာရုံခံနိုင်ဖို့ လိုပါသည်။ ပြောင်းလဲနေခြင်းများကို အာရုံခံနိုင်ရန်အတွက် ရေထဲတွင် စိမ်နေသော ဖားကလေး မဖြစ်သင့်ဘဲ အပြင်ကနေ ခုန်ဝင်ကြည့်မည့် ဖားကလေးသာ ဖြစ်သင့်ပါသည်။ ထိုအခါတွင် ပူနေသလား၊ အေးနေသလား ဆတ်ခနဲ ထိရုံနှင့် သိနိုင်ပါလိမ့်မည်။

**အတွဲ(၁)၊ အမှတ်(၂၁)** ***7 Day News Journal***

www.burmeseclassic.com



# ဖြစ်ချင်တာကိုသိပါ ဖြစ်အောင်လုပ်ပါ

www.burmeseclassic.com

## (၁)

အလုပ်ထွက်တော့မည့် တပည့်တစ်ဦးကို ကျွန်တော်ခေါ်၍ မေးသည်။ ဘာကြောင့် အလုပ်ထွက်ရသနည်းဟူ၍ ဖြစ်သည်။ သူက ဤအလုပ်တွင် မပျော်ပိုက်သောကြောင့်ဟု ပြန်ဖြေသည်။ ဘာကြောင့် မပျော်သလဲဟု မေးသည့်အခါတော့ သူစိတ်မဝင်စားသော အလုပ်ဟုပြော သည်။ ကျွန်တော်က မေးခွန်းဆက်မေးမိသည်။ ဘယ်အလုပ်ကို စိတ်ဝင် စားသလဲဟူ၍ ဖြစ်သည်။ သူ ချက်ချင်း ပြန်မဖြေနိုင်ဘဲ ကျွန်တော့်ကို ကြောင်ကြည့်နေသည်။ ပြီးတော့မှ ရယ်ကျဲကျဲနှင့် မပြောတတ်ဘူးဟု ပြောသည်။

## (၂)

နောက်တစ်ယောက်ကတော့ တစ်မျိုးဖြစ်သည်။ သူက သတင်းစာဆရာတစ်ဦး ဖြစ်ချင်သည် ဟူ၏။ သတင်းစာဆရာမှ တော်ရိ ရော်ရိမဟုတ်။ လူတွေလေးစားအထင်ကြီးရသည့် နိုင်ငံကျော်သတင်းစာ ဆရာ။ ထိုအခါ ကျွန်တော်က သတင်းစာပညာကို မည်မျှဆည်းပူးပြီးပြီလဲ ဟု မေးမိတော့ သူက နည်းနည်းပါးပါး လေ့လာထားပါသည်ဟု ပြန်ဖြေ သည်။ ဘခြောက်လုံးဆိုတာလောက်တော့ သိမှာပေါ့နော်ဟု ပြောသော အခါ သူက ကျွန်တော် ဘာဆိုလိုမှန်း သိလိုက်ပုံမပေါ်။ အင်းလဲမပြော၊ ဟင့်အင်းဟုလည်း မငြင်းဆန်။ သတင်းစာဆရာ လုပ်မည့်သူသည် အခြေခံအလွန်ကျသော ဘယ်သူ၊ ဘယ်မှာ၊ ဘယ်တော့၊ ဘယ်လို၊ ဘာကြောင့်၊ ဘာလဲ ဆိုတာလောက်ကိုပင် မဆည်းပူးသေးသည်မှာ အံ့အား သင့်စရာဖြစ်နေသည်။

**သတင်းစာဆရာ လုပ်မည့်သူသည် အခြေခံ အလွန်ကျသော ဘယ်သူ ဘယ်မှာ ဘယ်တော့ ဘယ်လို ဘာကြောင့် ဘာလဲ ဆိုတာလောက်ကိုပင် မဆည်းပူးသေး သည်မှာ အံ့အားသင့်စရာ ဖြစ်နေသည်**

## (၃)

ငယ်သူငယ်ချင်းတစ်ဦး ရှိသည်။ သူသည် ငယ်စဉ်ကတည်း က ကြီးလာရင် ဘာလုပ်မလဲဟုမေးတိုင်း ဆရာဝန်လုပ်မယ်ဟု ပြော သည်။ သူ့စကားကို ဘယ်တော့မှ မပြင်။ ကျွန်တော်က သူ့ကို အလကား ကြွားသည်ဟုသာ ထင်ခဲ့သည်။ အတန်းနည်းနည်းရလာတော့ သူ့ ပြော စကားကို နည်းနည်းယုံရမလို ဖြစ်လာသည်။ သူသည် ကစားသည့် အခါတွင်ပင် ပလတ်စတစ်နားကြပ်၊ ပလပ်စတစ်ဆေးထိုးအပ်တို့ကို

ကိုင်ကာ ဆရာဝန်လုပ်တမ်း ကစားသည်။ ဖားအရှင်တွေ လိုက်ခွဲသည်။ ဆေးလောကအကြောင်း နောက်ခံပါသော ရုပ်ရှင်များနှင့် သတင်းကားများကို တစ်စိုက်မတ်မတ်ကြည့်သည်။ ၁၀ တန်းအောင်တော့ ဘိုင်အိုဘာသာတွဲကို ယူသည်။ နောက်ဆုံးတွင် သူသည် သူငယ်ငယ်က ပြောသလို ဆရာဝန် တကယ်ဖြစ်သွားသည်။

**ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်မှန်း မသိသောသူ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်သည်ကို သိသော်လည်း ဖြစ်အောင် မကြိုးစားသူနှင့် ကိုယ်ဘာဖြစ်ချင်သည်ကို သိသည် သိသည့်အတိုင်း မဖြစ်ဖြစ်အောင် ကြိုးစား အားထုတ်သူတို့ ဖြစ်ကြပါသည်**

**(၄)**

ယင်းဖြစ်ရပ်သုံးခုကို ကြည့်လိုက်သည့်အခါတွင် လူငယ်သုံးမျိုးကို တွေ့ရသည်။ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်မှန်း မသိသောသူ၊ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်ချင်သည်ကိုသိသော်လည်း ဖြစ်အောင်မကြိုးစားသူနှင့် ကိုယ် ဘာဖြစ်ချင်သည်ကို သိသည်၊ သိသည့်အတိုင်း မဖြစ်ဖြစ်အောင် ကြိုးစားအားထုတ်သူတို့ ဖြစ်ကြပါသည်။ ကိုယ့်ကိုယ်ကိုယ်မှ ဘာဖြစ်ချင်မှန်း မသိသောသူသည် ဘဝတွင် ရေစုန်မျောမည့်သူများ ဖြစ်သည်။ ဟိုဟာဖြစ်နိုး၊ ဒီဟာဖြစ်နိုးနှင့် စမ်းတဝါးဝါးသမားများ ဖြစ်သည်။ နာမည်ကြီး ဝတ္ထုတစ်ပုဒ်၏ ခေါင်းစဉ်လို ပျောက်သောလမ်းမှာ စမ်းတဝါးဟု ဆိုရမည်။ ကိုယ်ဘာဖြစ်ချင်သည်ကို သိသော်လည်း ဖြစ်အောင်မလုပ်သူတို့မှာ လမ်းပျောက်နေသူများနှင့်စာလျှင် တော်သေးသည်။ သူတို့သည် လမ်းကိုတော့ သိသည်။ လျှောက်ရမှာ ပျင်းနေသူများ သို့မဟုတ် လျှောက်ရမှာ ကြောက်နေသူများ ဖြစ်နိုင်သည်။ လျှောက်ရမှာ ကိုယ့်ကိုယ်ကိုယ် မယုံကြည်ရဲသူများလည်း ဖြစ်နိုင်သည်။

**(၅)**

လမ်းကိုလည်း သိသည်။ သိသည့်အတိုင်းလည်း မရောက်ရောက်အောင်လျှောက်သည်။ ထိုသူများသည် ဘဝတွင် အောင်မြင်မှုများစွာ ရကြသည်။ ရုပ်ပိုင်းဆိုင်ရာ ကြွယ်ဝမှုများသာမက စိတ်ပိုင်းဆိုင်ရာတွင်လည်း တိုးတက်မှုများရကြသည်။ စိတ်ဓာတ်ခိုင်မာမှု ကိုယ့်ကိုယ်ကိုယ် ယုံကြည်စိတ်ချမှုတို့ကို အပြည့်အဝရကြသည်။ ထိုသူများသည် လေ့ခွက်ချည်းကျန် အလံမလှဲကြသူများ ဖြစ်ကြပေသည်။

**(၆)**

ကျွန်တော့်ပတ်ဝန်းကျင်တွင် လမ်းပျောက်နေသူများ လမ်းသိသော်လည်း မလျှောက်ကြသူများကို တစ်ခါတစ်ရံ တွေ့နေရသည်။ သူတို့

www.burmeseclassic.com

**ကိုယ့်ကိုယ်ကိုယ်**
**ဖျက်**
**သံချေးတက်ဟု**
**ဆိုသလို**
**သွေးလေထက်လေ**
**ဆိုသည့်**
**စကားလည်း**
**ရှိသည်**
**တန်ဖိုးကြီးလှသော**
**လူငယ်ဘဝကို**
**ကြီးမှပြန်တ၍**
**မဖြစ်နိုင်**
**ကိုယ်ဖြစ်ချင်တာကို**
**သိပါ**

သည် လူငယ်တို့၏ တက်ကြွသောစိတ်၊ ဖျတ်လတ်သော ကာယအား၊ နိုးကြားသော အတွေးအခေါ်တို့ကို သံချေးတက်အောင် လုပ်နေကြသူများ ဖြစ်ကြလေသည်။ ကိုယ့်ကိုယ်ကိုယ် ဖျက်၊ သံချေးတက်ဟုဆိုသလို သွေးလေ ထက်လေဆိုသည့် စကားလည်းရှိသည်။ တန်ဖိုးကြီးလှသော လူငယ်ဘဝကို ကြီးမှပြန်တ၍မဖြစ်နိုင်။ ကိုယ်ဖြစ်ချင်တာကိုသိပါ၊ ပြီးတော့ ဖြစ်အောင် လုပ်ရပါမည်။ ဆရာဦးသုခ ရုပ်ရှင်ကားထဲကစကား အငှားသုံးပြောရလျှင် တကယ်ဖြစ်ချင်၊ တကယ်လုပ် အပေါက်ဖြစ်ပါလိမ့်မည်။

**အတွဲ(၁)၊ အမှတ် (၂၄)** *7 Day News Journal*

www.burmeseclassic.com

# ရှဥ့်ကလေးလည်း ပေးလျှောက်
# ပျားကလေးလည်း ပေးစွဲ



www.burmeseclassic.com

‘လူတွေက ဝင်လိုက်ကြ ထွက်လိုက်ကြနှင့် ရောက်လာတုန်းက ဘာမျှ မလုပ်တတ် မကိုင်တတ်တွေ ကိုယ်တို့က သင်ပြပေးရတာ ဖတ်ဖတ်မောလို့ ဟော... တတ်လည်း တတ်လာရော လစာပိုပေးတဲ့ဆီ ပြောင်းပြေးကြရော ကိုယ်တို့မှာ သင်တန်းကျောင်းကြီးလို ဖြစ်နေတယ်’

(၁)

အလုပ်လျှောက်လွှာလာတင်ကြသော သူများ၏ ကိုယ်ရေးအကျဉ်းများကို ကျွန်တော် လေ့လာကြည့်နေမိသည်။ အသက်ကလေးတွေက ၂၀ ကျော်စွန်းစွန်း ၃၀ ပင် မပြည့်တတ်ကြသေးသောအရွယ်များဖြစ်ကြသည်။ ယခင်လုပ်ကိုင်ခဲ့ဖူးသော အလုပ်များကို ဖော်ပြပါဆိုသည့်နေရာတွင် ဖြည့်ထားကြသည်များကို ကျွန်တော် ဖတ်ကြည့်မိသည်။ ဤနေရာတွင် ကလေးထက်ဝက်ခန့်သည် အလုပ်ကို သက်စေ့နည်းပါးမျှပြောင်းလာကြသူများဖြစ်သည်ကို တွေ့လိုက်ရသည်။ တချို့ဆို မယုံနိုင်စရာကောင်းအောင်ပင် အလုပ်တစ်ခုတွင် သုံးလ၊ လေးလခန့်သာမြဲကြသည်။ ဘာကြောင့် အလုပ်တွေ သည်လောက်ပြောင်းနေကြသနည်းဆိုသည့်အချက်ကို ကျွန်တော် စိတ်ဝင်စားသွားသည်။

(၂)

‘ဝန်ထမ်းတွေကို ကိုယ့်ကုမ္ပဏီမှာ ထိန်းရတာ မလွယ်ဘူး၊ သူတို့က လစာလေးငါးရာ၊ တစ်ထောင်လောက် ပိုပေးတာနဲ့ အသစ်ကို ပြောင်းကြရော’ ဟု ကုမ္ပဏီတစ်ခု၏ မန်နေဂျင်းဒါရိုက်တာတစ်ဦးက ပြောဖူးသည်ကို သတိရလာမိသည်။ သူ့လိုပင် နောက်တစ်ဦးကလည်း ‘လူတွေက ဝင်လိုက်ကြ၊ ထွက်လိုက်ကြနှင့် ရောက်လာတုန်းက ဘာမျှ မလုပ်တတ်၊ မကိုင်တတ်တွေ ကိုယ်တို့က သင်ပြပေးရတာ ဖတ်ဖတ်မောလို့၊ ဟော... တတ်လည်း တတ်လာရော လစာပိုပေးတဲ့ဆီ ပြောင်းပြေးကြရော၊ ကိုယ်တို့မှာ သင်တန်းကျောင်းကြီးလို ဖြစ်နေတယ်’ ဟု ရင်ဖွင့်ဖူးသည်။ လစာတိုးရုံနှင့် ဝန်ထမ်းတွေပြောင်းကြသည်ဆိုသည်မှာ တရားသေကောက်ချက်ချနိုင်သည့် အကြောင်းပြချက်တော့ မဖြစ်တန်ရာဟု ကျွန်တော် အောက်မေ့မိသည်။

(၃)

‘ကျွန်တော် အလုပ်တွေ တစ်ခုပြီးတစ်ခုပြောင်းခဲ့တာ ဟုတ်ပါတယ်။ အလုပ်ခဏခဏပြောင်းတာ ကျွန်တော့်အတွက် မကောင်းမှန်း ကျွန်တော် သိပါတယ်။ ဒါပေမယ့် ဆရာရယ် လစာတိုးလို့ ပြောင်းတာမျိုး

www.burmeseclassic.com

မဟုတ်ပါဘူး။ တချို့အလုပ်တွေဆို လစာက သိသိသာသာတောင် လျော့သွားပါသေးတယ်။ ကျွန်တော်က ငွေကြေးထက် စိတ်ချမ်းသာရေးကို ဦးစားပေးတဲ့ လူမျိုးပါ။ အလုပ်လည်း လုပ်ရသေး။ တစ်ရက်မှလည်း စိတ်မချမ်းမသာနဲ့ အကောင်းပြောခံရတဲ့ ရက်ရယ်လို့ကို မရှိဘူး။ ဒါကြောင့် အလုပ်တွေ ပြောင်းဖြစ်နေတာ၊ ကံကြောင့်ပဲလားမသိပါဘူး။ အခုထက်ထိတော့ ကျွန်တော့်စိတ်ကြိုက် အလုပ်မတွေ့နိုင်သေးဘူး’ ဟု အလုပ်ပြောင်းဖြစ်သည့်အကြောင်းကို လူငယ်တစ်ဦးက ပွင့်ပွင့်လင်းလင်း ပြောပြဖူးသည်။ သူ့လိုပြောသူ တော်တော်များများနှင့်လည်း ကျွန်တော်ဆုံဖူးပါသည်။

## (၄)

ထိုအဖြစ်အပျက်များအားလုံးကို ခြုံငုံလေ့လာကြည့်မိသည့်အခါတွင်မှ ဝန်ထမ်းတွေ အလုပ်မမြဲကြခြင်း၏ အရင်းခံအကြောင်းရင်းများစွာကို တွေ့လိုက်ရသည်။ သို့သော် ထိုအကြောင်းအရင်းများစွာ ဖြစ်ပေါ်ရခြင်းအတွက် တာဝန်ရှိသူများမှာ အလုပ်ပြောင်းကြသူ ဝန်ထမ်းများသာမက ထိုဝန်ထမ်းများကို စီမံခန့်ခွဲသူများတွင်ပါ တာဝန်မကင်းတတ်ကြောင်းများကို တွေ့ရှိလိုက်ရပါသည်။

## (၅)

ဝန်ထမ်းတွေတွင် တာဝန်ရှိသည်ဟု ဆိုခြင်းမှာ အလုပ်လာလုပ်သူများသည် မိမိ၏တာဝန်နှင့် ဝတ္တရားများကို သေသေချာချာ နားလည်မှုမရှိခြင်း၊ စိတ်ရှည်သည်းခံမှုမရှိခြင်း၊ ရပိုင်ခွင့်များကိုသာ တောင်းဆိုတတ်ပြီး မိမိဖက်က ဖြည့်ဆည်းရမည့် အလုပ်များကိုမူ ပျက်ကွက်ခြင်း၊ မိမိကိုယ်မိမိ အထင်ကြီးလွန်းပြီး လစာနှင့်အလုပ် မတန်ဟု ထင်မြင်လာခြင်း၊ ရေတိုကိုသာကြည့်ခြင်းနှင့် ရင့်ကျက်မှု အားနည်းခြင်း စသည်တို့ကြောင့် လက်ရှိအလုပ်ကို စွန့်လွှတ်ကာ အလုပ်သစ် ပြောင်းတတ်ကြပါသည်။ စီမံခန့်ခွဲသူတို့၏ အားနည်းချက်များကြောင့်လည်း ဝန်ထမ်းတွေ အလုပ်ပြောင်းတတ်ကြပါသည်။ ယင်းတို့မှာ ရပိုင်ခွင့်နှင့် အလုပ်တာဝန်တွေကို ချိန်ညှိမထားခြင်း ဝန်ထမ်းအားလုံးကို တစ်ပြေးညီ ဆက်ဆံမှု မထားခြင်း၊ ချီးမြှောက်သင့်သူနှင့် ချီးမြှောက်သင့်ချိန်ကို နားမလည်ခြင်း၊ သို့မဟုတ် လျစ်လျူပြုထားခြင်း၊ စီမံခန့်ခွဲရာတွင် ဦးနှောက်

**စီမံခန့်ခွဲသူတို့၏**
**အားနည်းချက်များ**
**ကြောင့်လည်း**
**ဝန်ထမ်းတွေ**
**အလုပ်**
**ပြောင်းတတ်ကြပါသည်။**
**ယင်းတို့မှာ**
**ရပိုင်ခွင့်နှင့်**
**အလုပ်တာဝန်တွေကို**
**ချိန်ညှိမထားခြင်း**
**ဝန်ထမ်းအားလုံးကို**
**တပြေးညီဆက်ဆံမှု**
**မထားခြင်း၊**
**ချီးမြှောက်သင့်သူနှင့်**
**ချီးမြှောက်သင့်ချိန်ကို**
**နားမလည်ခြင်း၊**
**သို့မဟုတ်**
**လျစ်လျူပြုထားခြင်း၊**
**စီမံခန့်ခွဲရာတွင်**
**ဦးနှောက်နှင့်မခန့်ခွဲဘဲ**
**ချစ်ခြင်း၊ မုန်းခြင်း**
**အခြေခံသည့်**
**ကိုယ်ရေးခံစားမှုနှင့်**
**စီမံခန့်ခွဲခြင်း၊**
**အလုပ်တာဝန်**
**ခွဲဝေချထားမှုများ**
**လွဲချော်နေခြင်း၊**
**စီမံခန့်ခွဲသူနှင့်**
**ဝန်ထမ်းကြား**
**အနည်းဆုံးရှိသင့်သည့်**
**သိသာပွင့်လင်းမှုကိုပင်**
**မထားရှိခြင်း**

www.burmeseclassic.com

နှင့်မခန့်ခွဲတဲ ချစ်ခြင်း၊ မုန်းခြင်း အခြေခံသည့် ကိုယ်ရေးခံစားမှုနှင့် စီမံခန့်ခွဲခြင်း၊ အလုပ်တာဝန်ခွဲဝေချထားမှုများ လွဲချော်နေခြင်း၊ စီမံခန့်ခွဲသူနှင့် ဝန်ထမ်းကြား အနည်းဆုံးရှိသင့်သည့် သိသာပွင့်လင်းမှုကိုပင် မထားရှိခြင်းတို့ကြောင့် ဖြစ်ကြောင်း သုံးသပ်မိပါသည်။

**(၆)**

အလုပ် ခဏခဏပြောင်းကြသည့်အတွက် နှစ်ဦးနှစ်ဖက်စလုံး နစ်နာပါသည်။ အရင်ဆုံးနစ်နာသူမှာ ကုမ္ပဏီဖြစ်ပြီး သူတို့တွင် ကျွမ်းကျင်၍ စိတ်ချရသော အမာခံဝန်ထမ်းများ ဆုံးရှုံးကြရပါသည်။ ဝန်ထမ်းများသည်လည်း အလုပ် ခဏခဏပြောင်းနေရသဖြင့် လုပ်ငန်းကျွမ်းကျင်မှုကို မရတော့ခြင်း၊ အထူးပြုကျွမ်းကျင်သူများ ဖြစ်မလာခြင်းနှင့် လုပ်သက်ကောင်းကောင်းမရသည့်အတွက် ရာထူးအတက်နှေးခြင်း စသည့် ဆိုးကျိုးများကို ရရှိစေပါလိမ့်မည်။ ရေရှည်လုပ်ကိုင်သည့် လူကောင်း၊ သူကောင်းရပါက ထိုလုပ်ငန်းတိုးတက်မည်။ တိုးတက်သည့်လုပ်ငန်းတွေ များလာပါက ပုဂ္ဂလိကကဏ္ဍကြီးတစ်ခုလုံး တိုးတက်မည်လည်း ဖြစ်ပါသည်။ နှမ်းတစ်လုံးနှင့် ဆီမဖြစ်သော်လည်း နှမ်းစေ့များစွာကြောင့် ဆီဖြစ်ရုံမက ဆီပင်လယ်ပင် ဝေပါလိမ့်မည်။ ခေတ်သစ်စီမံခန့်ခွဲမှုတွင် ရေပန်းစားနေသော စကားလုံးတစ်လုံးရှိပါသည်။ အင်္ဂလိပ်လို *Win-Win* ဟု ခေါ်ပါသည်။ မြန်မာလိုဆိုရင်တော့ သူလည်းနိုင်၊ ကိုယ်လည်းနိုင်ဟုလည်း ဘာသာပြန်နိုင်ပါသည်။ မြန်မာမှုတွင်တော့ ဟိုးအရင်ကတည်းက ရှိပြီးခဲ့ပါပြီ။ ရှဉ့်လည်းလျှောက်သာ၊ ပျားလည်းစွဲသာ ဆိုသည့် စကားလည်း ဖြစ်ပါသည်။ ကျွန်တော်တို့ မေ့ထားကြ၍သော်လည်းကောင်း၊ အမှုမဲ့အမှတ်မဲ့ကြောင့်သော်လည်းကောင်း မကျင့်သုံးမိကြခြင်းဟု ထင်ပါသည်။

**ခေတ်သစ် စီမံခန့်ခွဲမှုတွင် ရေပန်းစားနေသော စကားလုံးတစ်လုံး ရှိပါသည် အင်္ဂလိပ်လို *Win-Win* ဟု ခေါ်ပါသည် သူလည်းနိုင် ကိုယ်လည်းနိုင် ဟုလည်း ဘာသာပြန်နိုင်ပါသည် မြန်မာမှုတွင်တော့ ဟိုးအရင်ကတည်းက ရှိပြီးခဲ့ပါပြီ ရှဉ့်လည်းလျှောက်သာ ပျားလည်းစွဲသာ ဆိုသည့် စကားလည်း ဖြစ်ပါသည်**

**အတွဲ(၁)၊ အမှတ်(၂၅)** *7 Day News Journal*

www.burmeseclassic.com

# ထိုးထွင်းသိသာ မြင်စေမည်လား
# လှို့လှို့ဝှက်ဝှက် ထားမလား



www.burmeseclassic.com

(၁)

ပုဂ္ဂလိက လုပ်ငန်းလေးတစ်ခုမှ အကြီးတန်းမန်နေဂျာအဆင့် ရှိသူတစ်ဦးနှင့် ကျွန်တော် စကားပြောဖြစ်သည်။ ပြောဖြစ်သည့်အကြောင်းမှာ သူ့လုပ်ငန်းတွင် လုပ်ကိုင်နေကြသော ဝန်ထမ်းများအချင်းချင်း စိတ်ဝမ်းကွဲနေသည့် ကိစ္စဖြစ်သည်။ စိတ်ဝမ်းကွဲရသည့် အကြောင်းရင်းခံသည် လစာများကြောင့် ဖြစ်နေသည်။ ဝန်ထမ်းများသည် ဘယ်သူလစာ ဘယ်လောက်ရသည်ကို အားလုံးသိနေကြသည် ဆို၏။ ဘယ်သူက အိုဗာတိုင် ဘယ်လောက်ထုတ်သည်၊ လစာ ဘယ်လောက်တိုးသည် သိနေကြရာ တစ်ဦးနှင့်တစ်ဦး ချိန်ထိုးနေကြသည်။ အလုပ်ကို တွက်ကပ်နေကြသည်။ များများရတဲ့လူက များများလုပ်ပေါ့ကွာဟု လစာနည်းဝန်ထမ်းများက ငေါ့ကြ၊ ရိကြ၊ ခနဲ့ကြသည်ဟု သိရသည်။ ထိုမန်နေဂျာမှာ ယင်းပြဿနာကို ဘယ်လိုရှင်းရမည်မသိဘဲ စိတ်ညစ်နေသည်။

သူ့ဝန်ထမ်းတွေ အလုပ်ကို ကြိုးကြိုးစားစား မလုပ်ကြဟု သူက ပြောသည် ဝတ်ကျေတန်ကျေ သိပ်ဆန်နေကြသည်ဟု ဆိုသည် သူတို့၏ မျက်နှာများသည်လည်း လန်းဆန်း တက်ကြွမနေဘဲ အမြဲလိုလို မှုန်မှုန်တေတေ ဖြစ်နေကြသည်ဟု သူက ဝေဖန်သည်

(၂)

သူငယ်ချင်းတစ်ဦး ရှိသည်။ သူ၏ နဂိုဗီဇသည် အရာရာကို လျှို့ဝှက်လွန်းခြင်း ဖြစ်၏။ သူသည် ဘာမဟုတ်သည့် အသေးအဖွဲကိစ္စလေးတွေကိုပင် သိုသိုသိပ်သိပ် လုပ်လွန်းသည်။ ထို့ကြောင့် သူငယ်ချင်းများက သူ့ကို ကွယ်ရာမှာ ကိုလျှို့ကြီးဟုပင် အမည်ပေးထားခဲ့ကြသည်။ သူသည် နောင်တွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု တည်ထောင်ကာ ပိုင်ရှင်ဖြစ်လာသည်။ သူသည် သူ့လုပ်ငန်းနှင့် ပတ်သက်၍ ဘာတွေလုပ်နေသည်၊ သူ ဘယ်လို ရည်ရွယ်ချက်ထားသည်၊ ပန်းတိုင်က ဘယ်လိုရှိသည် စသည်တို့ကို ဘယ်တော့မှ ထုတ်မပြော။ သူ့ဝသီအတိုင်း လျှို့လျှို့ဝှက်ဝှက် လုပ်ထားသည်။ သူသည်လည်း ဝန်ထမ်းများနှင့် ပတ်သက်၍ ပြဿနာတွေ တက်နေသည်။ သူ့ဝန်ထမ်းတွေ အလုပ်ကို ကြိုးကြိုးစားစားမလုပ်ကြဟု သူက ပြောသည်။ ဝတ်ကျေတန်းကျေ သိပ်ဆန်နေကြသည်ဟု ဆိုသည်။ သူတို့၏ မျက်နှာများသည်လည်း လန်းဆန်းတက်ကြွမနေဘဲ အမြဲလိုလို မှုန်မှုန်တေတေ ဖြစ်နေကြသည်ဟု သူက ဝေဖန်သည်။

(၃)

ထိုးထွင်းသိသာ မြင်စေရေးဆိုသည့် စကားကို စီမံခန့်ခွဲမှု

www.burmeseclassic.com

နယ်ပယ်တွင် မကြာခဏဆိုသလို ကြားနေကြရသည်။ အင်္ဂလိပ်လိုတော့ ယင်းကို *Transparency* ဟု ခေါ်သည်။ စီမံခန့်ခွဲသူများ အချင်းချင်း အကြား စီမံခန့်ခွဲသူများနှင့် ဝန်ထမ်းများအကြား၊ အလုပ်ရှင်နှင့် စီမံခန့်ခွဲ သူများအကြားတွင် ဘာတွေလုပ်နေသည်၊ ဘာတွေဖြစ်နေသည်ကို ချပြ ရေး၊ သိသာစေရေး၊ ထိုးဖောက်မြင်နိုင်စွမ်းရှိရေး စသည်ဖြင့် ပြောကြ သည်။ တောင်းဆိုကြသည်။ ယင်းသည် တစ်ခါတစ်ရံတွင် ဖက်ရှင်သဖွယ် ပင် ဖြစ်လာသည်။ ကောင်းပါသည်။ ထိုးထွင်းသိသာ မြင်စေရေးဆိုသည် မှာ ယေဘုယျသဘောအရ အလွန် လုပ်သင့်သည့်၊ ဖြစ်သင့်သည့်၊ ကျင့်သုံး သင့်သည့် ကိစ္စတစ်ခု ဖြစ်ပါသည်။ သို့ရာတွင် မေးစရာတစ်ခုတော့ ရှိနေ သည်။ အရာရာကို ထိုးထွင်းသိသာ မြင်စေရမှာလားဟူသည့် မေးခွန်းပဲ ဖြစ်ပါသည်။

**သတင်းအချက်အလက် များသည် ပိုက်ဆံများဖြစ်သည် အရပ်ရှစ်မျက်နှာကို စစ်မျက်နှာ ဖွင့်နေရသည်နှင့် တူသည် ကိုယ်ကကျူး ကိုယ့်ဒူးပင်မယုံရ ဟူသော အယူဝါဒကို လက်ကိုင်စွဲထားကြကာ အပ်ကျသည်ကအစ ဖုံးထား ဖိထား လျှို့ဝှက်ထားကြသည် ထိုအခါတွင် သူ၏မျက်လုံးများသည် သံသယမျက်လုံးအဖြစ် ထာဝရပြောင်းလဲ သွားသည်**

## (၄)

ထိုးထွင်းသိသာ မြင်စေရေး၏ ဆန့်ကျင်ဘက်မှာ လျှို့ဝှက် ရေး၊ ဖုံးကာရေး၊ သိုသိုသိပ်သိပ် ထားရှိရေးပဲ ဖြစ်သည်။ တချို့က စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ခြင်းသည် ယှဉ်ပြိုင်ခြင်းတစ်မျိုး ဖြစ်သည်။ သတင်းအချက်အလက်များသည် ပိုက်ဆံများဖြစ်သည်။ အရပ် ရှစ်မျက်နှာကို စစ်မျက်နှာဖွင့်နေရသည်နှင့် တူသည်။ ကိုယ်ကကျူး ကိုယ့်ဒူးပင် မယုံရဟူသော အယူဝါဒကို လက်ကိုင်စွဲထားကြကာ အပ်ကျ သည်ကအစ ဖုံးထား၊ ဖိထား၊ လျှို့ဝှက်ထားကြသည်။ ထိုအခါတွင် သူ၏မျက်လုံးများသည် သံသယမျက်လုံးအဖြစ် ထာဝရပြောင်းလဲသွား သည်။ ယင်း၏ အကျိုးဆက်အဖြစ် သူ့တွင် မိတ်ကောင်းဆွေကောင်းတွေ ဆုံးရှုံးသွားသည်။ သစ္စာရှိရှိ စီးပွားရေးလုပ်ချင်သူတွေက ဘေးသို့ခွာကုန် သည်။ ပို၍အံ့ဩစရာကောင်းသည့်အချက်မှာ သူသည် သူ့လိုလူမျိုးတွေ၊ သူ့လိုလုပ်ငန်းမျိုးတွေနှင့်သာ ပေါင်းသင်းဆက်ဆံလာရတော့ခြင်းပဲ ဖြစ် သည်။

## (၅)

တစ်ဦး၏လစာကို တစ်ဦးသိစေခြင်းမျိုးအထိ ထိုးထွင်းသိသာ မြင်စေရမည်လား၊ ကုမ္ပဏီ၏ ပရိဂျက်အလိုက် ဝင်ငွေများကို ဝန်ထမ်း အားလုံး သိသင့်သလား၊ ယင်းသို့သိခြင်းဖြင့် သိရသောဝန်ထမ်းတွေ

www.burmeseclassic.com

အတွက်လည်း အကျိုးမရှိဘဲ ကုမ္ပဏီအတွက်လည်း အကျိုးပျက်ယွင်းစေပါသည်။ ယင်းကိစ္စမျိုးသည် လျှို့ဝှက်ထားရမည့် ကိစ္စများ ဖြစ်ပါသည်။ မိမိလုပ်ငန်း၏ ရည်မှန်းချက်ပန်းတိုင်၊ နှစ်စဉ်ရည်မှန်းချက်၊ ကုမ္ပဏီ၏ မူဝါဒ၊ ဝန်ထမ်းစည်းကမ်းများနှင့် လစာပေးစနစ် (လစာ ဘယ်လောက်ရခြင်းမဟုတ်) စသည်တို့မှာမူ အားလုံး သိသာမြင်သာဖြစ်ကြဖို့ လိုပါသည်။ ယင်းတို့ကို လျှို့ဝှက်ထားသော လုပ်ငန်းအဖွဲ့အစည်းတွင် အလုပ်လုပ်နေကြသော သူတို့သည် အမှောင်ထဲ လျှောက်နေကြရသလို ခံစားကြရသည်။ ထိုအခါတွင် ဝန်ထမ်းတို့၏လုပ်အား၊ တက်ကြွမှုအားမာန်များ၊ စေတနာများ၊ ယုံကြည်ချက်များ အားလုံး ပျောက်ဆုံးကုန်တော့သည်။

**‘ခက်တာက ဘယ်ဟာကို လျှို့ဝှက်ရမယ် ဘယ်ဟာကို ထိုးထွင်းသိသာမြင်ရမယ်ဆိုတာကို လုပ်ငန်းစီမံခန့်ခွဲသူတွေက သေသေချာချာ သဘောမပေါက်ကြတာတွေရှိနေတယ် ပိုပြီးဆိုးတာက လျှို့ဝှက်သင့်တာကို ထိုးထွင်းသိသာမြင်အောင်လုပ် ထိုးထွင်းသိသာမြင်သင့်တာတွေကို ဖုံးဖုံးဖိဖိလုပ်တာပဲ’**

**(၆)**

‘ခက်တာက ဘယ်ဟာကို လျှို့ဝှက်ရမယ်၊ ဘယ်ဟာကို ထိုးထွင်းသိသာ မြင်ရမယ်ဆိုတာကို လုပ်ငန်းစီမံခန့်ခွဲသူတွေက သေသေချာချာ သဘောမပေါက်ကြတာတွေ ရှိနေတယ်။ ပိုပြီးဆိုးတာက လျှို့ဝှက်သင့်တာကို ထိုးထွင်းသိသာ မြင်အောင်လုပ်၊ ထိုးထွင်းသိသာ မြင်သင့်တာတွေကို ဖုံးဖုံးဖိဖိလုပ်တာပဲ’ ဟု ကုမ္ပဏီတစ်ခု၏ လူ့စွမ်းအားအရင်းအမြစ် မန်နေဂျာအဆင့်ရှိ လူငယ်အမျိုးသမီးတစ်ဦးက ရင်ဖွင့်ဖူးသည်။ အရာရာကို လျှို့ဝှက်ခြင်း၊ အရာရာကို ထိုးထွင်းသိသာ မြင်စေခြင်းတို့သည် အစွန်းနှစ်ပါး ဖြစ်ကြသည်။ လုပ်ငန်းများ စီမံခန့်ခွဲရာတွင် ယင်းနှစ်ပါးကို ရှောင်ကာ၊ တချို့သော ကိစ္စများကို သိသာမြင်စေ၊ တချို့သော ကိစ္စများကို လျှို့ဝှက်သိုသိပ်ခြင်းတို့ကို လုပ်ဆောင်ကြရပါသည်။ မန်နေဂျာများ အမှုဆောင်အရာရှိများသည် ယင်းတို့နှင့်ပတ်သက်၍ မှန်ကန်သော ဆုံးဖြတ်ချက်ပေးရန် အရေးကြီးလာပါသည်။ မှန်ကန်သော ဆုံးဖြတ်ချက် ချမှတ်နိုင်ဖို့ရာတွင် ထိုသူ၏ အတွေ့အကြုံ စေတနာ၊ သမာသမတ်ကျမှု၊ ရင့်ကျက်မှု စသည့်အချက်များအပေါ်တွင် တည်မှီနေမည်ဟု ယူဆပါသည်။

**အတွဲ(၁)၊ အမှတ် (၂၈)** *7 Day News Journal*

# ခေါင်းအေးအေးထားပါ
# ပြီးတော့ စိတ်ကလေးနည်းနည်း ပူပါ



www.burmeseclassic.com

သူက
စကားနည်းသော်လည်း
သူ့ကို
လောသူများ
ရှိလျှင်တော့
လက်သုံးစကား
တစ်ခွန်းနှင့်
ပြန်ဆင်ခြေ
ပေးတတ်သည်
မရှိလို့
လုပ်စားတာပဲဗျာ
ဖြည်းဖြည်းပေါ့
ဟူသည့်
စကားပင်ဖြစ်သည်

(၁)

လုပ်ငန်း အစီရင်ခံစာက သန်ဘက်ခါတွင် တင်ရမည်။ အစီရင်ခံစာတွင် ပါဝင်ရမည့် ကိန်းဂဏန်း အချက်အလက်များကို အချိန်မီ ပြုစုဖို့ လိုလာသည်။ အချိန်က လုပ်ရက် ၂ ရက်ပဲ ကျန်တော့သည်။ မနက်ဖြန်ပိတ်ရက်မှာ မနားဘဲဆင်းမှ အချိန်မီ ပြီးစီးမည်ဖြစ်သည်။ ထို့ကြောင့် မနက်ဖြန် အလုပ်ဆင်းကြဖို့ တိုက်တွန်းရသည်။ အလုပ်ဆင်းကြသောအခါတွင် စုစုပေါင်း ၄ ဦးရှိသည့်အနက် ၂ ဦးက လာပါမည်ပြောပြီး ပေါ်မလာဘဲ ရှိသည်။ နောက်တစ်နေ့ ရုံးတက်ရက်ရောက်သည့်အခါ သူတို့ ရုံးလာကြသဖြင့် မနေ့က မလာဖြစ်သည့် အကျိုးအကြောင်းကို မေးမိသည်။ သူတို့က ကိုယ်ရေးကိုယ်တာကိစ္စများ အရေးတကြီး ပေါ်လာသဖြင့် မလာရောက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ရှင်းပြသည်။ မနက်ဖြန် တစ်ရက်တောင် အချိန်ရပါသေးတယ်၊ အေးအေးဆေးဆေး ပြီးပါတယ် ဟုပင် အတွန့်တက်လိုက်ကြသေးသည်။ တကယ်တမ်းလုပ်ကြသည့် အခါတွင် မမျှော်လင့်သည့် အခက်အခဲ အသေးအမွှားလေးတစ်ခုကြောင့် မပြီးနိုင်ဖြစ်လာသည်။ အရပ်ကူပါ၊ လူဝိုင်းပါ လုပ်ကြရသည်။ တခြားသူတွေကို စစ်ကူတောင်းရသည်။ တင်ရမည့်အချိန်ထက် ၃ နာရီခန့် နောက်ကျပြီးမှ အစီရင်ခံစာကို တင်နိုင်လေသည်။

(၂)

ကျွန်တော့်တွင် ဦးလေးတစ်ဝမ်းကွဲတော်စပ်သူတစ်ဦး ရှိသည်။ သူသည် စကားအလွန်နည်းသည့်အပြင် တက်တက်ကြွကြွပုံမျိုး ဘယ်တော့မှ မတွေ့ရပေ။ သူ့ကို ခိုင်းလိုက်ပါက ဘယ်တော့မှ မလုပ်နိုင်ဘူးဟု မပြော။ အမြဲ ခေါင်းညိတ်သည်။ ပြီးတော့ ဘယ်တော့မှမပြီး။ နောက်က လူတစ်ဦးက အမြဲတမ်း လိုက်ရသည်။ သူက စကားနည်းသော်လည်း သူ့ကို လောသူများရှိလျှင်တော့ လက်သုံးစကားတစ်ခွန်းနှင့် ပြန်ဆင်ခြေပေးတတ်သည်။ မရှိလို့လုပ်စားတာပဲဗျာ ဖြည်းဖြည်းပေါ့ဟူသည့် စကားပင်ဖြစ်သည်။ ကြီးတော်ကြီးတွေကဆိုလျှင် သူလုပ်ပုံကိုကြည့်ပြီး နင်ဟာလေ ပုံကမထုံတက်တေးနဲ့။ ဆောင့်ကိုင်ပစ်ချင်စိတ်တောင် ပေါက်တယ် ဟု သူ့ကို အမြဲ ပြောလေသည်။

www.burmeseclassic.com

## (၃)

တကယ့်အဖြစ်အပျက်လား သို့မဟုတ် ထိုးဇာတ်လားဆို သည်တော့ ကျွန်တော် သေသေချာချာမသိ။ ကြားဖူးခဲ့သည်ကတော့ ကြာပြီ။ ကျေးရွာကလေးတစ်ရွာတွင် မြစ်ရေတက်လာသည်။ ရွာသားတွေက မြစ်ရေတွေ တက်လာပြီဆိုကတည်းက အထုပ်အပိုးတွေပြင်ကာ ရွာကို စွန့်၍ ဘေးလွတ်ရာသို့ ပြေးကြသည်။ တစ်ဦးကတော့ ဘာမျှမလုပ်ဘဲ မြစ်ရေကို အိမ်ပေါ်ကထိုင်ကြည့်နေသည်။ သူ့အိမ်နှင့် အဝေးကြီးလိုသေးသည်ဆိုကာ ဆေးပေါ့လိပ်ပင် အဖွာမပျက်။ ရေက ရှေ့အိမ်တွေနားရောက်လာသည်။ သူ့အိမ် မရောက်သေးဟုဆိုကာ မလှုပ်။ အိမ်တိုင်ခြေရောက်လာသည်။ ကပြင်မှ မရောက်သေးတာဆိုပြီး အေးအေးဆေးဆေး နေဆဲ ကပြင်ကို ရေမြုပ်သွားတော့ အိမ်ကြမ်းပြင်မှာ နေလို့ရသေးသည် ဆိုကာ ဆက်နေသည်။ ကြမ်းပြင်အထိ ရေရောက်တော့လည်း ခေါင်မိုးရောက်ဖို့ အများကြီး လိုပါသေးတယ်ဟု သူတွေးသည်။ ထိုစဉ်တွင်ပင် ရေက ရုတ်ခြည်းအတက်ကြမ်းလာကာ အိမ်ကိုတိုက်ချသွားရာ ထိုသူသည် အိမ်နှင့်အတူရေစော်၍ မြစ်ရေထဲ မျောပါသေဆုံးသွားရလေသည်။

## (၄)

အလုပ်လုပ်ကြသည့်အခါ ခေါင်းအေးအေးထားလုပ်ဟု အမြဲပြောကြသည်။ လူကြီးသူမများကလည်း ဘာပဲလုပ်လုပ် ခေါင်းအေးအေး ထားလုပ်ကြဟု အမြဲ သွန်သင်ဆုံးမသည်။ ခေါင်းအေးအေးထားလုပ် ဆိုသည့် စကားသည် စိတ်မပူနဲ့ဆိုသည့်စကားနှင့် အတူတူလို့ပင် ထင်ရသော်လည်း တကယ်ခွဲခြမ်းစိတ်ဖြာကြည့်လျှင်မူ ကွဲပြားခြားနားကြောင်း တွေ့ကြရပါသည်။

**ခေါင်းအေးအေး ထားလုပ်ဆိုသည့် စကားသည် စိတ်မပူနဲ့ဆိုသည့် စကားနှင့် အတူတူလို့ပင် ထင်ရသော်လည်း တကယ်တမ်း ခွဲခြမ်းစိတ်ဖြာ ကြည့်လျှင်မူ ကွဲပြား ခြားနားကြောင်း တွေ့ကြရပါသည်**

## (၅)

ခေါင်းအေးအေးထားလုပ်ဆိုသည်မှာ အစီအစဉ်များ ပရမ်းပတာဖြစ်သွားမှာ တကယ့်အမှန်တရားကို မသုံးသပ်မိမှာ အချက်အလက်တွေ မပြည့်မစုံကျန်ရစ်ခဲ့မှာ ဆုံးဖြတ်ချက်တွေ မှားယွင်းမှာ စည်းလွတ်ဘောင်လွတ်လုပ်မိမှာ စသည်တို့ ဖြစ်မည်စိုးသဖြင့် ပြောခြင်းဖြစ်သည်။ ခေါင်းအေးမှ အမှန်တရားကို မြင်နိုင်မည်။ ဆုံးဖြတ်ချက်ကောင်းမည်။ စည်းနှင့်ဘောင်နှင့် လုပ်နိုင်မည်ဖြစ်သည်။ သို့ရာတွင် တချို့သောလူများ

www.burmeseclassic.com

အလုပ်တစ်ခု လုပ်ရာတွင် အနည်းဆုံး ရှိသင့်သည်မှာ စိတ်ကလေး ပူတတ်ဖို့ပဲ ဖြစ်သည်ဟု ကျွန်တော်ကတော့ ထင်သည် စိတ်ပူသည်ဆိုခြင်းမှာ သည်အလုပ်ကို ငါတာဝန်ယူထားတယ် ငါမလုပ်ရင် ဘာတွေဖြစ်မယ် ငါ ဘယ်နေ့မှာ ဘာတွေပြီးမှ အလုပ်တစ်ခုလုံး ပြီးမယ် စသည်ဖြင့် တွေးထားကာ မိမိ၏အလုပ်ပေါ်တွင် အမြဲ သတိထား အမြဲသုံးသပ်သည့် စိတ်ကလေး ထားပေးဖို့ပဲ ဖြစ်ပါသည်

က ခေါင်းအေးအေးထားလုပ်ဆိုသည်နှင့် တကယ့်ကို အေးပစ်လိုက်ကြတော့သည်။ ခေါင်းပင်မကဘဲ အလုပ်တွေကိုလည်း အေး၊ လှုပ်ရှားမှုတွေကိုလည်း အေး၊ အရာရာကို အေးပစ်လိုက်ကြလေသည်။ ထိုအခါတွင် လုပ်ငန်းခွင်၌ အဆင်မပြေမှုများ မပြီးစီးမှုများ ဆုံးရှုံးနစ်နာမှုများ များစွာတို့နှင့် ကြုံတွေ့ကြရတော့လေသည်။

(၆)

အလုပ်တစ်ခုလုပ်ရာတွင် အနည်းဆုံး ရှိသင့်သည်မှာ စိတ်ကလေး ပူတတ်ဖို့ပဲဖြစ်သည်ဟု ကျွန်တော်ကတော့ ထင်သည်။ စိတ်ပူသည်ဆိုခြင်းမှာ သည်အလုပ်ကို ငါတာဝန်ယူထားတယ်၊ ငါမလုပ်ရင် ဘာတွေဖြစ်မယ်၊ ငါ ဘယ်နေ့မှာ ဘာတွေပြီးမှ အလုပ်တစ်ခုလုံးပြီးမယ် စသည်ဖြင့် တွေးထားကာ မိမိ၏အလုပ်ပေါ်တွင် အမြဲ သတိထား၊ အမြဲသုံးသပ်သည့် စိတ်ကလေး ထားပေးဖို့ပဲ ဖြစ်ပါသည်။ သည်နေ့မလုပ်လည်း မနက်ဖြန်လုပ်လို့ရတယ်။ ငါမလုပ်လည်း ကျန်တဲ့ တစ်ယောက်ယောက်လုပ်မှာပဲဟု ဘာကိုမျှ မပူမပန်နေခြင်းသည် ခေါင်းအေးအေးထားခြင်းနှင့် ဘာမျှမဆိုင်ကြောင်း သိသာပါသည်။ ထို့ကြောင့် စိတ်ကလေး ပူတတ်ခြင်းသည် တာဝန်ကိုယူလိုက်ခြင်းပဲ ဖြစ်ပါသည်။ တာဝန် သိသူများသာ စိတ်ပူတတ်ကြသည်။ တာဝန်မဲ့သူ၊ တာဝန်မသိသူ၊ တာဝန် ကို နားမလည်သူ၊ တာဝန်ကို ရှောင်ကြသူများသည် စိတ်ပူတတ်ကြမည် မဟုတ်ပါ။ ထို့ကြောင့် လုပ်ငန်းများလုပ်ကိုင်ကြရာတွင် အောင်မြင်ပြီးစီးရေး အတွက် ခေါင်းအေးအေးထားတတ်ခြင်းနှင့်အတူ စိတ်ကလေးပူတတ်ဖို့သည်လည်း အရေးကြီးသည်ဟုသာ ဆိုလိုက်ချင်ပါသည်။

**အတွဲ(၁)၊ အမှတ် (၃၄)** *7 Day News Journal*

www.burmeseclassic.com



# ရွှင်မြူးသောစိတ်နှင့် အလုပ်လုပ်ပါ

www.burmeseclassic.com

(၁)

ကလေးတစ်စု ဆော့ကစားနေကြသည်။ မိန်းကလေးတွေက ဖန်ခုံတမ်း ကစားနေကြခြင်းဖြစ်ပြီး ယောကျ်ားလေးတွေက ကျားထိုးနေကြသည်။ သူတို့သည် ကျောင်းအားရက်ဖြစ်သဖြင့် နေ့လယ်ပိုင်းကတည်းက ဆော့ကစားနေကြသည်မှာ ညနေစောင်းလာသည်။ အဆော့မပျက်၊ အဆော့မနား။ အိမ်ကလူကြီးတွေက ရေချိုးပါတော့လား၊ ထမင်းစားပါတော့လား တကြော်ကြော်ခေါ်သည်ကိုလည်း မကြား ဖြစ်နေကြသည်။ နောက်ဆုံးတွင် စိတ်မရှည်သောမိဘတွေက ကြိမ်စာလာကျွေးတော့မှ သူတို့ အိမ်ပြန်ကြသည်။ အဆော့မက်ဦးဟဲ့ဟုဆိုကာ အပြောခံရင်း အံတင်း၍ အရိုက်ခံကြသည်။ သူတို့ကိုကြည့်ရင်း ကျွန်တော်တို့ငယ်စဉ်ကလေးဘဝတွင်လည်း အလားတူ အရိုက်ခံခဲ့ရပုံများကို ပြန်လည်သတိရလာသည်။

(၂)

သူသည်
ရေနွေးကြမ်းလေး
တစ်ကျိုက်
သောက်လိုက်
စုတ်ကို
ပြန်ကိုင်လိုက်နှင့်
သူ့ကြည့်ရသည်မှာ
တစ်လောကလုံးကို
မေ့ထားသည့်
သူနှင့်
တူနေသည်

သူငယ်ချင်း ပန်းချီဆရာတစ်ယောက်ရှိသည်။ သူသည် ပန်းချီကားတစ်ချပ်ကို ဆွဲသည့်အခါ ထမင်းမေ့၊ ဟင်းမေ့ ဆွဲတတ်သည်။ သူ့အနားတွင် ရေနွေးကြမ်းတစ်အိုးကိုသာ အိမ်သားများက မပြတ်ဖြည့်ပေးရသည်။ သူသည် ရေနွေးကြမ်းလေး တစ်ကျိုက်သောက်လိုက်၊ စုတ်ကိုပြန်ကိုင်လိုက်နှင့် သူ့ကြည့်ရသည်မှာ တစ်လောကလုံးကို မေ့ထားသည့်သူနှင့် တူနေသည်။ သူသည် သူဆွဲသော ပန်းချီကားကို အရှေ့က ရပ်ကြည့်လိုက်၊ ဘယ်ကကြည့်လိုက်၊ ညာကကြည့်လိုက်၊ ကပ်ကြည့်လိုက်၊ ခွာကြည့်လိုက်၊ မျက်လုံးမှေးကြည့်လိုက်၊ မျက်မှောင်ကြုတ်ကြည့်လိုက်နှင့် သူ့ဖာသာသူ အရသာခံကာ သူ့ဖာသာသူ ပီတိဖြစ်နေသည်။

(၃)

ကျွန်တော် အထက်တန်းကျောင်းသားဘဝက ဖြစ်ပါသည်။ အတန်းထဲတွင် ဓာတုဗေဒသင်သော ဆရာဦးမြင့်စိုးသည် စာပြရာတွင် အသင်အပြကောင်းသူဟု နာမည်ကြီးသည်။ သူသည် အတန်းထဲသို့ လာသည့်အခါ မည်သည့်စာအုပ်မျှ ပါမလာ။ တိုက်ပုံအင်္ကျီက မီးပေါက်ရာဗရပွနှင့်ဖြစ်သည်။ သူသည် စာသင် သည့်အခါတွင် သင်ခန်းစာများကို

www.burmeseclassic.com

ပုံနှိပ်စာအုပ်အတိုင်း အစီအစဉ်လိုက်မသင်။ နားလည်လွယ်မည့် စိတ်ဝင်စားစရာကောင်းမည့် အချက်တွေနှင့် စသည်။ စာသင်ရင်း မှတ်သားစရာ ရယ်မောစရာတချို့ကို ကြားညှပ်သွားသည်။ သို့သော် သူ့အချိန်ပြီးသွားသည့်အခါတွင်တော့ သူသည် ယင်းသင်ခန်းစာကို အစအဆုံး သင်ပေးသည့်သဘော ဖြစ်သွားသည်။ သူသည် စာသင်ရာတွင် အသံကို ဖိလိုက်၊ ဖော့လိုက်၊ လေယူလေသိမ်းကို အမျိုးမျိုးပြောင်းလိုက်၊ လက်တွေက အသွင်အမျိုးမျိုး လှုပ်ရှားလိုက်နှင့် ရှိနေသည်။ သူစာသင်နေသည်ကို ကြည့်နေရသည်ကိုက ကြည့်၍ ကောင်းနေသေးတော့သည်။

**(၄)**

ခေတ်လူငယ်နှစ်ဦး စကားပြောနေသည်ကို ဆောကထိုင်ကြည့်ဖူးသည်။ သူတို့က အလုပ်အကြောင်း ပြောဆိုနေကြခြင်း ဖြစ်သည်။ လူငယ်များပီပီ ဖြောင်ကျကျ ပွင့်ပွင့်လင်းလင်း ပြောနေကြသည်။ တစ်ယောက်က သူ၏ကိုယ်ပိုင်လုပ်ငန်း မအောင်မြင်သည်ကို ရင်ဖွင့်ခြင်းဖြစ်သည်။ သူငယ်ချင်းဖြစ်သူက ရင်ဖွင့်သူ၏စကားကို ဆုံးအောင် နားထောင်ပြီးသောအခါ ယခုလို တဲ့တိုးကြီး ပြန်ပြောသည်။ '*မင်း လုပ်ငန်းကို ဒီလိုပဲဖြစ်လိမ့်မယ်ဆိုတာ ငါအစကတည်းက ထင်ထားပြီးသားပါ ဟောကောင်။ ဘာဖြစ်လို့၊ ညာဖြစ်လို့ ဆိုပြီး အကြောင်းပြချက်တွေ လျှောက်ရှာမနေနဲ့။ အဓိကက တစ်ချက်ပဲရှိတယ်။ မင်းက မင်းကိုယ်တိုင် ဖီးလ် (ဖီလင်ဆိုသောစကားကို အတိုကောက်သုံးခြင်း)မလာတဲ့ အလုပ်ကြီးကို သွားလုပ်တာကိုး။ ဘယ်လိုလုပ် အောင်မြင်မလဲ။ ငါတို့က ဖီးလ်လာတဲ့ အလုပ်ပဲ လုပ်တယ်*' ဟု ပြောလိုက်ခြင်း ဖြစ်လေသည်။

*'မင်း လုပ်ငန်းကို ဒီလိုပဲ ဖြစ်လိမ့်မယ်ဆိုတာ ငါ အစကတည်းက ထင်ထားပြီးသားပါ ဟောကောင် ဘာဖြစ်လို့ ညာဖြစ်လို့ ဆိုပြီး အကြောင်းပြချက်တွေ လျှောက်ရှာမနေနဲ့ အဓိကက တစ်ချက်ပဲရှိတယ် မင်းက မင်းကိုယ်တိုင် ဖီးလ်(ဖီလင်ဆိုသော စကားကိုအတို ကောက်သုံးခြင်း) မလာတဲ့ အလုပ်ကြီးကို သွားလုပ်တာကိုး*

**(၅)**

အလုပ်လုပ်ကြရာတွင် *Passion* နှင့် လုပ်ကြဖို့ လိုသည် ဟူသောစကားကို ကျွန်တော်သည် စီမံခန့်ခွဲမှုဆိုင်ရာ ဟောပြောပွဲတစ်ခုတွင် နားထောင်ခဲ့ရဖူးသည်။ အင်္ဂလိပ်ဝေါဟာရ *Passion* ကို မြန်မာလို ရမ္မက်ဟု ဘာသာပြန်လေ့ ရှိကြသည်။ ရမ္မက်ဟု ဆိုလိုက်သည်နှင့် အများစုက အချစ်ရေးနှင့် လိင်ကိစ္စများနှင့် တွဲမြင်တတ်ကြသည်။ အမှန်မှာ ရမ္မက်ဟူသော စိတ်သည် ယင်းတို့ထက် ပို၍ အဓိပ္ပာယ် ကျယ်ပြန့်နက်ရှိုင်းပါသည်။ အင်္ဂလိပ်အဘိဓာန်များတွင် *Passion* ကို *A strong*

www.burmeseclassic.com

*feeling of excitement and interest in something* ဟုလည်း အဓိပ္ပာယ် ဖွင့်ဆိုထားပါသည်။ ဆိုလိုသည်မှာ တစ်စုံတစ်ရာအပေါ်တွင် ပြင်းပြစွာ စိတ်လှုပ်ရှားခြင်းနှင့် စိတ်ဝင်စားခြင်းဖြစ်သည့် ခံစားချက်ဟု ဆီလျော်အောင် ပြန်နိုင်ပါသည်။ ထို့ကြောင့် အလိုရမ္မက်ကို အောင်မြင်မှုအတွက် စေ့ဆော်စိတ်ဟု ပြောက ရနိုင်ပါသည်။

**(၆)**

*'ဘဝတွင် မဟာ့မဟာ အောင်မြင်မှုများ ရနေသူတို့သည် ပျော်ရွှင်ခြင်းနှင့် ရမ္မက်များရှိကြသည် သူတို့သည် သူတို့ ဘာပဲလုပ်လုပ် ယင်းအလုပ်အပေါ်တွင် စိတ်ခံစားမှု ပြင်းပြင်းပြပြထား အလုပ် လုပ်ကြသည်'*

ငယ်စဉ်ကလေးဘဝတွင် ဆော့ကစားကြခြင်းသည် ကလေးတို့ အလုပ်လုပ်နေခြင်းဖြစ်သည်။ သူတို့သည် သူတို့အလုပ်အပေါ်တွင် စိတ်ဝင်စားလှုပ်ရှားမှု ပြင်းပြနေသဖြင့် အဖေခေါ်လည်း မသိ၊ အမေခေါ်လည်း မသိ ဖြစ်နေကြသည်။ ပန်းချီဆွဲကောင်းသော ပန်းချီဆရာတစ်ဦး၊ စာအသင်ကောင်းသော ကျောင်းဆရာတစ်ဦးတို့သည် သူတို့၏အလုပ်များကို နှစ်လုပ်ကြသည်။ အလုပ် လုပ်ရာတွင် *Passion* ဟုခေါ်သော ရမ္မက်စိတ်ကို ထားကြသည်။ '*ဘဝတွင် မဟာ့မဟာအောင်မြင်မှုများ ရနေသူတို့သည် ပျော်ရွှင်ခြင်းနှင့် ရမ္မက်များ ရှိကြသည်။ သူတို့သည် သူတို့ ဘာပဲလုပ်လုပ်၊ ယင်းအလုပ်အပေါ်တွင် စိတ်ခံစားမှု ပြင်းပြင်းပြပြထား အလုပ်လုပ်ကြသည်*' ဟု စာရေးဆရာ ဂျက်ဖရီချူးက သူ၏ *How to Be A Super Achiever* စာအုပ်တွင် ရေးသားခဲ့သည်။ ကျွန်တော်တို့သည် တော်တော်များများ အလုပ်ကို လုပ်ကြရာတွင် စိတ်မထည့်ဘဲ လုပ်တတ်ကြသည်။ ထို့ကြောင့်ပင် အောင်မြင်မှုကို ရသင့်သလောက်မရခြင်း သို့မဟုတ် အောင်မြင်မှုနှင့် ဝေးနေခြင်းတို့ကိုသာ ရရှိနေခဲ့ကြသည်။ စိတ်ကလေး ထည့်လိုက်ဟု တချို့က ပြောကြသည်။ ကျွန်တော်ကတော့ စောစောက ပြောခဲ့သည့် ခေတ်လူငယ်ကလေး၏ ပေါ်ပင်စကားကို အငှားသုံးကာ အလုပ်လုပ်ရာတွင် ဖီးလ်နှင့်လုပ်တတ်သည့်အကျင့် မွေးကြည့်ပါဟုသာ တိုက်တွန်းလိုက်ချင်ပါသည်။

**အတွဲ(၁)၊ အမှတ်(၃၅)** *7 Day News Journal*

www.burmeseclassic.com



# အရည်အချင်းသည် ပထမ အခွင့်အရေးသည် ဒုတိယ

www.burmeseclassic.com

(၁)

လုပ်ငန်းငယ်တစ်ခုတွင် ဖြစ်သည်။ လူငယ်ကလေးတစ်ဦးသည် ထိုလုပ်ငန်းသို့ နောက်ဆုံးဝင်ရောက်လာသော လူသစ်ဖြစ်သည်။ အသက်အရွယ်က ငယ်သေးသည်။ ထို့အပြင် ပညာအရည်အချင်းနှင့် ကြည့်ပြန်တော့လည်း ကျန်သူများနှင့်ယှဉ်ပါက အနိမ့်ဆုံး ဖြစ်နေသည်။ လုပ်ငန်းအတွေ့အကြုံကို အခုမှစသင်နေရသော အခြေအနေတွင် ရှိသည်။ ထိုသူငယ်သည် အလုပ်လုပ်ပြီး သုံးလခန့်အကြာတွင် အလုပ်က မန်နေဂျာနှင့် ဝင်တွေ့သည်။ သူက သူ့ကိုလစာမတိုးသေးဘူးလား၊ သူသည်မှာဆက်လုပ်လျှင် ဘာတွေအကျိုးရှိမလဲ၊ တက်လမ်းက ဘာတွေရှိသလဲဟူ၍ မေးသည်။ အလုပ်သင်ခါစ အတွေ့အကြုံ အလွန် နုနယ်သေးသော ထိုသူငယ်၏အမေးကို မန်နေဂျာက ဘာပြန်ဖြေရမှန်းမသိဖြစ်သွားရလေသည်။

(၂)

အလုပ်အတွက် စာရင်းထိန်းတစ်ဦးလိုသည်။ ထို့ကြောင့် ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာက သူ့ကုမ္ပဏီတွင် လက်ရှိအလုပ် လုပ်နေသော စာရင်းကိုင်မိန်းကလေးကို အလုပ်လုပ်လိုသူ သူငယ်ချင်းရှိပါက ခေါ်လာဖို့ ပြောသည်။ တစ်ပတ်ခန့်အကြာတွင် စာရင်းကိုင်မိန်းကလေးက သူ့သူငယ်ချင်းတစ်ဦးက စိတ်ဝင်စားကြောင်းပြောသည်။ ထိုအခါတွင် မန်နေဂျင်းဒါရိုက်တာက စိတ်ဝင်စားပါက ကိုယ်ရေးအချက်အလက်များနှင့်အတူ အင်တာဗျူးလာဖို့ ပြန်မှာသည်။ စာရင်းကိုင်မိန်းကလေးက တုံ့ဆိုင်းဆိုင်းဖြစ်နေပြီး 'ဆရာက သူ့ကို လစာ ဘယ်လောက်ပေးနိုင်မလဲဆိုတာ အရင်သိချင်တယ်တဲ့၊ အဲဒါကိုကြည့်ပြီးမှ လာတွေ့မတွေ့ ဆုံးဖြတ်မယ်လို့ ပြောတယ်ဆရာ' ဟု ဆိုလေသည်။ အလုပ်ရှင်က ခတ်ပြတ်ပြတ်ပင် 'အဲဒါဆိုလည်း လာမတွေ့နဲ့တော့လို့သာ ပြောလိုက်' ဟု ပြန်ပြောလိုက်သည်။

**'ဆရာက သူ့ကို လစာ ဘယ်လောက် ပေးနိုင်မလဲဆိုတာ အရင်သိချင်တယ်တဲ့ အဲဒါကို ကြည့်ပြီးမှ လာတွေ့မတွေ့ ဆုံးဖြတ်မယ်လို့ ပြောတယ်ဆရာ' ဟု ဆိုလေသည် အလုပ်ရှင်က ခတ်ပြတ်ပြတ်ပင် 'အဲဒါဆိုလည်း လာမတွေ့နဲ့တော့ လို့သာ ပြောလိုက်' ဟု ပြန်ပြောလိုက် သည်**

(၃)

ကျောင်းနေဖက်သူငယ်ချင်းတစ်ဦးက တတိယတန်းတက်နေသော သူ့သားအကြောင်း ပြောပြသည်။ သူက သူ့သား အလွန် လည်

www.burmeseclassic.com

ကြောင်း၊ လည်သမှ သူတို့လင်မယား ခဏခဏ ခံရကြောင်း စိတ်ညစ်သလိုလိုနှင့် ဂုဏ်ယူကာ ပြောပြခြင်းဖြစ်သည်။ သူက...

'ကျွန်တော့်ကောင်ဗျာ၊ အရွယ်က လက်တောင့်လောက်ပဲ ရှိသေးတယ်၊ လည်လိုက်တာ လွန်ရော၊ စာမေးပွဲနီးလာတိုင်း သားဒီတစ်ခါ ပထမကျိန်းသေရမှာ။ ဂိမ်းဝယ်ပေး၊ ဘောလုံးဝယ်ပေး၊ ဘာဝယ်ပေး၊ ညာဝယ်ပေးဆိုပြီး အမြဲတမ်း ကြိုကြိုတောင်းတာဗျ။ ကျွန်တော်တို့က အဟုတ်ထင်လို့ ဝယ်ပေးရော၊ အခုထက်ထိ တစ်ခါမှ ပထမ မရခဲ့ဘူးဗျ။ အံ့ရောပဲ' ဟု ဆိုလေသည်။

**(၄)**

စက်မှုလုပ်ငန်းလုပ်နေသူ မိတ်ဆွေတစ်ဦးရှိသည်။ သူ့တွင် အလုပ်သင်တပည့်များစွာ ရှိသည်။ အများစုမှာ နယ်ကတက်လာကြသော လူငယ်တွေဖြစ်ကြသည်။ သူက သူ့တပည့်အများစုမှာ အားကိုးစိတ်ချရကြောင်း၊ သို့ရာတွင် တချို့ စုန်းပြူးကလေးတွေတော့ ပါတတ်ကြကြောင်း၊ သူတို့သည် အများနှင့်လည်း မပေါင်းတတ်၊ အလုပ်ကိုလည်း စိတ်မဝင်စား၊ ရေသာခိုဖို့လောက်သာ ချောင်းတတ်ကြကြောင်း၊ သူတို့သည် များသောအားဖြင့် အလုပ်မမြဲကြကြောင်း၊ နှစ်လ၊ သုံးလလောက် လုပ်ပြီး အလုပ်ထွက်တတ်ကြကြောင်း၊ သူတို့ အလုပ်ထွက်ရာတွင် အကြောင်းပြကြသည့် အချက်တွေကတော့ တူနေတတ်ကြောင်း၊ ယင်းမှာ တက်လမ်းမရှိ၊ လစာမတိုး၊ အခွင့်အရေးမရဟူသည့် စကားများပဲ ဖြစ်ကြောင်း၊ ရယ်စရာတော့ ကောင်းနေကြောင်း ကျွန်တော့်ကို ရင်ဖွင့်သည်။

**သူတို့ အလုပ်ထွက်ရာတွင် အကြောင်းပြကြသည့် အချက်တွေကတော့ တူနေတတ်ကြောင်း ယင်းမှာ တက်လမ်းမရှိ လစာမတိုး အခွင့်အရေးမရ ဟူသည့် စကားများပဲ ဖြစ်ကြောင်း**

**(၅)**

အလုပ်လုပ်ရာတွင် အရည်အချင်းကို မပြဘဲနှင့် အခွင့်အရေးကို အရင် ဦးစားပေးကြသူတွေအကြောင်းကို ကျွန်တော် နားလျှံမတတ်ကြားဖူးနေခဲ့သည်။ ထိုသူတို့တွင် အများစုသည် လူငယ်အရွယ်များဖြစ်နေတတ်သည်ကိုလည်း အံ့ဩဖွယ် သိခဲ့ရပါသည်။ အရည်အချင်းကို လက်တွေ့မပြသေးဘဲနှင့် အခွင့်အရေးကို ဘာကြောင့် ရှေ့တန်းတင်ကြသနည်းဆိုသော မေးခွန်း၏အဖြေကို ကျွန်တော် ကြိုးစားရှာကြည့်ပါသည်။ ထိုအခါတွင် ဖြစ်နိုင်ချေရှိသော အချက်တချို့ကို ကျွန်တော် ဆုပ်ကိုင်မိလိုက်ပါသည်။ ယင်းတို့မှာ လူငယ်များဖြစ်သည့်အတွက်

www.burmeseclassic.com

**မန်နေဂျာ ကြီးကြပ်ရေးမှူး အလုပ်ရှင် အများစုသည် အခွင့်အရေးဆိုသည့် မက်လုံးကို အရည်အချင်းဆိုသည့် ချိန်ခွင်နှင့် ချိန်စက် ပေးတတ်ကြပါသည် ထို့ကြောင့် အခွင့်အရေးယူလိုလျှင် အရည်အချင်းနှင့် သက်သေပြရမည် ဖြစ်သည်**

ဆင်ခြင်တုံတရား အားနည်းခြင်း၊ မိမိကိုယ်ကို အထင်ကြီးလွန်းခြင်း (တချို့သည် သင်တန်းတွေ အများကြီးတက်ကာ လက်မှတ်တွေ အများကြီး ရထားလိုက်ရုံမျှနှင့် အတော်ဟုတ်လှပြီဟု ထင်နေကြသည်။ စာတွေ့နှင့်လက်တွေ့ ပေါင်းစပ်ခြင်းအတတ်ပညာ၏တန်ဖိုးကို သူတို့ နားမလည်နိုင်ကြ)၊ ဆိုးသောအလုပ်ရှင်များနှင့် ကြုံဖူးကာ မိအေးနှစ်ခါနာ မဖြစ်လိုကြခြင်း၊ အခွင့်အရေးဟူသည် အလိုလိုမရ၊ တောင်းမှရသည်ဟူသော အယူအဆယောင်းကို လက်ခံထားခြင်း၊ ဆန္ဒဇောကြီးလွန်းခြင်း စသည်တို့ဖြစ်ပါသည်။ ယင်းတို့အထဲတွင်မှ မိမိကိုယ်ကို အထင်ကြီးနေသူများနှင့် အလုပ်ရှင်ဆိုးနှင့် ခံခဲ့ရဖူးသူများသည် အများစု ဖြစ်နိုင်ပါသည်။

**(၆)**

မန်နေဂျာ၊ ကြီးကြပ်ရေးမှူး၊ အလုပ်ရှင်အများစုသည် အခွင့်အရေးဆိုသည့် မက်လုံးကို အရည်အချင်းဆိုသည့် ချိန်ခွင်နှင့် ချိန်စက် ပေးတတ်ကြပါသည်။ ထို့ကြောင့် အခွင့်အရေးယူလိုလျှင် အရည်အချင်းနှင့် သက်သေပြရမည်ဖြစ်ပါသည်။ မိမိကိုယ်တိုင်က အရည်အချင်း မပြနိုင်သေးဘဲနှင့် အခွင့်အရေးတောင်းလျှင် တောင်းသူသည် အမှား၊ အရည်အချင်း ပြနိုင်ပါလျက်နှင့် အခွင့်အရေးမရသေးဘူးဆိုလျှင်တော့ တောင်းသူသည် တရားမျှတကာ မပေးသူသည် အမှားကျူးလွန်သူ ဖြစ်သွားပါလိမ့်မည်။ ယှဉ်ပြိုင်မှုတွေများကာ ပညာတတ်တွေပေါသော သည်ခေတ်ကြီးတွင် အရည်အချင်းကိုပြသရာ၌ ပို၍ ခက်ခဲလာပါလိမ့်မည်။ မိမိ၏ အရည်အချင်းကို မြှင့်တင်နေသူသည် လက်ရှိအလုပ်တွင် လုပ်နေသည်ဆိုခြင်းထက် မိမိဘဝတစ်သက်တာအတွက် လုပ်နေသည်ဟုပင် ဆိုနိုင်ပါသည်။ အရည်အချင်းပြည့်သူသည် တစ်ချိန်ချိန်တွင် ထိုက်တန်သောအခွင့်အရေး မုချရပါလိမ့်မည်။ ထို့ကြောင့် အရည်အချင်းသည် ပထမ၊ အခွင့်အရေးသည် ဒုတိယ ဟူသော ထုံးကိုသာ နှလုံးမူကြဖို့ လိုပါလိမ့်မည်။

**အတွဲ(၁)၊ အမှတ် (၃၆)** *7 Day News Journal*

# မန်နေဂျာသည် အခရာ



သူက
လုပ်သားများနှင့်
တိုက်ရိုက်
ဆက်ဆံလုပ်ကိုင်သည်
ထို့ကြောင့်ပင်
သူသည်
လုပ်ငန်းကြီး
တစ်ခုလုံးအတွက်လည်း
စဉ်းစားရ
လုပ်ငန်းအသေးအမွှား
တစ်ခုချင်းစီ
အတွက်လည်း
ပူပင်ရဖြစ်နေသည်
သူက
'ကိုယ်တိုင်လုပ်ရတာ
ပိုစိတ်ချတယ်
မန်နေဂျာ
မလိုပါဘူးကွာ' ဟု
ပင်ပန်းနွမ်းနယ်သံဖြင့်
ပြောလေသည်

## (၁)

အလုပ်ရုံဆွေးနွေးပွဲတစ်ခုတွင် မြန်မာလူငယ် လုပ်ငန်းရှင် တစ်ဦးနှင့် စကားစမြည် ပြောဖြစ်သည်။ သူက ဝန်ဆောင်မှုပေးသော လုပ်ငန်းတစ်ခုကို တည်ထောင်ထားသည်။ သူသည် ဆွေးနွေးပွဲကို စိတ်ဖြောင့်ဖြောင့် နားမထောင်နိုင်ရှာ။ တယ်လီဖုန်းတွေ မြည်လာလိုက်၊ အပြင်ထွက်ဖုန်းပြောလိုက် ဖြစ်နေရသည်။ ကျွန်တော်က သူဖြစ်ပုံကို စူးစမ်းမိနေသည်ကို သူ သတိထားမိသွားပုံရသည်။ မျက်နှာရယ်ကျဲကျဲဖြင့် 'အစ်ကိုကြီးရာ၊ အဲဒါသာကြည့်တော့၊ ကျွန်တော့်မှာ ဘာကိုမှ မျက်နှာလွှဲလို့မရဘူး။ မန်နေဂျာကောင်းကောင်းတွေ မရှိဘူးဗျာ' ဟု မမေးရဘဲ ရှင်းပြသည်။ သူသည် ရှက်ရယ်ရယ်လိုက်ပုံရလေသည်။

## (၂)

ရန်ကုန်စက်မှုတက္ကသိုလ် (ယခု နည်းပညာတက္ကသိုလ်) အတူတူတက်၊ တစ်နှစ်တည်းဆင်းခဲ့သော သူငယ်ချင်းတစ်ဦးကို သတိရလာသည်။ သူသည် ကိုယ်ပိုင် အင်ဂျင်နီယာလုပ်ငန်း လုပ်ကိုင်နေသည်။ သူ့တွင် ဖိုမင်များ၊ ကျွမ်းကျင်လုပ်သားများ အများအပြားရှိသည်။ သို့ရာတွင် သူသည် ဆောက်လုပ်ရေးဆိုက်များသို့ သူကိုယ်တိုင် ဟိုပြေး၊ သည်ပြေး လုပ်နေရသည်။ ဟိုမှာ ပြဿနာပေါ်လည်း သူ၊ သည်မှာ ကိစ္စရှိလည်း သူ ဖြစ်နေသည်။ သူသည် သူ့လက်အောက်မှာ မန်နေဂျာတွေကို မထား။ သူက လုပ်သားများနှင့် တိုက်ရိုက် ဆက်ဆံလုပ်ကိုင်သည်။ ထို့ကြောင့်ပင် သူသည် လုပ်ငန်းကြီးတစ်ခုလုံးအတွက်လည်း စဉ်းစားရ၊ လုပ်ငန်းအသေးအမွှား တစ်ခုချင်းစီအတွက်လည်း ပူပင်ရဖြစ်နေသည်။ သူက 'ကိုယ်တိုင် လုပ်ရတာ ပိုစိတ်ချတယ်။ မန်နေဂျာ မလိုပါဘူးကွာ' ဟု ပင်ပန်း နွမ်းနယ်သံဖြင့် ပြောလေသည်။

## (၃)

လုပ်ငန်းပေါင်း ဆယ်ခုကျော်ကို တစ်ပြိုင်နက်လုပ်နေသော လူတစ်ဦးကို တွေ့ဖူးသည်။ သူလုပ်ကိုင်သော လုပ်ငန်းတော်တော်များများသည်လည်း အောင်မြင်ကြသည်။ သူသည် ထိုလုပ်ငန်း ဆယ်ခုကျော်ကို လုပ်နေသော်လည်း ပင်ပန်းနွမ်းနယ်ဟန် မရှိ။ သူ့ကို တွေ့သည့်အခါတိုင်း

www.burmeseclassic.com

BURMESE CLASSIC .com

ပြုံးရွှင်တက်ကြွနေသည်။ မိတ်ဆွေတွေနှင့် နောက်ပြောင်ရယ်မောနေနိုင်သည်။ တစ်ခါတစ်ရံတွင် သူငယ်ချင်းများနှင့် ပုံမှန်ညစာစားပွဲကလေးတွေပင် လုပ်နိုင်သည်။ ကျွန်တော် သူ့ကို အားလည်းကျသည်။ စိတ်လည်းဝင်စားသွားသည်။ တစ်ရက်တွင် ကြုံသဖြင့် သည်လောက်အလုပ်တွေအများကြီးကို အောင်မြင်အောင်လုပ်ရာမှာ လျှို့ဝှက်ချက် ရှိပါသလားဟု မေးမိသည်။ သူက အားရပါးရ ရယ်မောသည်။ ပြီးနောက် လျှို့ဝှက်ချက်ရယ်လို့ မဟုတ်ပါဘူးဗျာ။ တစ်ခုတော့ ရှိတယ်။ ကျွန်တော့်မှာ မန်နေဂျာကောင်းတွေ ရှိထားတယ်။ အဲဒါကြောင့် ကျွန်တော် အေးအေးဆေးဆေး အလုပ်လုပ်နိုင်တာဖြစ်မယ်ဟု သူက ရှင်းပြသည်။

(၄)

နိုင်ငံရပ်ခြား တိုင်းပြည်တစ်ပြည်တွင် ကျွန်တော်နေထိုင်ခဲ့စဉ်ကာလက ဖြစ်ပါသည်။ ယင်းနိုင်ငံတွင် အစိုးရတစ်ပိုင်း အဖွဲ့အစည်းတစ်ခု (အမည်နာမကို ကျွန်တော် မမှတ်မိတော့) က နှစ်စဉ် ဆုချီးမြှင့်ပွဲတစ်ပွဲ ခမ်းခမ်းနားနားလုပ်သည်ကို မီဒီယာများတွင် အကျယ်တဝင့် ဖော်ပြခဲ့သည်များ ကျွန်တော် အမှတ်ရနေတုန်း ဖြစ်သည်။ ဆုက နှစ်တစ်နှစ်အတွက် အကောင်းဆုံး မန်နေဂျာများဆု ဖြစ်သည်။ *Private sector* ဟု ခေါ်သော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများတွင် ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်ကြသော မန်နေဂျာများကို အသိအမှတ်ပြု ဂုဏ်ပြုသည့်ပွဲ ဖြစ်သည်။ ထိုမန်နေဂျာများသည် မည်သည့် လုပ်ဆောင်မှုများကြောင့် ဆုများ ချီးမြှင့်ရကြောင်းများကိုပါ ဖတ်ရသည်။ အတုယူအားကျဖွယ် ဖြစ်လေသည်။ တစ်နည်းအားဖြင့်ဆိုပါက မန်နေဂျာများသည် အဖွဲ့အစည်းတစ်ခုအတွက် မည်မျှအရေးပါသည့် အခန်းကဏ္ဍတွင်ရှိနေကြောင်း မီးမောင်းထိုးပြသည့်ပွဲများဟုလည်း ဆိုနိုင်ပေသည်။

**ဆုက နှစ်တစ်နှစ်အတွက် အကောင်းဆုံး မန်နေဂျာများဆု ဖြစ်သည် *Private sector* ဟု ခေါ်သော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်း အဖွဲ့အစည်းများတွင် ထူးထူးချွန်ချွန် ဆောင်ရွက်နိုင်ကြသော မန်နေဂျာများကို အသိအမှတ်ပြု ဂုဏ်ပြုသည့်ပွဲ ဖြစ်သည်**

(၅)

နိုင်ငံတကာစီးပွားရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ စာစောင်များ၊ မဂ္ဂဇင်းများတွင်လည်း နှစ်တစ်နှစ်အတွက် အကောင်းဆုံး စီမံခန့်ခွဲသူများ၊ ထူးခြားပြောင်မြောက်သော မန်နေဂျာများ စသဖြင့် ရွေးချယ်ဖော်ပြသည့် အစဉ်အလာများ ယနေ့တိုင်ထွန်းကားဆဲဖြစ်ပါသည်။ မန်နေဂျာများသည် ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ ဝန်ဆောင်မှုများ ဆန်းသစ်စိတ်တိုင်းကျ

www.burmeseclassic.com

မန်နေဂျာဆိုသည်မှာ သူများကို လက်ညှိုးထိုးခိုင်းသည့် သူများမဟုတ် စီမံခန့်ခွဲကြသူများ ဖြစ်သည် စီမံခန့်ခွဲသည်ဟု ဆိုသည်နှင့် ညှိနှိုင်းခြင်း၊ ပေါင်းစပ်ခြင်း စည်းရုံးခြင်း စေ့ဆော်ခြင်း စသည့် အလုပ်တွေကိုပါ တွဲမြင်တတ်ဖို့ လိုပါသည် မန်နေဂျာများသည် လုပ်ငန်းတစ်ခုတွင် ဘော့စ်ဟုခေါ်သော လုပ်ငန်းပိုင်ရှင်များထက် ပို၍အရေးပါသော အခန်းကဏ္ဍတွင် လှုပ်ရှားဆောင်ရွက် နေကြရမည့် သူများ ဖြစ်ပါသည်


ဖြစ်စေရေး၊ ကုန်သွယ်မှုများ ဖွံ့ဖြိုးရေး စသည်တို့တွင် အဓိကနေရာများတွင် တာဝန်ယူထားကြသူများ ဖြစ်ကြပါသည်။ မန်နေဂျာကောင်းကောင်း ရထားသော စီးပွားရေးလုပ်ငန်းများသည် အောင်မြင်တိုးတက်ကြသည်။ မန်နေဂျာမရှိသော၊ အရည်အချင်းညံ့ဖျင်းသော မန်နေဂျာများ စီမံခန့်ခွဲနေသည့် လုပ်ငန်းများသည် ဆုတ်ယုတ်ကျဆင်းတတ်ကြသည့် သဘောသဘာဝ ရှိကြပါသည်။ မန်နေဂျာများသည် လုပ်ငန်းတစ်ခုလုံး စနစ်တကျ ဖွံ့ဖြိုးစေရေးအတွက် အနားသတ်ပေးသည့်၊ ပုံသွင်းပေးသည့်၊ ဆွဲယူပေးသည့်၊ တည့်မတ်ပေးသည့်သူများ ဖြစ်ကြပါသည်။

(၆)

'မန်နေဂျာတော့ ခန့်ထားပါတယ်။ ဒါပေမယ့် ခက်နေတာက မန်နေဂျာဆိုတာနဲ့ သူတို့က သူများကို ခိုင်းရမယ့်သူတွေလို့ ထင်ထားကြပြီး လက်ညှိုးတစ်ချောင်းနဲ့ ဖိခိုင်းကြတော့တာပဲ။ အဲဒီ့အခါမှာ အောက်ကဝန်ထမ်းတွေနဲ့ မလိုလားအပ်တဲ့ ဆက်ဆံရေးမပြေပြစ်မှုတွေ ဖြစ်ကုန်ရော' ဟု ခေတ်ပညာတတ် ကုမ္ပဏီပိုင်ရှင်တစ်ဦးက ဆိုသည်။ မှန်ပါသည်။ မန်နေဂျာဆိုသည်မှာ သူများကို လက်ညှိုးထိုးခိုင်းသည့် သူများမဟုတ်။ စီမံခန့်ခွဲကြသူများ ဖြစ်သည်။ စီမံခန့်ခွဲသည်ဟု ဆိုသည်နှင့် ညှိနှိုင်းခြင်း၊ ပေါင်းစပ်ခြင်း၊ စည်းရုံးခြင်း၊ စေ့ဆော်ခြင်း စသည့်အလုပ်တွေကိုပါ တွဲမြင်တတ်ဖို့ လိုပါသည်။ မန်နေဂျာများသည် လုပ်ငန်းတစ်ခုတွင် ဘော့စ်ဟုခေါ်သော လုပ်ငန်းပိုင်ရှင်များထက် ပို၍အရေးပါသော အခန်းကဏ္ဍတွင် လှုပ်ရှားဆောင်ရွက်နေကြရမည့်သူများ ဖြစ်ပါသည်။ မန်နေဂျာများကိုယ်တိုင်က အရည်အချင်းပြည့်ဝသော မန်နေဂျာကောင်းများ ဖြစ်လာ၊ လုပ်ငန်းရှင်တို့ကလည်း မန်နေဂျာများ၏ အရေးပါအရာရောက်မှုကို အသိအမှတ်ပြုပြီး မန်နေဂျာကောင်းများကို အံဝင်ခွင်ကျ အသုံးချနိုင်လျှင် အောင်မြင်သော စီးပွားရေးလုပ်ငန်းများစွာ ပေါ်ထွန်းလာမည့်အပြင် နိုင်ငံ၏ စီးပွားဖွံ့ဖြိုးမှုကို ထိထိရောက်ရောက် အကျိုးပြုလာမည်ဟု ဆိုချင်ပါသည်။

**အတွဲ (၁)၊ အမှတ် (၄၇)** *7 Day News Journal*

# အချက်အလက်ကိုအခြေခံ စိတ်ခံစားမှုကိုမေ့ထား



www.burmeseclassic.com

**သူသည်**
**အလုပ်ကြိုးစား**
**မလုပ်သော**
**ဝန်ထမ်း ၂ ဦးကို**
**မကြာခဏ**
**လစာတိုးပေးသည်**
**ထိုဝန်ထမ်းများသည်**
**အလုပ်ကောင်းကောင်း**
**မလုပ်သော်လည်း**
**သူဌေးဖြစ်သူ**
**သူ့အနားတွင်**
**ပျာနေတတ်သည့်**
**အနားပြာများ**
**ဖြစ်ကြသည်**

**(၁)**

ဂြိုဟ်တုရုပ်မြင်သံကြား တိုက်ရိုက်သတင်းပေးပို့ချက်တစ်ခုကို ကျွန်တော် ကြည့်ခဲ့သည်။ သတင်းသည် အီရတ်အရေးကိစ္စနှင့်ပတ်သက်ပြီး ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံများအား လက်နက်စစ်ဆေးရေးအဖွဲ့ခေါင်းဆောင်က အစီရင်ခံစာ တင်သွင်းခြင်းဖြစ်သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က သူ့ထင်မြင်ချက်နှင့် ရပ်တည်ချက်တို့ကို စိတ်လှုပ်ရှားစွာ တင်ပြနေသည်။ ထို့နောက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ပြောဆိုရမည့်အလှည့် ရောက်လာသည်။ ရုရှားနိုင်ငံခြားရေးဝန်ကြီးက အမည်နာမ ထုတ်ဖော်ပြောကြားခြင်း မပြုသော်လည်း ဆုံးဖြတ်ချက်ချရာတွင် အချက်အလက်များအပေါ်တွင်သာ အခြေခံသင့်ပြီး စိတ်ခံစားလှုပ်ရှားမှုအပေါ်တွင် အခြေမခံသင့်ကြောင်း ပြောဆိုသွားသည်ကို ရုပ်မြင်ဖန်သားပြင်တွင် ကြည့်လိုက်၊ ကြားလိုက်ရသည်။

**(၂)**

ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နေသူတစ်ဦးရှိသည်။ သူသည် အလုပ်ကြိုးစားမလုပ်သော ဝန်ထမ်း ၂ ဦးကို မကြာခဏ လစာတိုးပေးသည်။ ထိုဝန်ထမ်းများသည် အလုပ်ကောင်းကောင်းမလုပ်သော်လည်း သူဌေးဖြစ်သူ သူ့အနားတွင် ပျာနေတတ်သည့် အနားပြာများဖြစ်ကြသည်။ အလုပ်ကိုကြိုးစားလုပ်ပြီး မဟုတ်မခံစိတ်ရှိသည့် သူ့မန်နေဂျာတစ်ဦးမှာမူ လစာလည်းမတိုး၊ ရာထူးလည်း မတက်ဖြစ်နေသည်။ သူက "ကျုပ်က အလုပ်ရှင်ပဲ။ ကိုယ်သဘောကျတဲ့ သူကို လစာတိုးပေးတယ်။ ကျုပ်ကြည့်မရတဲ့သူကို သည်အတိုင်းပဲထားတယ်။ အဲဒါဘာဖြစ်သလဲ" ဟု လူရင်းများ က အကျိုးအကြောင်းမေးမြန်းကြည့်သည့်အခါ ဘုတောလွှတ်သည်ဆို သည်။

**(၃)**

သတင်းစာဆရာကြီးတစ်ဦးက အတွေ့အကြုံများ ဖောက်သည်ချသည်ကို နားထောင်ခဲ့ဖူးသည်။ သူက သူတို့ငယ်နုစဉ်မှာ သတင်းလိုက်ခဲ့သည့် အမှားတွေကို ပြန်ပြောပြသည်။ သူသည် လူမှုရေးသတင်းတစ်ပုဒ်ရလာသည်။ သတင်းပေးသူက လူတစ်ဦးကို အလွန်ဆိုးသည့်

www.burmeseclassic.com

လူတစ်ဦးအဖြစ်၊ ကျန်သူများကို သနားစရာအပြစ်မဲ့သူများအဖြစ် ပုံဖော်ပြောပြသည်ဟု သိရသည်။ "ကျွန်တော်လည်း ကြားကြားချင်းပဲ အဲဒီဆိုးတယ်ဆိုတဲ့သူကို တော်တော်အမြင်ကတ်သွားတယ်။ လူကိုဖြူသလား၊ မည်းသလား မသိရသေးဘဲနဲ့ ကြည့်မရဖြစ်သွားတယ်နော်။ သတင်းကို သေသေချာချာ နှိုက်နှိုက်ချွတ်ချွတ်လိုက်မနေတော့ဘဲ တစ်ဖက်ကို အလေးတင်းရေးမိတော့တာပဲ။ နောက်ပိုင်းသတင်းပါလာပြီးမှ ကျန်တဲ့သူတွေ ပြောပြလို့ ပြန်စုံစမ်းကြည့်မိတဲ့အခါ ကျွန်တော်ရေးမိလိုက်တာ ပြောင်းပြန်ကြီး ဖြစ်သွားတာကို သိလိုက်ရတယ်။ ကျွန်တော်က သတင်းကို ခံစားမှုနဲ့ ရေးလိုက်တာဖြစ်သွားတယ်။ အချက်အလက်အပေါ် အခြေမခံမိလိုက်ဘူး။ ဒါ သင်ခန်းစာပဲ" ဟု ဆရာကြီးက ဆင်ခြင်စရာ ပြောသည်။

(၄)

ကျွန်တော်လေးစားအထင်ကြီးရသော ဆရာသမားတစ်ဦး ရှိခဲ့ဖူးပါသည်။ လေးစားအထင်ကြီးရသည်ဆိုသည်မှာ ဆရာသည် လုပ်ငန်းများကို ဆုံးဖြတ်ချက်ချရာ၌ ပြတ်သားသောကြောင့်ဖြစ်သည်။ ပြတ်သားရုံမျှမက ဆရာ့ဆုံးဖြတ်ချက်အများစုသည် မှန်ကန်နေတတ်သည်။ ဆရာက ကိုယ်ကတော့ လူမျက်နှာကိုမကြည့်ဘူး၊ အလုပ်မျက်နှာကိုပဲ ကြည့်တယ်ဗျဟု အမြဲပြောတတ်သည်။ ဆရာနှင့်ပတ်သက်ပြီး အံ့အားသင့်စရာကောင်းသည့် အဖြစ်ကလေးတစ်ခုကို သတိတရရှိနေတုန်းပဲဖြစ်သည်။ နိုင်ငံရပ်ခြား ပညာတော်သင် ရွေးချယ်ရေးအတွက် ဆရာသည် ဆရာနှင့်မျက်နှာကြောမတည့်သူဟု အများကထင်ထားကြသည့်သူကို ရွေးပေးလိုက်သည်။ ဆရာအငြိမ်းစားယူအပြီး ပြန်တွေ့ကြသည့်အခါ ယင်းအကြောင်းစကားပြန်စပ်မိကြသည်။ 'မင်းတို့ အံ့သြသွားခဲ့ကြတယ်မဟုတ်လား။ သူ့ကို ဆရာရွေးလိုက်တာ အကြောင်းရှိတယ်။ နံပါတ်တစ် သူဟာ အားလုံးထဲမှာ အင်္ဂလိပ်စာအကောင်းဆုံးသူ။ နံပါတ်နှစ် သင်ရမယ့်ဘာသာရပ်ကလည်း သူရထားတဲ့ဘွဲ့နဲ့အကိုက်အညီဆုံးပဲ။ နံပါတ်သုံး သူကငယ်ရွယ်သေးတော့ တကယ်လို့ ပါရဂူဘွဲ့ ဆက်ယူနိုင်ဦးမယ်ဆိုရင် အသက်မီသေးတယ်' ဟု ဆရာက အချက်အလက်နှင့် ရှင်းပြသည်။

**ကျွန်တော်က သတင်းကို ခံစားမှုနဲ့ ရေးလိုက်တာ ဖြစ်သွားတယ် အချက်အလက်အပေါ် အခြေမခံမိလိုက်ဘူး ဒါ သင်ခန်းစာပဲဟု ဆရာကြီးက ဆင်ခြင်စရာ ပြောသည်**

(၅)

ကျောသားရင်သား မခွဲဘူး။ မျှမျှတတ တော်တော်ရှိတဲ့သူ။ မှန်တဲ့ဖက်က အမြဲရပ်တည်တတ်သား။ လုပ်တာကိုင်တာ စေ့စေ့စပ်စပ်ရှိတယ်။ ကောင်းအောင်သာ လုပ်ပါကွာ၊ မင်းကြိုးစားတာ ဆရာသိပါလိမ့်မယ် စသည်ဖြင့် ကျွန်တော်တို့သည် စီမံခန့်ခွဲရေးတွင် ထူးချွန်ကြသူများနှင့်ပတ်သက်၍ ချီးမွမ်းစကားဆိုတတ်ကြပါသည်။ ထိုသူများသည် များသောအားဖြင့် အလုပ်များကို အချက်အလက်ပေါ်မူတည်ကာ စီမံခန့်ခွဲနေကြသူများဖြစ်ကြောင်း တွေ့ကြရပါသည်။ စီမံခန့်ခွဲရေးဆိုင်ရာ ဟောပြောပွဲတစ်ပွဲတွင် ဟောပြောပို့ချသူ နာမည်ကြီး စီးပွားရေးပညာရှင်တစ်ဦးက base on the facts, do not base on the emotion ဟု အင်္ဂလိပ်လို လိုတိုရှင်းပြောသွားသည်ကို မှတ်မှတ်သားသားရှိနေဆဲဖြစ်ပါသည်။

(၆)

**ဝန်ထမ်းများက လေးစားအထင်ကြီးသော စီမံခန့်ခွဲရေးမှူးများဖြစ်လိုလျှင် အချက်အလက်များကို အခြေခံ စိတ်ခံစားမှုများကို မေ့ထားဖို့လိုပါသည် အချက်အလက်မှန်များဖြစ်ဖို့တော့ အရေးကြီးပါသည်**

လုပ်ငန်းများကို စီမံခန့်ခွဲကြသော လုပ်ငန်းရှင်များနှင့် မန်နေဂျာများသည် ပုထုဇဉ်လူသားများဖြစ်ကြသည့်အားလျော်စွာ စဉ်းစားဆုံးဖြတ်ချက် ချရာတွင် စိတ်ခံစားမှုများဖြစ်သော ချစ်ခြင်း၊ မုန်းခြင်း၊ ကျေနပ်ခြင်း၊ မကျေနပ်ခြင်း စသည်တို့နှင့် ယှဉ်တွဲ စဉ်းစားတတ်ကြသည်မှာ သဘာဝဖြစ်ပါသည်။ သို့ရာတွင် သေးငယ်သော အမှုကိစ္စများအတွက် အကျိုးသက်ရောက်မှုက မပြောပလောက်သော်လည်း ကိန်းဂဏန်းကြီးကြီးမားမား သို့မဟုတ် စွန့်စားမှုကြီးကြီးမားမားယူရသည့် ဆုံးဖြတ်ချက်မျိုးတွင်တော့ အကျိုးသက်ရောက်မှုက သိသာအင်အားကြီးလှပါသည်။ ဝန်ထမ်းများက လေးစားအထင်ကြီးသော စီမံခန့်ခွဲရေးမှူးများဖြစ်လိုလျှင် အချက်အလက်များကို အခြေခံ၊ စိတ်ခံစားမှုများကို မေ့ထားဖို့လိုပါသည်။ အချက်အလက်မှန်များဖြစ်ဖို့တော့ အရေးကြီးပါသည်။ အချက်အလက်ကလည်းမှန်၊ စိတ်ခံစားမှုလည်းကင်းသည်ဆိုလျှင်တော့ ဆုံးဖြတ်ချက်များကို အများက လက်သင့်ခံဖို့ နီးစပ်သွားပါပြီ။ ဆုံးဖြတ်ချက်မှန်ဖြစ်ဖို့ သေချာသလောက်နီးပါး ဖြစ်သွားပါပြီ။

**အတွဲ (၂)၊ အမှတ် (၁)** *7 Day News Journal*

# ရပါတယ် = ဟုတ်ကဲ့၊ ရပါတယ် = ဟင့်အင်း



www.burmeseclassic.com

## (၁)

မိသားစုတစ်စု ညနေစာ ထမင်းစားနေသည်။ ထိုစဉ် အိမ်သို့ ဧည့်သည်တစ်ဦးရောက်လာသည်။ မိသားစု ထမင်းစားနေသည်ကို မြင်သောအခါ ဧည့်သည်မှာ လာရာအတိုင်း လှည့်ပြန်ရ ကောင်းနိုးနိုး၊ အိမ်ပေါ်တက်ရ ကောင်းနိုးနိုးနှင့် အားတုံ့အားနာဖြစ်သွားသည်။ အိမ်ရှင်က ယင်းကိုရိပ်မိသွားသည်။ အိမ်ရှင်ကိုယ်တိုင်ကလည်း ပြန်ပြီးအားနာသွားသည်။ ထို့ကြောင့် အိမ်ရှင်က အပြုံးဖြင့် 'ထမင်းဝင်စားပါဦးလား' ဟု လှမ်းဖိတ်သည်။ ဧည့်သည်က 'ရပါတယ်ဗျာ' ဟု ပြန်ပြောသည်။ အိမ်ရှင်၏ သမီးကလေးက ထမင်းပွဲထပြင်ရမည်လား၊ သည်အတိုင်း ဆက်စားနေရမည်လား ဝေခွဲမရ ဖြစ်သွားသည်။

## (၂)

ကျွန်တော့်ဦးလေးတစ်ဦးသည် စိတ်အလွန်တိုတတ်သူ ဖြစ်သည်။ သူ့တွင် သားတစ်ဦးရှိသည်။ ကျွန်တော်နှင့် ညီဝမ်းကွဲတော်သူ ဦးလေး၏သားတော်မောင်သည် မပွင့်တပွင့်နှင့်၊ မထုံတက်သေးနှင့်ဟု အမြဲအပြောခံရသူလည်း ဖြစ်လေသည်။ တစ်ရက်တွင် ကျွန်တော် သူတို့အိမ် ရောက်သွားသည်။ မြို့ထဲထွက်ရန် ညီဝမ်းကွဲကို လာခေါ်ခြင်းဖြစ်သည်။ ဦးလေးက ကျွန်တော်တို့နှစ်ယောက် အပြင်ထွက်ဖို့ တပြင်ပြင်ဖြစ်နေသည်ကိုမြင်သောအခါ အနားရောက်လာသည်။ 'အတော်ပဲကွာ၊ မင်းတို့မြို့ထဲရောက်တုန်း မှာစရာရှိတယ်။ အဖေ့ကို ရှာမီးက ကိတ်တစ်လုံးလောက် ဝယ်လာခဲ့ပါကွာ' ဟု သူ့သားကို မှာသည်။ ညီတော်မောင်က ခပ်လေးလေးနှင့် 'ရပါတယ်' ဟု ပြန်ဖြေသည်။ ဦးလေးက သူ့သားမျက်နှာကို ခပ်စူးစူး တစ်ချက်ကြည့်လိုက်သည်။ ထို့နောက် မျက်နှာကြီး နီရဲလာကာ တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်သည်။ 'ဟော့ကောင် မဝယ်ချင်လည်း ဝယ်မလာခဲ့နဲ့။ မိဘကိုတောင် စေတနာမရှိချင်တဲ့ကောင်။ သွား...မင်းလမ်းသာ မင်းဖြောင့်ဖြောင့်သွား' ဟု မာန်လေသည်။ ညီတော်မောင် မျက်နှာကတော့ ထုံးစံအတိုင်း ခံစားမှု ခပ်မဲ့မဲ့။

> **'ထမင်းဝင်စားပါဦးလား' ဟုလှမ်းဖိတ်သည် ဧည့်သည်က 'ရပါတယ်ဗျာ' ဟု ပြန်ပြောသည် အိမ်ရှင်၏ သမီးကလေးက ထမင်းပွဲ ထပြင်ရမည်လား သည်အတိုင်း ဆက်စားနေရမည်လား ဝေခွဲမရ ဖြစ်သွားသည်**

## (၃)

သူငယ်ချင်းနှစ်ဦးရှိသည်။ တစ်ဦးက ငွေသိပ်မချောင်လည်း

www.burmeseclassic.com

သဖြင့် နောက်တစ်ဦးထံက ငွေချေးသည်။ လကုန်ရင်ဆပ်ပေါ့မယ်ကွာ ဟု ပြောသည်။ လကုန်ရက်ရောက်သောအခါ အဆင်မပြေသေးသဖြင့် တစ်လလောက်ဆိုင်းပါဦးကွာဟုပြောရာ ငွေချေးလိုက်သူက 'ရပါတယ်' ဟု ပြောသည်။ နောက်တစ်လကုန်ပြန်တော့လည်း အကြွေးကို ပြန်ဆပ်ဖို့ အခွင့်မသာသေး။ မဆပ်နိုင်သေးဘူးကွာဟု ပြောင်ပြောသည်။ ဟိုတစ်ယောက်ကလည်း 'ရပါတယ်' ဟု ခပ်အေးအေး ဖြေသည်။ သို့နှင့် နှစ်လ၊ သုံးလမှ တစ်နှစ်လောက်ကြာလာသည်။ တစ်ယောက်က ဆိုင်းပါဦး ပြောလိုက်၊ နောက်တစ်ယောက်က ထုံးစံအတိုင်း 'ရပါတယ်' ပြောလိုက်နှင့် ဖြစ်သည်။ ငွေချေးခံထားရသူသည် တစ်ရက်တွင် သူတို့နှစ်ဦးစလုံးနှင့် သိသော နောက်သူငယ်ချင်းတစ်ဦးကို အကျိုးအကြောင်းပြောပြကာ ချေးထားသောငွေ အခုထက်ထိပြန်မရသေးကြောင်း ရင်ဖွင့်သည်။ ထိုကြားလူက ငွေချေးထားသူနှင့်တွေ့သောအခါ 'မင်း သူများအကြွေး ကိုလည်း ဖွဲ့ဆပ်နိုင်ရင် ဆပ်လိုက်ဦး၊ ဟိုကမေးနေပြီ' ဟု ပြောလိုက်သည်။ 'သူက ရပါတယ်ဆိုတော့ ငါက တကယ်ပဲ သူအကြွေး ပြန်မယူသေးဘူး လို့ ငါကထင်တာ' ဟု ငွေချေးထားသူက ခပ်ရှက်ရှက်ပြန်ပြောလေသည်။

'သူက ရပါတယ် ဆိုတော့ ငါက တကယ်ပဲ သူ အကြွေးပြန်မယူ သေးဘူးလို့ ငါကထင်တာ'

(၄)

တူမကလေးတစ်ယောက်အကြောင်း ပြောပြချင်လာသည်။ အဒေါ်အပျိုကြီးဖြစ်သူက စီးပွားရေးခွင်တစ်ခုအဆင်ပြေလာသဖြင့် တူ၊ တူမတွေကို လက်ဆောင်တွေဝယ်ပေးရန် စီစဉ်သည်။ တစ်ဦးက နာရီမှာသည်။ တစ်ဦးက ကီမိုနိုအစ တောင်းသည်။ တစ်ဦးကမူ အပျော်ခရီး ထွက်ဖို့ လမ်းစရိတ်လိုချင်သည်။ တစ်ဦးကတော့ ဂီတာတစ်လက် ပူဆာသည်။ ထိုတူမကလေးက ငြိမ်နေသည်။ အဒေါ်လုပ်သူက 'သမီးကကော' ဟု မေးသည့်အခါ 'ရပါတယ်' ဟု ပြောသည်။ နာရီယူမလားသမီးဟု ဆိုတော့ 'ရပါတယ်' ဟု ဖြေသည်။ အင်္ကျီယူမလား မေးပြန်တော့လည်း 'ရပါတယ်' လုပ်သည်။ အစ်ကိုတွေနဲ့ ခရီးထွက်မလားမေးသည့်အခါတွင်လည်း ထုံးစံအတိုင်း 'ရပါတယ်' အသံထွက်လာသည်။ ထိုအခါ အဒေါ်က စိတ်နည်းနည်းတိုလာသည်။ 'ကဲဟာ ဒါဆိုလည်း ညည်း ဘာမှုမယူနဲ့တော့၊ ဟုတ်ပလား' ဟု အငေါ်တူးလေသည်။ ထိုအခါတွင် ထိုတူမချော ဘာပြန်ပြောသည် ထင်သနည်း။ 'ရပါတယ်' ပဲ ဖြစ်သည်ဟူ၏။

www.burmeseclassic.com

**(၅)**

လူမှုဆက်ဆံရေးနယ်ပယ်တွင် 'ရပါတယ်' ဆိုသော စကားကို နားရည်ဝနေကြသူတွေ များမည်မှာသေချာသည်။ ဟိုနေရာမှာလည်း 'ရပါတယ်'၊ သည်နေရာမှာလည်း 'ရပါတယ်' တွေ ဖြစ်နေသည်။ ဘာကို ရသနည်း။ ရပါတယ်ဆိုသည်မှာ အတည်ပြုခြင်းလား။ ငြင်းဆိုခြင်းလား။ ထောက်ခံခြင်းလား။ ကန့်ကွက်ခြင်းလား။ အားလုံးဖြစ်နိုင်သည်။ အခြေအနေပေါ်မူတည်ပြီး ပြောင်းသွားသည်။ မျက်နှာပေါ်မူတည်ပြီး ကောက်ချက်ဆွဲကြရသည်။ တစ်ခါတစ်ခါတွင် 'ရပါတယ်' သည် 'ဖြစ်ပါတယ်။ လုပ်မှာပေါ့' ဟု ဆိုနိုင်သော်လည်း တစ်ခါတစ်ခါတွင်မူ 'ဟင့်အင်း။ မလုပ်ချင်ဘူး' ဟု အဓိပ္ပာယ်ရောက်သွားသည်။


**(၆)**

မည်သို့ပင် အနက်ပြောင်းလဲဖွင့်နိုင်သည်ဖြစ်စေ၊ ပြောနိုင်တာ တစ်ခုတော့ ရှိသည်။ ယင်းမှာ 'ရပါတယ်' များသည် မပြတ်သားခြင်းကို ပြနေသည်။ မရိုးသားခြင်းကို ဖော်ကျူးနေသည်။ အားနာခြင်းကို ညွှန်းဆိုနေသည်။ ရပါတယ် တော်တော်များများသည် နှစ်ဖက်ခွထိုင်လိုကြသည့် သဘော ရှိနေသည်။ ဟုတ်ကဲ့ကို ရဲရဲမပြောရဲသလို ဟင့်အင်းဟုလည်း ပြတ်ပြတ်သားသား မငြင်းရဲလိုသည့် အနေအထားများ ထင်ဟပ်နေသည်။ မပြတ်သားခြင်း၊ မရိုးသားခြင်းနှင့် အားနာခြင်းတို့သည် တိုးတက်ကြီးပွားရေး၏ အဟန့်အတားများဖြစ်သည်။ ဟိုလိုလိုသည်လိုလို၊ ဇဝေဇဝါနှင့် ဆုံးဖြတ်ချက် ပိုင်ပိုင်မချရဲသူများသည် ဦးဆောင်သူများ ဖြစ်မလာနိုင်။ အခြေအနေအရ ဦးဆောင်သူများ ဖြစ်လာသည်ထားဦး၊ သူဦးဆောင်သော အဖွဲ့အစည်းကို အောင်မြင်အောင် စွမ်းဆောင်နိုင်ကြမည် မဟုတ်သည်မှာ သေချာပေသည်။ အောင်မြင်မှုကိုရယူလိုလျှင် ယုံကြည်မှုကို ကိုးစားလျှင် အားထားမှုကို ခံယူလိုလျှင် '*ရပါတယ်*' များကို လက်တွဲဖြုတ်လိုက်ဖို့ လိုမည် ထင်ပါသည်။

**ယင်းမှာ 'ရပါတယ်' များသည် မပြတ်သားခြင်းကို ပြနေသည် မရိုးသားခြင်းကို ဖော်ကျူးနေသည် အားနာခြင်းကို ညွှန်းဆိုနေသည် ရပါတယ် တော်တော်များများ သည် နှစ်ဖက်ခွထိုင် လိုကြသည့် သဘော ရှိနေသည်**

**အတွဲ (၂)၊ အမှတ် (၇)** *7 Day News Journal*

www.burmeseclassic.com



# ညောင်ဦးကမ်းပါးနှင့်
# စက်တင်ဘာ(၁၁) ဝေါထရိတ်စင်တာ

www.burmeseclassic.com

**အမေရိကန်ကို မုန်းရုံနှင့် အပြစ်မရှိသော နိုင်ငံသားများနှင့် တခြား ကမ္ဘာပြည်သူများ အစုလိုက် အပြုံလိုက် သေကြေ ပျက်စီးကြသည်မှာ မှားယွင်းသော လက်စားချေမှု ပေါ်တွင်တော့ ကမ္ဘာပြည်သူ အားလုံးက ကဲ့ရဲ့ရှုံ့ချ ကြလေသည်**

## (၁)

ညောင်ဦးတွင် ကမ်းပါးပြိုသည်။ စမ္ဗာနဂိုရ်တွင် နွားပေါင်ကျိုးသည်။ ထိုအဖြစ်အပျက်နှစ်ခုက ဘယ်လိုမှ မဆက်စပ်။ ကမ်းပါးပြိုတာနဲ့ နွားပေါင်ကျိုးတာ ဘာဆိုင်လို့လဲဟု ဆိုခဲ့ကြသည်။ ပြောချင်တာက ပထဝီဒေသ ကွာခြားနေသော နေရာနှစ်ခုက ဖြစ်စဉ်နှစ်ခု မည်သို့မျှ ကြောင်းကျိုးမဆက်သွယ်နိုင်သည့်သဘော ဖြစ်သည်။ ထိုအယူအဆသည် ဆက်သွယ်ရေးနည်းပညာ တိုးတက်ထွန်းကားခြင်းမရှိသော ခေတ်ဟောင်းများတွင်တော့ မှန်သည်။ ဆက်သွယ်ရေးနည်းပညာတွေ အံ့မခန်းဖြစ်ထွန်းလာသော မျက်မှောက်ခေတ်တွင်တော့ ဗန်းစကား အငှားသုံး ပြောရလျှင် မိုဒယ်လ်အောက်သွားပြီဟု ပြောရတော့မည်။ အထူးသဖြင့် စက်တင်ဘာ ၁၁ ရက် ကံဆိုးမိုးမှောင်ကျမှု၏ နောက်ပိုင်းတွင် ပိုသိသာလာသည်။

## (၂)

မနှစ်က ဖြစ်သည်။ စက်တင်ဘာ ၁၁ ရက် နံနက်စောစောပိုင်းတွင် အကြမ်းဖက်သမားတစ်စုက သူတို့အနုကြမ်းစီးလာသော ခရီးသည်တင် ဘိုးအင်းလေယာဉ်ကြီးများဖြင့် နယူးယောက်ရှိ ကမ္ဘာကုန်သွယ်ရေးအဖွဲ့၏ အမှတ်အသားတစ်ခုဖြစ်သော အဆိုပါအဆောက်အအုံကြီး မြေသို့ပြိုကျပျက်စီးခဲ့ကာ ဘာမျှမရှိတော့သော မြေပြင် (*Ground Zero*) အဖြစ်သာ ကျန်ရစ်ခဲ့လေသည်။

အကြမ်းဖက်သမားတွေက သူတို့ကိုယ်တိုင်လည်း အသေခံ။ အပြစ်မဲ့သော ခရီးသည်များကို သူတို့နှင့်အတူရောစ၍ သေဆုံးစေကာ လူမဆန်သော ပြစ်မှုကြီးကို ကျူးလွန်လိုက်သည်။ အမေရိကန်ပြည်ထောင်စု၏ ချစ်သူသာစေ၊ မုန်းသူနာစေ နိုင်ငံခြားရေးမူဝါဒသည် စက်တင်ဘာ ၁၁ ရက် ကံကြမ္မာဆိုးကြီး၏ တရားခံဟု လက်ညှိုးထိုးသူတွေက ထိုးကုန်ကြသည်။

အမေရိကန်ကို မုန်းရုံနှင့် အပြစ်မရှိသော နိုင်ငံသားများနှင့် တခြားကမ္ဘာပြည်သူများ အစုလိုက်အပြုံလိုက် သေကြေပျက်စီးကြသည်မှာ မှားယွင်းသော လက်စားချေမှုပေါ်တွင်တော့ ကမ္ဘာပြည်သူအားလုံးက ကဲ့ရဲ့ရှုံ့ချကြလေသည်။ ညောင်ဦးတွင် ကမ်းပါးပြိုလေပြီ။

www.burmeseclassic.com

(၃)

စက်တင်ဘာ ၁၁ ရက် ဖြစ်ရပ်ဆိုးက ကမ္ဘာကြီးကို များစွာ ပြောင်းလဲပစ်လိုက်သည်။ စီးပွားရေးအနေအထားတွေအပြင် အတွေး အခေါ် အယူအဆတချို့ကိုပါ ပြောင်းလဲပစ်လိုက်ခြင်းဖြစ်သည်။ မလုံခြုံ သော သဘာဝတရားကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသဖြင့် စိတ် ချောက်ချားကြသည်။ လုပ်ငန်းကိုင်ငန်းတွေ ပျက်ကုန်သည်။ အနှစ်နှစ် အလလက ကျားကုတ်ကျားခဲ စုဆောင်းတည်ဆောက်ထားသမျှတွေ လည်း အခြေအနေတစ်ခုခုကြောင့် တစ်မုဟုတ်ချင်း လျှောကျပျက်စီးသွား နိုင်သည်ကို တွေ့ရသည့်အတွက် 'ရှေ့ဆက် ဘာတွေလုပ်ကြမလဲ' ဆိုသော မေးခွန်းတွေ တသီတတန်းကြီး ထွက်လာသည်။ ၂၁ရာစုကိုပင် နှစ်ပိုင်းခွဲ၍ ပြောလာသည်။ *Post September 11* ဟု စက်တင်ဘာ ၁၁ ရက် နောက်ပိုင်းကို ခေတ်တစ်ခေတ် သတ်မှတ်လာကြသည်။ ကမ္ဘာ့ကုန်သွယ် ရေးဌာနချုပ် ပျက်စီးဆုံးရှုံးသွားခြင်း၏နောက်တွင် တခြားသော နိုင်ငံတွေ ၏ စီးပွားရေးလုပ်ငန်းတွေပါ ယိုယွင်းထိခိုက်လာခဲ့သည်။ အသိသာဆုံးမှာ လေကြောင်းလိုင်းများ၏ စီးပွားရေးများပဲ ဖြစ်သည်။ ဒေဝါလီခံရသူတွေ လည်း ခံကြရသည်။ ပြုပြင်ပြောင်းလဲမှု လုပ်ရသူတွေလည်း လုပ်ရသည်။

စမွာနဂိုရ်က နွားမများသာမက အခြားအရပ်အသီးသီးက နွားမများအားလုံး ပေါင်ကျိုးရလေပြီ။

(၄)

အမေရိကန်ပြည်ထောင်စုသည် အကြမ်းဖက်သူများနှိမ်နင်း ရေးစစ်ပွဲဟု အမည်တပ်ကာ အာဖဂန်နစ္စတန်ကို ဝင်ရောက်စီးနင်းသည်။ စက်တင်ဘာ ၁၁ ရက်နှင့်အတူ ကမ္ဘာ လူအသိဆုံးပုဂ္ဂိုလ်ဖြစ်လာခဲ့သည့် အယ်လ်ကေးဒါးခေါင်းဆောင် အိုစမာဘင်လာဒင်ကို တောနင်းရှာသည်။ အကြမ်းဖက်သူတွေ၏ စခန်းများဟုဆိုသော နေရာတွေကို တိုက်ခိုက် ဖျက်ဆီးပစ်ခဲ့သည်။ အာဖဂန်တွင် အစိုးရသစ်တင်သည်။

ဘင်လာဒင်ကိုတော့ မမိသေး။ သေသွားပြီဟု ပြောလိုက်ကြ၊ ဘယ်ရောက်သွားပြီ၊ ဘယ်မှာပုန်းနေပြီ ပြောလိုက်ကြနှင့် ယနေ့တိုင် ဘာမျှ ရေရေရာရာမရှိသေးဘဲဖြစ်နေသည်။ ကမ္ဘာ့ပြည်သူပြည်သားများကလည်း အကြမ်းဖက်လုပ်ငန်းများအပေါ် အလွန်ထိတ်လန့်လာကြပြီး အကြမ်း ဖက်သူများ နှိမ်နင်းရေးတွေ လုပ်လာကြသည်။ ထိုအသံတွေ ပူညံလာ သည်။

**ဘင်လာဒင်ကိုတော့ မမိသေး သေသွားပြီဟု ပြောလိုက်ကြ ဘယ်ရောက်သွားပြီ ဘယ်မှာပုန်းနေပြီ ပြောလိုက်ကြနှင့် ယနေ့တိုင် ဘာမျှ ရေရေရာရာ မရှိသေးဘဲ ဖြစ်နေသည်**

www.burmeseclassic.com

(၅)

ဝေါထရိုက်စင်တာပြိုသည်နှင့် တခြားလုပ်ငန်းတွေ ဘာ ကြောင့် လိုက်ပြိုရသနည်း။ အာဖဂန်မှာ ဘင်လာဒင်နှင့်အဖွဲ့အား နှိမ်နင်း ရေးစစ်ပွဲများ ဆင်နွှဲသည်နှင့် တခြား ကမ္ဘာ့ဒေသအသီးသီးတွင်လည်း အကြမ်းဖက်နှိမ်နင်းရေးတွေ အားကြိုးမာန်တက် ဘာကြောင့် လုပ်ဆောင်လာကြသနည်း။ အဖြေကို ရှာကြည့်လျှင် ရှင်းရှင်းကလေး တွေ့ရပါလိမ့်မည်။ ယင်းမှာ အခြားမဟုတ်ပါ။ ဂလိုဗယ်လိုက်ဇေးရှင်းဟု ခေတ်စားလာသည့် ကမ္ဘာ့လွှမ်းခြုံဆက်စပ်ဖြစ်တည်သော ကာလသို့ ရောက်နေသောကြောင့် ဖြစ်ပါသည်။

(၆)

စက်တင်ဘာ ၁၁ ဖြစ်ရပ်ဆိုးနှင့် ယင်း၏ အကျိုးဆက်များကို လေ့လာသုံးသပ်ကြသည့်အခါ ဂလိုဗယ်လိုက်ဇေးရှင်းသည် ကမ္ဘာကြီး တွင် အပြည့်အဝ နေရာယူသွားပြီဟု ပြောနိုင်သွားသည်။ ယင်း၏ အကျိုးဆက်နှင့် ကင်းလွတ်သော နယ်မြေဟူ၍ ကမ္ဘာကြီးတွင် မရှိတော့ သောကြောင့် ဖြစ်သည်။ ထို့ကြောင့် ဂလိုဗယ်လိုက်ဇေးရှင်းသည် ကမ္ဘာ လူသားတို့၏ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပုံစံများကို ပြောင်းလဲပစ် နေသည်ကို တွေ့ကြရပါမည်။ စက်တင်ဘာ ၁၁ ရက် ဝေါထရိုက်စင်တာ ပြိုကျမှုကြောင့် အကြမ်းဖက်သူတွေ လိုက်လံနှိမ်နင်းရုံနှင့် ပြီးမည်မဟုတ်ပါ။ ကမ္ဘာ့လွှမ်းခြုံဆက်စပ်ဖြစ်တည်မှုကို နှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ လက်ခံကြရတော့မည်ဖြစ်သည်ကို သဘောပေါက်ကြရပါတော့မည်။ လက်ခံလိုက်ရခြင်းနှင့်အတူ အတွေးအခေါ်၊ အယူအဆများ၊ လုပ်နည်းလုပ်ဟန်များနှင့် ချဉ်းကပ်မှုများကို ပြောင်းလဲပစ်ကြရပါလိမ့်မည်။ ဂလိုဗယ်လိုက်ဇေးရှင်းဖြစ်စဉ်ကြီးကို ဆန့်တက်၍ မရတော့ပါ။ ယင်းနှင့်အတူ စုန်မျောလိုက်တတ်ဖို့ နည်းလမ်းများ ရှာကြရပါလိမ့်မည်။ အသက်သာဆုံးဖြစ်အောင် နေတတ်ထိုင်တတ်ကြရပါမည်။

စက်တင်ဘာ ၁၁ ၏ သင်ခန်းစာသည် အကြမ်းဖက်လုပ်ရပ်များထက် များစွာ ပိုမို ကျယ်ဝန်းနက်ရှိုင်းနေပေသည်။

**အတွဲ(၁)၊ အမှတ်(၂၃)** *7 Day News Journal*

**ဂလိုဗယ်လိုက်ဇေးရှင်းသည် ကမ္ဘာ့လူသားတို့၏ စီးပွားရေး လူမှုရေး နိုင်ငံရေးပုံစံများကို ပြောင်းလဲပစ်နေသည်ကို တွေ့ကြရပါမည် စက်တင်ဘာ ၁၁ ရက် ဝေါထရိုက်စင်တာ ပြိုကျမှုကြောင့် အကြမ်းဖက်သူတွေ လိုက်လံနှိမ်နင်းရုံနှင့် ပြီးမည်မဟုတ်ပါ ကမ္ဘာ့လွှမ်းခြုံဆက်စပ်ဖြစ်တည်မှုကို နှစ်သက်သည်ဖြစ်စေ မနှစ်သက်သည်ဖြစ်စေ လက်ခံကြရတော့မည်ဖြစ်သည်ကို သဘောပေါက်ကြရပါတော့မည်**




# အပြောမဟုတ် အလုပ်နှင့် သက်သေပြရမည့်
# ပျော်ရွှင်ဖွယ်ရာ မင်္ဂလာနှစ်သစ်

www.burmeseclassic.com

BURMESE CLASSIC .com

## (၁)

နာရီလက်တံအတိုက တဖြည်းဖြည်းနှင့် ၁၂ ဂဏန်းသို့ ချဉ်းကပ်လာလေသည်။ လူတွေ၏ အကြည့်တွေအားလုံးက နာရီ၏ မျက်နှာပြင်ပေါ် စုစည်းရောက်ရှိနေသည်။ စက္ကန့်တံ၏ တစ်ချက်ချက် မြည်သံက ရင်ခုန်သံများနှင့် စည်းဝါးကိုက်နေသည်။ ၁၂ နာရီထိုးရန် ၁၀ စက္ကန့်လောက်အလိုတွင်မူ လူတွေက လိုက်အော်ကြသည်။ 'ကိုး' 'ရှစ်' 'ခုနစ်' 'ခြောက်' စသဖြင့် လိုက်ရေတွက်ကြသည်။ ညသန်းခေါင်ယံ ၁၂ နာရီ သံချောင်းခေါက်သည်နှင့် အားလုံး၏နှုတ်မှ 'ဟက်ပီး နယူး ရီးယား' ဟူသော အသံက ညီညီညာညာ လွင့်ပျံ့လာသည်။ အသံတွေ အားလုံးက ရွှင်ပျနေသည်။ တက်ကြွနေသည်။ မြူးတူးနေသည်။ အားမာန်ပါနေသည်။ နှစ်သစ်တိုင်းမှာ နှစ်သစ်ကြိုဆိုပွဲတွေကို လူသား တွေက မြတ်မြတ်နိုးနိုး ဆင်ယင်ကျင်းပကြသည်။ လူမျိုး၊ ဘာသာ၊ အသွေးအရောင် မည်မျှ ကွဲပြားနေပါစေ၊ နှစ်သစ်ကြိုပွဲများကိုတော့ ကမ္ဘာ အနှံ့ ကျင်းပခဲ့ကြသည်။ ကျင်းပနေဆဲ ဖြစ်သည်။

## (၂)

မကြာတော့သောအချိန်တွင် ၂၀၀၂ ခုနှစ်သည် နှုတ်ဆက် ထွက်ခွာ၍ ၂၀၀၃ ဟူသော နှစ်သစ်ရောက်ရှိလာတော့မည် ဖြစ်သည်။ ပြက္ခဒိန်တွေ လဲကြရတော့မည်။ နေ့စွဲတပ်ရာတွင် အကျင့်ပါနေကျ ၂၀၀၂ ဂဏန်းကို မှားမရေးမိအောင် သတိထားကြရတော့မည်။ ၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက် ညသန်းခေါင်တွင် လူများသည် ခါတိုင်းနှစ်များလိုပင် လမ်းမများပေါ်ထွက်ကာ နာရီလက်တံတွေကို စိတ်လှုပ်ရှားစွာကြည့်ကာ လက်ခုပ်တီးဖို့အားယူကာ ၂၀၀၃ နှစ်သစ်ကို ကြိုကြပေတော့မည်။ နှစ်ဟောင်း၏ နောက်ဆုံးနာရီများတွင် မြင်တွေ့နေကျ ပုံရိပ်များဖြစ်သော်လည်း ယင်းပုံရိပ်တွေက ဟောင်းမသွားဘဲ အမြဲ သစ်ဆန်းနေလေသည်။

## (၃)

လူတိုင်းသည် နှစ်သစ်ကို ကြိုချင်ကြသည်။ နှစ်သစ်ကို မျှော်လင့်စောင့်စားကြသည်။ ယင်းမှာ လူတွေက နှစ်သစ်သည် လက်ရှိ နှစ်၊ ကုန်လွန်ခဲ့သည့် နှစ်များထက် ပို၍ ကောင်းမည်၊ ပို၍ ပျော်ရွှင်မည်၊

**လူတိုင်းသည် နှစ်သစ်ကို ကြိုချင်ကြသည် နှစ်သစ်ကို မျှော်လင့် စောင့်စားကြသည် ယင်းမှာ လူတွေက နှစ်သစ်သည် လက်ရှိနှစ် ကုန်လွန်ခဲ့သည့် နှစ်များထက် ပို၍ ကောင်းမည် ပို၍ ပျော်ရွှင်မည် ပို၍ ကြွယ်ဝမည် ပို၍အဆင်ပြေမည် ပို၍ ကျန်းမာမည် စသဖြင့် အကောင်းကို မျှော်လင့်ကြ သောကြောင့် ဖြစ်သည်**

ပို၍ ကြွယ်ဝမည်၊ ပို၍ အဆင်ပြေမည်၊ ပို၍ ကျန်းမာမည် စသဖြင့် အကောင်းကို မျှော်လင့်ကြသောကြောင့် ဖြစ်သည်။ လက်ရှိနှစ်တွင် အစဉ်ပြေသူတွေကလည်း လာမည့်နှစ်သစ်တွင် ပို၍ အဆင်ပြေချင်ကြသည်။ လက်ရှိနှစ်တွင် အဆင်မပြေသူတွေကလည်း လာမည့်နှစ်တွင် ယင်းအခက်အခဲတွေအားလုံး ပြေလည်သွားလိမ့်မည်ဟု ထင်ထားကြသည်။ ထို့ကြောင့်ပင် လူတို့သည် ယုံကြည်ချက်များစွာ မျှော်လင့်ချက်များစွာ၊ ကိုးစားချက်များစွာတို့ဖြင့် နှစ်သစ်ကြိုပွဲများကို အားတက်သရော ဆင်နွှဲနေကြခြင်း ဖြစ်လေသည်။

(၄)

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၁ ရက်နေ့က ဖြစ်သည်။ ကမ္ဘာတစ်ဝန်းလုံးတွင် လူသားအားလုံးသည် လာမည့် ၂၀၀၁ ခုနှစ်ကို ပျော်ရွှင်ဖွယ်ရာ မင်္ဂလာနှစ်သစ်ဖြစ်ပါစေ၊ ဟက်ပီးနယူးရီးယားဟု ကြွေးကြော်အော်ဟစ်ကာ ကြိုဆိုခဲ့ကြပေသည်။ ၂၀၀၁ ခုနှစ်သည် ကမ္ဘာ့လူသားများထံ ပျော်ရွှင်ခြင်း၊ ချမ်းမြေ့ခြင်း၊ မင်္ဂလာရှိခြင်း စသော ကောင်းမြတ်သည့် အခြင်းအရာတွေ ယူဆောင်လာလိမ့်မည်ဟု အားလုံး၏ ရင်ထဲတွင် ယုံကြည်ထားခဲ့ကြသည်။ သို့နှင့်ပင် သူတို့မျှော်လင့်အားထားသော ၂၀၀၁ ခုနှစ်ထဲ ချင်းနင်းဝင်ရောက်ခဲ့ကြသည်။ စက်တင်ဘာ ၁၁ ရက် အရောက်တွင်မူ အကြမ်းဖက်အုပ်စုများက ကမ္ဘာ့ကုန်သွယ်ရေးဌာနချုပ်တည်ရှိရာ အမြွှာမျှော်စင်ကို ခရီးသည်တင်လေယာဉ်ပျံများအား အနုကြမ်းစီးကာ အသေခံ ဝင်တိုက်ခဲ့ကြသဖြင့် တစ်ကမ္ဘာလုံး ချောက်ချားကုန်ကြသည်။ အခြေအနေတွေက နေ့ချင်းညချင်း ပြောင်းကုန်သည်။ လူတွေ၏ ဘဝသည် အေးချမ်းသောဘဝမှ ကျီးလန့်စာစားရသလို တထင့်ထင့်ဖြစ်ကုန်ကြသည်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၁ ရက် ညသန်းခေါင်ယံ နှစ်သစ်ကြိုပွဲမှာ လူသားတို့ ယုံကြည်ပျော်ရွှင်အားထားခဲ့ရသည့် ၂၀၀၁ ခုနှစ်သည် ပျော်ရွှင်ဖွယ်ရာနှစ်သစ် ဖြစ်မလာနိုင်ခဲ့တော့ချေ။

(၅)

ထို့ကြောင့် ယင်းနေရာတွင် စဉ်းစားစရာတွေက ဖြစ်လာသည်။ လူသားတိုင်းသည် တစ်နှစ်ကူး၍ နှစ်သစ်ကို ဟက်ပီးနယူးရီးယားဟူ၍ ကြိုဆိုခဲ့ကြတိုင်း ယင်းနှစ်များသည် တကယ်တမ်း ပျော်ရွှင်ခဲ့ရသောနှစ်များ

www.burmeseclassic.com

ဖြစ်ခဲ့ပါသလားဟူသော မေးခွန်းကို မေးချင်လာမိသည်။ ဟင့်အင်းဟုပင် ဖြေရမည်ထင်သည်။ ၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၃၁ ရက်ညတွင် ၂၀၀၁ ခုနှစ်ကို ဟက်ပီးနယူးရီးယားဟု အော်ဟစ်ကြိုဆိုခဲ့ကြသူများထဲတွင် အသေခံအကြမ်းဖက်သမားများလည်း ပါခဲ့ပေလိမ့်မည်။ သူတို့ကလည်း ပျော်ရွှင်ဖွယ်ရာနှစ်သစ်ဟု ကြိုခဲ့ကြပေလိမ့်မည်။ သူတို့ ပျော်စရာဆိုသည်မှာ လူသားအများစု၏ ပျော်စရာနှင့် တစ်ထပ်တည်း မကျခဲ့ခြင်းသည်သာ ခြားနားပေလိမ့်မည်။

**(၆)**

ပျော်ရွှင်ဖွယ်ရာနှစ်သစ်ဟု အော်ဟစ်ကြိုဆိုသူများအနေဖြင့် ယင်းပျော်ရွှင်ခြင်းသည် လူသားအားလုံးအတွက် ငြိမ်းချမ်းသော အနှစ်သာရ ပြည့်ဝသော ပျော်ရွှင်ခြင်းအဖြစ် ရည်စူးပျော်ရွှင်တတ်ကြဖို့ လိုပေသည်။ မိမိ၏ တစ်ကိုယ်တော် ဘယ်သူသေသေ၊ ငတေ စိတ်ကလေး ချမ်းမြေ့ပျော်ရွှင်ဖို့အတွက် ကွက်ကွက်ကလေးတစ်ခုတည်းသာကြည့်ပြီး နှစ်သစ်ကို မကြိုသင့်ဟု ကျွန်တော်ကတော့ ထင်သည်။ ထို့အပြင် ပျော်ရွှင်စရာနှစ်သစ်၊ မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် နှစ်သစ်ဟု ဆုတောင်းကြရုံမျှ ကြွေးကြော်ကြရုံမျှနှင့် နှစ်သစ်ကို ပျော်ရွှင်ဖွယ်ရာ မင်္ဂလာနှစ်သစ်ဖြစ်စေသတည်းဟု တန်ခိုးရှင်များက ဖန်တီးမပေးနိုင်ကြပါ။ ဖန်တီးနိုင်စွမ်းမရှိကြပါ။ ပျော်စရာဖြစ်စေလိုလျှင် ထိုဆုတောင်းကြွေးကြော်သူများကပဲ ပျော်စရာများကို ဖန်တီးကြရပါမည်။ မင်္ဂလာရှိစေလိုလျှင်လည်း ထိုလူသားများကပဲ နှစ်သစ်ကို တည်ဆောက်ကြရပါမည်။ ရှင်းရှင်းပြောရလျှင် အပြောနှင့်အလုပ် ညီကြဖို့လိုပါသည်။ ပျော်ရွှင်ခြင်း မင်္ဂလာသည် တန်ခိုးရှင်များလက်ထဲတွင် မရှိပါ။ နှစ်သစ်ကို ကြိုကြသော လူသားတွေ၏ လက်ထဲတွင်သာ ရှိပါသည်။ လူသားတို့၏ အနာဂတ် ကံကြမ္မာကို ဖန်တီးသူများသည် ပစ္စုပ္ပန်လူသားများပဲ ဖြစ်ကြပါသည်။ လာမည့် ၂၀၀၃ ခုနှစ်ကို ပျော်ရွှင်ဖွယ်ရာ မင်္ဂလာနှစ်သစ်ဖြစ်အောင် ကျွန်တော်တို့ အလုပ်နှင့် သက်သေပြရင်း ကြိုဆိုလိုက်ကြပါစို့။

**အတွဲ(၁)၊ အမှတ် (၃၈)** *7 Day News Journal*

**မိမိ၏ တစ်ကိုယ်တော် ဘယ်သူသေသေ ငတေ စိတ်ကလေး ချမ်းမြေ့ပျော်ရွှင်ဖို့ အတွက် ကွက်ကွက်ကလေး တစ်ခုတည်းသာ ကြည့်ပြီး နှစ်သစ်ကို မကြိုသင့်ဟု ကျွန်တော်ကတော့ ထင်သည် ထို့အပြင် ပျော်ရွှင်စရာနှစ်သစ် မင်္ဂလာအပေါင်းနှင့် ခညောင်းသည့် နှစ်သစ်ဟု ဆုတောင်းကြရုံမျှ ကြွေးကြော်ကြရုံမျှနှင့် နှစ်သစ်ကို ပျော်ရွှင်ဖွယ်ရာ မင်္ဂလာနှစ်သစ် ဖြစ်စေသတည်းဟု တန်ခိုးရှင်များက ဖန်တီးမပေးနိုင်ကြပါ**

www.burmeseclassic.com



# ကောင်းတာတွေ ရွေးသယ်
# မကောင်းတာတွေ ဘေးဖယ်

www.burmeseclassic.com

**ကောင်းသော အလေ့အထများ ကောင်းသော အကျင့်စရိုက်များ ကောင်းသော စိတ်ထားများ ကောင်းသော အပြုအမူများ စသည့် ကောင်းသော ကောင်းခြင်းမျိုးစုံ တို့ကိုသာ ဆက်လက် သယ်ဆောင်လိုကြ သည်မှာ လူသားတို့၏ တူညီသောဆန္ဒ ဖြစ်ကြပါသည်**

## (၁)

နှစ်ဟောင်းကုန်ဆုံး၍ နှစ်သစ်ကိုရောက်လေတိုင်း နှစ်ဟောင်း၏ မကောင်းသော အလေ့အထများ၊ မကောင်းသော အကျင့်ဆိုးများ၊ မကောင်းသော စိတ်ထားများ၊ မကောင်းသော အပြုအမူများ စသည့် မကောင်းသော မကောင်းခြင်းမျိုးစုံတို့ကို နှစ်ဟောင်းတွင် ထားရစ်ခဲ့ကာ ကောင်းသော အလေ့အထများ၊ ကောင်းသော အကျင့်စရိုက်များ၊ ကောင်းသော စိတ်ထားများ၊ ကောင်းသော အပြုအမူများ စသည့် ကောင်းသော ကောင်းခြင်းမျိုးစုံတို့ကိုသာ ဆက်လက် သယ်ဆောင်လိုကြသည်မှာ လူသားတို့၏ တူညီသောဆန္ဒ ဖြစ်ကြပါသည်။

## (၂)

လုပ်ငန်းတစ်ခုအတွက် အများပြည်သူတို့နှင့် ဆက်ဆံရသော ဌာနတစ်ခုသို့ မနှစ်က ကျွန်တော် ရောက်ခဲ့သည်။ ပထမ စတွေ့သော စားပွဲက နောက်စားပွဲတစ်ခုသို့ ညွှန်သည်။ ထိုစားပွဲရောက်သောအခါ နောက်တစ်နေရာကို ထပ်ပြသည်။ ထို့နောက် တစ်နေရာအရောက်တွင် အပေါ်ထပ်ဟု ဆိုပြန်သည်။ အဆိုပါ အပေါ်ထပ်ရောက်သောအခါတွင် အောက်ထပ်မှာ ပထမဆုံးစတွေ့သည့် စားပွဲက စာရွက်စာတမ်းတစ်ခု ထပ်တောင်းသဖြင့် အောက်သို့ ပြန်ဆင်းရသည်။ လူက တော်တော် မောသွားသည်။ ကျွဲမြီးလည်း မဆိုစလောက် တိုသွားသည်။ ကျွန်တော်သည် ယင်းအဖြစ်အပျက်မျိုးကို ၂၀၀၂ ခုနှစ်တွင်သာ ထားခဲ့လိုပေသည်။

## (၃)

နောက်အလုပ်တစ်ခုအတွက် ပထမဌာနလိုပင် အများနှင့် ထိတွေ့ဆက်ဆံရသော ဌာနတစ်ခုသို့ ၂၀၀၂ ခုနှစ်အတွင်းမှာပင် ထပ်ရောက်ဖြစ်ပြန်သည်။ အဝင်အဝတွင်ရှိသော စားပွဲကို အကျိုးအကြောင်း သွားမေးတော့ ထိုစားပွဲတွင် ထိုင်သူကိုယ်တိုင် ထလာပြီး တစ်နေရာသို့ ကျွန်တော့်ကို ခေါ်သွားသည်။ ထိုနေရာတွင် ကျွန်တော်လုပ်လိုသော ကိစ္စအတွက် လိုအပ်သော စာရွက်စာတမ်း တောင်းသည်။ စာရွက်စာတမ်း တစ်ခု ကျွန်တော့်တွင်ပါမလာ။ မနက်ဖြန်တော့ ဆက်ဆက်လာပေးနော်ဟု ထိုသူက ပြောသည်။ လုပ်စရာရှိသည့် ကိစ္စအားလုံးကို ထိုတစ်နေရာထဲက

www.burmeseclassic.com

အပြီးအစီး လုပ်ပေးသွားသည်။ ကျွန်တော် ပျော်သွားသည်။ ထိုဌာနကို လေးစားကျေးဇူးတင်သွားသည်။ ကျွန်တော်သည် ယင်းကဲ့သို့သော ဝန်ဆောင်မှုမျိုးကို ၂၀၀၃ ခုနှစ်သစ်အထိ ဆောင်ကြဉ်းသွားလိုပေသည်။

(၄)

မနှစ်က ဖြစ်သည်။ ကားဝယ်ရောင်းလုပ်သော သူတစ်ဦးကို သူငယ်ချင်းတစ်ဦးက မိတ်ဆက်ပေးသဖြင့် သိရသည်။ သူ့ကို ကားဆော်ဒီ ရုံတစ်ခုတွင် တွေ့ရခြင်းဖြစ်သည်။ သူက ကားတစ်စီးလုံးကို လာပြီး (ခေတ်စကားနှင့်ပြောရလျှင်) မိတ်ကပ်လာလူးနေသည်။ သူနှင့် ကျွန်တော့်သူငယ်ချင်းတို့ စကားပြောနေကြသည်ကို ကျွန်တော်က ဘေးမှ အတိုင်းသားကြားနေရသည်။ ထိုသူက တိုက်ကား (ကားတိုက်မှုဖြစ်ထားသောကား)ကို လာပြီး ဆော်ဒီထုခြင်း ဖြစ်သည်။ 'ကျွန်တော်က တိုက်ကား တွေပဲ ဦးစားပေးရှာတယ်၊ တိုက်ကားက အောက်ဈေးနဲ့ရတယ်၊ ဆော်ဒီရုံမှာ နည်းနည်းပါးပါး မိတ်ကပ်ပြန်လူးတယ်၊ အဓိကက အမြင်လှဖို့ပဲ မဟုတ် လား၊ ကျွန်တော်တို့ အချင်းချင်းကတော့ သိတာပေါ့လေ၊ နယ်က မအူ မလည်နဲ့ ကားရူးတွေနှင့် တွေ့လို့ကတော့ အပွပဲ' ဟု သူက မြိန်ရေရှက်ရေ ပြောပြလေသည်။ ကျွန်တော်သည် ထိုသူလို လူစားမျိုးတွေကို ၂၀၀၂ ခုနှစ်နှင့်အတူ အတိတ်တွင်သာ နေရစ်ခဲ့စေလိုပေသည်။

(၅)

စက်မှုလုပ်ငန်းလုပ်သော အလုပ်ရုံသို့ ကျွန်တော် ရောက်သွားသည်။ ပရိဂျက်တစ်ခုအတွက် အလုပ်အပ်ဖို့ သွားခြင်းဖြစ်သည်။ ပိုင်ရှင်ဖြစ်သူက စက်တွေကြားထဲက စွပ်ကျယ်ချိုင်းပြတ်နှင့် ထွက်လာသည်။ တိုတိုပြောရလျှင် သူ့ထံတွင် အလုပ်အပ်ဖြစ်သွားသည်။ ကျွန်တော်သည် ထိုသူနှင့် ယခင်က မရင်းနှီးခဲ့ဖူးဘဲ ပထမဆုံးအကြိမ်အဖြစ် အရဲစွန့် အလုပ်လုပ်ကြည့်ခြင်းဖြစ်သည်။ သူကတိပေးထားသည့် တစ်လတိတိ ပြည့်သောနေ့တွင် ကျွန်တော် အပ်ထားသော ပစ္စည်းကို ရသည်။ 'တချို့ အပိုင်းတွေက ကျွန်တော်ကိုယ်တိုင် လုပ်လို့မရလို့ အပြင်ကို ထပ်အပ် ရတာပါ' ဟု သူက ရှင်းပြသည်။ ထို့နောက် ယင်းအပြင် အပ်ထားသော ဘောက်ချာတွေကိုပါ ပေးသည်။ သူ့ထံမှလည်း လက်ခနှင့် ပစ္စည်းခ ကုန်ကျငွေများကို ဘောက်ချာအပြည့်အစုံပေးသည်။ နောက်ပိုင်းတွင် သူ

www.burmeseclassic.com

**မကောင်းသည်များကို ဆက်လက် သယ်ဆောင်ခြင်း မကောင်းသည်များကို ဆက်လက် တိုးပွားအောင် လုပ်ကြခြင်းများက လူ့သမိုင်းကို ဆုတ်ယုတ် နိုင်ပေသည် လူသားတို့၏ သဘောသဘာဝမှာ လူတိုင်း အကောင်း ကြိုက်ကြခြင်း ဖြစ်သည် လူတိုင်း အကောင်းကြိုက်ကြ သော်လည်း လူတိုင်းက အကောင်းကို မလုပ်နိုင်ကြဘဲ ရှိတတ်သည်**

အပ်ပေးသော တခြားအလုပ်များမှ ဈေးနှုန်းတွေမှာ အမှန်တကယ် ဈေးနှုန်းများ ဖြစ်နေသည်ကို တွေ့ရသည်။ ပစ္စည်းခတွေကိုလည်း သူ ဈေးပိုတင်မထား။ သူ့ကို ကျွန်တော် သဘောကျသွားသည်။ အထင်ကြီး သွားသည်။ သူ့လို လူစားမျိုးများနှင့် ကျွန်တော်သည် ၂၀၀၃ ခုနှစ်တွင် ထပ်မံ ဆုံဆည်းလိုလှပေသည်။

**(၆)**

လူတို့သည် ကောင်းသော ကောင်းခြင်းများကို ဆက်လက် သယ်ဆောင်ပြီး မကောင်းသော မကောင်းခြင်းမျိုးစုံတို့ကို နှစ်ဟောင်းများ တွင် ဘေးဖယ်ထားရစ်ခဲ့ကြခြင်းဖြင့် လူ့သမိုင်းသည် တိုးတက်လာမည် ဖြစ်သည်။ မကောင်းသည်များကို ဆက်လက်သယ်ဆောင်ခြင်း၊ မကောင်း သည်များကို ဆက်လက် တိုးပွားအောင် လုပ်ကြခြင်းများက လူ့သမိုင်းကို ဆုတ်ယုတ်နိုင်ပေသည်။ လူသားတို့၏ သဘောသဘာဝမှာ လူတိုင်း အကောင်းကြိုက်ကြခြင်း ဖြစ်သည်။ လူတိုင်း အကောင်းကြိုက်ကြသော် လည်း လူတိုင်းက အကောင်းကို မလုပ်နိုင်ကြဘဲ ရှိတတ်သည်။ လူ့သမိုင်း တိုးတက်ခြင်းသည် လူ့အဖွဲ့အစည်းနှင့် လူ့မျိုးဆက်သစ်တို့ တိုးတက်ခြင်း လည်း မည်ပေသည်။ နှစ်သစ်တွင် ကောင်းတာတွေ ရွေးသယ်ကာ မကောင်းတာတွေ ဘေးဖယ်လိုက်ခြင်းဖြင့် ကျွန်တော်တို့ မျိုးဆက်သစ်များ အတွက် အမွေကောင်းတွေ ထားရစ်နိုင်ကြပါလိမ့်မည်။

**အတွဲ(၁)၊ အမှတ်(၃၉)** *7 Day News Journal*

www.burmeseclassic.com

# ဘတ်စ်ကား ဒရိုင်ဘာ၊ စပယ်ယာနှင့် ခရီးသွားများ၏ မဲပြာပုဆိုးပြဿနာများကို အဖြေရှာကြည့်ခြင်း



www.burmeseclassic.com

(၁)

အလုပ်ထဲရောက်လာသည်နှင့် ဝန်ထမ်းတွေအချင်းချင်း အရင်ဆုံး ပြောဖြစ်ကြသည့်အကြောင်းများမှာ ဘတ်စ်ကားစီးလာရသည့် အတွေ့အကြုံများ၊ ဒရိုင်ဘာနှင့်စပယ်ယာတို့ ဆက်ဆံရေးမပြေပြစ်မှုများ၊ ကားဂိတ်တွင် ဘတ်စ်ကားကို ရပ်မပေးဘဲ မောင်းပြေးကြပုံများ စသည့် နေ့စဉ်ကြားနေကျ၊ ပြောနေကျ၊ ရင်ဖွင့်နေကျ စကားများပဲ ဖြစ်သည်။ သူတို့သည် ယင်းခေတ်ပြားဟောင်းကြီးကို မညည်းမညူ၊ မပျင်းမရိပင် နေ့စဉ်ဆက်တိုက် ဖွင့်နေကြရလေသည်။

(၂)

ဂျာနယ်တွေ၊ စာစောင်တွေကို ဖတ်ကြည့်ရသည့်အခါ ဆောင်းပါးရှင်များ၊ ကာတွန်းဆရာများ၊ ပြည်သူများက ရေးကြသော ရန်ကုန်မြို့ပြ၏ ဘတ်စ်ကားစီးဒုက္ခတွေကို အမြဲလိုလို တွေ့ရသည်။ ရေးသူတွေကလည်း ဖွဲကောင်းကောင်း ရေးနေကြတုန်း ဖြစ်သည်။ ပြဿနာတွေကလည်း ပွင့်ပွင့်လင်းလင်းပြောရလျှင် လျော့မသွား။ အရေးယူမှုတွေရှိသော်လည်း ချောင်လျှင် ချောင်သလို လစ်လျှင် လစ်သလို စည်းကမ်းဖောက်ဖျက်မှုတွေက ရှိနေဆဲဖြစ်သည်။ ခရီးသွားပြည်သူများနှင့် ထိပ်တိုက်တွေ့နေကြရဆဲ ဖြစ်သည်။ ရုံးကိုအလာမှာ အလုပ်လုပ်ဖို့ မစခင်မှာ စိတ်ညစ်ညူးနေကြရဆဲ ဖြစ်သည်။

(၃)

'ကျွန်တော်တို့ မကောင်းဘူးဆိုတာပဲ အမြဲ ရေးကြ၊ ပြောကြတယ်။ ကျွန်တော်တို့ဘက်က တစ်ခါတလေ ဝင်စာနာသင့်ပါတယ်။ မနက် မိုးလင်းကနေ မိုးချုပ် သည်လို လူတွေကျပ်ကျပ်ကြားထဲ မနားမနေ အလုပ်လုပ်ကြရတာ။ လူအမျိုးမျိုး စိတ်အထွေထွေကြားမှာ ကျွန်တော်တို့လည်း သူတော်စင်မှ မဟုတ်တာ။ ပုထုဇဉ်တွေ မဟုတ်လား။ စိတ်တိုမိတာပေါ့။ စိတ်တိုတော့ အော်မိ၊ ငေါက်မိတာပေါ့။ ဆောင့်အောင့်မိတာပေါ့'

ဟု ကားနောက်လိုက် (စပယ်ယာ)တစ်ဦးကို မေးမိသည့်အခါ သူက သူ့ခံစားချက်ကို ခပ်ပြတ်ပြတ် ရင်ဖွင့်သွားသည်ကို နားသောတဆင်လိုက်ရသည်။

**'ကျွန်တော်တို့ မကောင်းဘူးဆိုတာပဲ အမြဲ ရေးကြ ပြောကြတယ် ကျွန်တော်တို့ဘက်က တစ်ခါတလေ ဝင်စာနာသင့်ပါတယ် မနက်မိုးလင်းကနေ မိုးချုပ် သည်လို လူတွေ ကျပ်ကျပ်ကြားထဲ မနားမနေ အလုပ်လုပ်ကြရတာ လူအမျိုးမျိုး စိတ်အထွေထွေ ကြားမှာ ကျွန်တော်တို့လည်း သူတော်စင်မှ မဟုတ်တာ ပုထုဇဉ်တွေ မဟုတ်လား စိတ်တိုမိတာပေါ့ စိတ်တိုတော့ အော်မိ ငေါက်မိတာပေါ့ ဆောင့်အောင့်မိတာပေါ့'**

www.burmeseclassic.com

**(၄)**

သက်တမ်းရှည်လာခဲ့ပြီဖြစ်သော ဘတ်စ်ကားနှင့် ခရီးသွားလူမှုပြဿနာကို ပြေလည်သွားနိုင်မည့် နည်းလမ်းသစ်များကို ထပ်မံရှာကြံသင့်ပါသည်။ စည်းကမ်းဖောက်ဖျက်သူများကို အရေးယူ အပြစ်ပေးရုံမျှနှင့် လုံလောက်မည်မဟုတ်ကြောင်းကို လျော့ပါးမသွားသော ပြဿနာများက မီးမောင်းထိုးပြနေပြီ ဖြစ်ပါသည်။ စာစောက စပယ်ယာတစ်ဦး၏ ရင်ဖွင့်စကားကို အခြားသော လုပ်ဖော်ကိုင်ဖက်တော်တော်များများက သဘောတူမျှကြပါလိမ့်မည်။ သို့ဆိုလျှင် သူ့စကားသည် ကျွန်တော်တို့ ရှာကြံရမည့် နည်းလမ်းသစ်များအတွက် သဲလွန်စတစ်စ ဖြစ်တန်ကောင်းပါသည်။

**သက်တမ်းရှည်လာခဲ့ပြီဖြစ်သော ဘတ်စ်ကားနှင့် ခရီးသွား လူမှုပြဿနာကို ပြေလည်သွားနိုင်မည့် နည်းလမ်းသစ်များကို ထပ်မံ ရှာကြံသင့်ပါသည် စည်းကမ်းဖောက်ဖျက်သူများကို အရေးယူ အပြစ်ပေးရုံမျှနှင့် လုံလောက်မည် မဟုတ်ကြောင်းကို လျော့ပါးမသွားသော ပြဿနာများက မီးမောင်းထိုးပြနေပြီ ဖြစ်ပါသည်**

**(၅)**

စင်ကာပူက ဘတ်စ်ကားအတွေ့အကြုံကို ဖောက်သည်ချလိုပါသည်။ နေရာတကာမှာ စင်ကာပူအကြောင်းပြောလွန်းသည်ဟု အပြစ်တင်မိသူများ ရှိနိုင်ပါသည်။ စင်ကာပူ ရောက်ဖူး၊ နေဖူးလျှင်တော့ စင်ကာပူလို စနစ်ကျသည့် စီမံခန့်ခွဲမှုမျိုးကို အတုခိုးချင်သည့်ဆန္ဒ ဖြစ်လာမည်ဟု ပြောရဲပါသည်။ စင်ကာပူတွင် လူအများနှင့် နေ့စဉ်ဆက်ဆံရသော တစ်ခါလာ သည်လိုင်း၊ နောက်တစ်ခါလာ သည်လမ်း မောင်းနေရသော ဘတ်စ်ကားမောင်းသူများကို အလုပ် လုပ်ခိုင်းပုံမှာ စိတ်ဝင်စားစရာ ကောင်းပါသည် (အလိုအလျောက်စက်နှင့် လက်မှတ်ရောင်းသဖြင့် ကားစပယ်ယာမထားပါ)။ ကားဂိတ်အဆုံးတိုင်းတွင် ယာဉ်မောင်းများအတွက် စားသောက်ဆိုင်တန်းများ ထားပေးပါသည်။ အပန်းဖြေခန်းများလည်း ထားပေးပါသည်။ ဘတ်စ်ကားမောင်းသူသည် ဂိတ်ဆုံးရောက်သည့်အခါတွင် နောက်တစ်ကြိမ်အတွက် ဆက်မမောင်းရဘဲ ဆင်းသွားပါသည်။ မောင်းသူနောက်တစ်ဦး တက်လာပါသည်။ ဆိုလိုသည်မှာ အလှည့်ကျသဘောမျိုး ပေးမောင်းခြင်း ဖြစ်ပါသည်။ ထိုသို့ လုပ်ခြင်းကြောင့် ဆက်တိုက် မဟုတ်သဖြင့် စိတ်အနားရသွားပါသည်။ ထို့အပြင် အပန်းဖြေခန်းထဲတွင်လည်း နာရီဝက် တစ်နာရီခန့် နားလိုက်ရသဖြင့် စိတ်ပြန်လည် ကြည်လင်လာကာ နောက်တစ်ခေါက် ခရီးအတွက် အားမာန် ပြန်ပြည့်လာစေပါသည်။ ခရီးသွားများနှင့် မည်သို့ ဆက်ဆံရမည်၊ မည်သည့် ကျင့်ဝတ်များ ထားရှိရမည်ဆိုသော လုပ်ငန်းခွင် လေ့ကျင့်သင်တန်းများကိုလည်း ပို့ချပေးပါ

www.burmeseclassic.com

သည်။ ထို့ကြောင့်ပင် စင်ကာပူက ဘတ်စ်ကားများကို အများပြည်သူက ကြည်ဖြူအားထားနိုင်ကြပါသည်။

**(၆)**

> **လူတွေက ကိုယ့် အလုပ်ကို ကိုယ်ဂုဏ်ယူတတ်ဖို့ အရေးကြီးပါသည် ဂုဏ်ယူတတ်မှသာ ထိုအလုပ်ကို တာဝန်ကျေမည် ကျင့်ဝတ်များကို လိုက်နာမည် ဖြစ်ပါသည် ထို့ကြောင့် သူတို့အလုပ်သည် လူ့အောက်ကျ အလုပ်မဟုတ်ဘဲ အများပြည်သူတို့ သွားလိုရာကို စရိတ် သက်သက်သာသာဖြင့် ပို့ဆောင်ပေးနိုင်သည့် အလုပ်ဟု သူတို့ ဂုဏ်ယူတတ်လာအောင် စည်းရုံးရမည်**

ကျွန်တော်သည် ယင်းအတွေ့အကြုံတို့ကို မွေးစားယူကြည့်ကာ ရန်ကုန်မြို့တွင် မိမိဘာသာ စိတ်ကူးဖြင့် စီမံကြည့်မိပါသည်။ ဒရိုင်ဘာနှင့် စပယ်ယာတွေကို ယာဉ်တစ်စီးစီတွင် အဆိုင်း ၂ ဆိုင်းခွဲကာ အလှည့်ကျ တစ်တွဲစီထားကာ အလုပ်လုပ်စေသည်။ ဂိတ်ဆုံးများတွင် ယခုလို အပြေးလွှား သွားဝါးရသည့် ကွမ်းယာဆိုင်ကလေးတွေလို မရှိစေဘဲ ဝန်ထမ်းများ သီးသန့်နားနေဆောင်ကလေးများ ဆောက်ပေးကြည့်သည်။ ထိုအဆောင်ကလေးများတွင် ကျွန်တော်က ကာရာအိုကေစက်ကလေးများကိုပင် ထားကြည့်လိုက်ပါသည်။ မတော်တဆ လမ်းမှာ ခရီးသည်တစ်ဦးနှင့် မကြည်မလင် ဖြစ်ခဲ့သည်ဆိုလျှင်လည်း လွတ်လွတ်လပ်လပ် သီချင်းဆိုကာ စိတ်ကို ထွက်ပေါက်ပေးနိုင်လိမ့်မည်။ သီချင်းကြိုက်သူတွေကလည်း အပန်းပြေကာ နောက်တစ်ခေါက်အတွက် လန်းလန်းဆန်းဆန်း ဖြစ်သွားမည်။ ထို့အပြင် ခေတ်မီနိုင်ငံများမှာ အများပြည်သူ ခရီးသွားလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် သူတို့လို လုပ်သားများအကြောင်းကို ဓာတ်ပုံဆလိုက်များဖြင့် ပြသကာ အရည်အသွေးမြှင့်တင်ရေး သင်တန်းများကို ပေးကြည့်မည်။ လူတွေက ကိုယ့်အလုပ်ကို ကိုယ်ဂုဏ်ယူတတ်ဖို့ အရေးကြီးပါသည်။ ဂုဏ်ယူတတ်မှသာ ထိုအလုပ်ကို တာဝန်ကျေမည်။ ကျင့်ဝတ်များကို လိုက်နာမည် ဖြစ်ပါသည်။ ထို့ကြောင့် သူတို့အလုပ်သည် လူ့အောက်ကျ အလုပ်မဟုတ်ဘဲ အများပြည်သူတို့ သွားလိုရာကို စရိတ် သက်သက်သာသာဖြင့် ပို့ဆောင်ပေးနိုင်သည့် အလုပ်ဟု သူတို့ ဂုဏ်ယူတတ်လာအောင် စည်းရုံးရမည်။ ယင်းအလုပ်ကတော့ အချိန်ယူလုပ်ရမည့် အလုပ်ဖြစ်ပါသည်။ ကျွန်တော်သည် တတ်သိကျွမ်းကျင်သူတစ်ဦးတော့ မဟုတ်ပါ။ ကြိုးစားအဖြေရှာကြည့်ခြင်းသာ ဖြစ်ပါသည်။ အခက်အခဲတွေ ရှိကောင်း ရှိနိုင်ပါသည်။ သို့သော် စမ်းသပ်ကြည့်ဖို့တော့ ကောင်းမည်ဟု ကျွန်တော် တိုက်တွန်းချင်ပါသည်။ စမ်း၍ ရသလောက်နှင့်ပေါ့။

**အတွဲ(၁)၊ အမှတ်(၄၁)** *7 Day News Journal*

www.burmeseclassic.com



# ညစာတစ်ပွဲ ကားကောင်းတစ်စီးနှင့်
# ကွန်ပျူတာကလေး တစ်လုံးအကြောင်း

www.burmeseclassic.com

BURMESE CLASSIC .com

**သူက ငါးသိန်းဆိုသည့် ဈေးကို ကြားသောအခါ မင်း ကွန်ပျူတာက ဈေးကြီး လိုက်တာကွာဟု ပြောငြင်းငြင်းသည် ငါးသိန်းဆိုသော ငွေသည် သူလို လူစားမျိုးအတွက် ညစာ နှစ်ညစာလောက်သာ ရှိပေလိမ့်မည်**

(၁)

ကျောင်းနေဖက်တစ်ဦးနှင့် နှစ်အတန်ကြာ ကွဲကွာနေပြီးမှ ပြန်ဆုံသည်။ သူ့ကိုကြည့်ရသည်မှာ အတော်ကလေး ချမ်းသာကြွယ်ဝ နေပုံရသည်။ ကားကို ကျွန်တော့်မျက်စိရှေ့မှာပင် အမျိုးမျိုး ထည့်လဲစီး နေသည်။ စကားပြောလျှင်လည်း သိန်းကို ရာဂဏန်းနှင့်ချီပြီး ပြောသည်။ သူက ရန်ကုန်မြို့တွင် မည်သည့်စားတော်ဆက်က မည်သည့်ဟင်းလျာ ကောင်းကြောင်း၊ တစ်ခါ ညစာစားလျှင် မည်မျှကုန်ကြောင်းများကို အာပေါင်အာရင်းသန်သန်နှင့် ပြောတတ်သည်။ တစ်ရက်မှာ ဂျပန်က သူငယ်ချင်းတစ်ယောက်က ခရီးဆောင် လက်ဆွဲ ကွန်ပျူတာကလေးတွေ ပါလာသည်။ တစ်ပတ်ရစ်ကလေးတွေဆိုသော်လည်း အကောင်းနီးပါးမျှ သန့်သည်။ ဈေးကလည်း ငါးသိန်းဝန်းကျင်ခန့်ဖြစ်ရာ ကျွန်တော် သူ့ကို သတိရလိုက်သဖြင့် ဖုန်းလှမ်းဆက်ကာ ပြောပြသည်။ သူက ငါးသိန်း ဆိုသည့်ဈေးကို ကြားသောအခါ မင်းကွန်ပျူတာက ဈေးကြီးလိုက်တာ ကွာဟု ပြောငြင်းငြင်းသည်။ ငါးသိန်းဆိုသော ငွေသည် သူလိုလူစားမျိုး အတွက် ညစာ နှစ်ညစာလောက်သာ ရှိပေလိမ့်မည်။

(၂)

လုပ်ငန်းတွေ အများကြီးလုပ်နေသော နောက်မိတ်ဆွေတစ်ဦး နှင့် ဆုံသည်။ သူသည် ပွဲရုံတွေပိုင်သည်။ အငှားကားတွေ ထောင်ထား သည်။ ကျွန်တော်က သူနှင့်ဆုံသည့်အခါတွင် ကျွန်တော် အယ်ဒီတာချုပ် အဖြစ် တာဝန်ယူ ထုတ်ဝေခဲ့သော ကွန်ပျူတာနည်းပညာဆိုင်ရာ ဂျာနယ် တစ်စောင်ကို သူ့ကို လက်ဆောင်ပေးလိုက်သည်။ သူက ဂျာနယ်ကို ဟိုလှန်သည်လှန်လုပ်လိုက်ပြီး ပျင်းစရာကြီးကွာဟု ပြောသည်။ မင်း ကလည်း ရှိနယ်လ်ဒိုတို့၊ ဇီဒန်းတို့ အကြောင်းလည်း မပါဘူး။ ငါက အဲ့ဒါမျိုးတွေတော့ ကြိုက်တယ်။ မှန်းလို့ရတာပေါ့ကွာဟု ပြောသည်။ သူနောက်ဆုံးပြောလိုက်သည့် မှန်းလို့ရသည်ဆိုသော စကားကို ကျွန်တော် နားသိပ်မရှင်းသော်လည်း ပြန်မမေးမိလိုက်ပါ။

(၃)

ကုမ္ပဏီတစ်ခုတွင် အလုပ်လုပ်နေသော သူတစ်ဦးကို တွေ့ သည်။ မိတ်ဆွေတစ်ဦးက မိတ်ဆက်ပေးခြင်းဖြစ်သည်။ သူက

www.burmeseclassic.com

ကွန်ပျူတာတစ်လုံး ဝယ်ချင်သည်။ သူ့အတွက် မဟုတ်။ အလယ်တန်း စတက်နေသော သူ့သားငယ်အတွက်ဟု ပြောသည်။ သူက ချမ်းသာလွန်း လို့ ဝယ်တာမဟုတ်ပါဘူးဗျာ။ အခုခေတ်က အိုင်တီခေတ် မဟုတ်လား။ ကလေးတွေကို ကွန်ပျူတာနဲ့ ရင်းနှီးစေချင်လွန်းလို့ ဘောနပ်စ်ရတုန်း တခြားဟာမသုံးဘဲ ဝယ်မလို့၊ ဈေးသက်သက်သာသာနဲ့ သုံးလို့ရမယ့် နေရာကလေး ညွှန်ပေးပါဟု အကူအညီ တောင်းလေသည်။

## (၄)

ဆော့ဖ်ဝဲတွေရေးသည့် လုပ်ငန်းလုပ်ကိုင်နေသော ညီငယ် တစ်ဦးလို ခင်မင်ရသည့် လူငယ်တစ်ဦးနှင့် ဆုံသည်။ သူက မားကတ် တင်းလိုက်ဆင်းရင်း ကျွန်တော့်ဆီ လမ်းကြုံသဖြင့် ဝင်လာခြင်းဖြစ်သည်။ သူသည် စူပါမတ်ကက်များ၊ ခရီးသွားလုပ်ငန်းများ၊ စက်ရုံ အလုပ်ရုံများ အတွက် သူတို့လုပ်ငန်းနှင့် တိုက်ရိုက်သုံးနိုင်မည့် ဆော့ဖ်ဝဲများကို ရေးနေ သည်။ သူနှင့်ကျွန်တော် လက်ဖက်ရည်ဆိုင်တွင် လက်ဖက်ရည်သောက် ကြရင်း ကျွန်တော်က မေးသဖြင့် သူ့လုပ်ငန်း အခြေအနေကို သူက ပြောပြသည်။ 'အစ်ကိုကြီးရာ သူတို့ (လုပ်ငန်းရှင်)တွေက ကားကိုသာ သိန်းလေးငါးရာနဲ့ အပြိုင်အဆိုင် စီးချင်ကြတာဗျ။ ကျွန်တော်တို့ ပင်ပင် ပန်းပန်းရေးတဲ့ ဆော့ဖ်ဝဲတစ်ခုကို ဆယ်သိန်းလောက်နဲ့ဝယ်ဖို့ကို အကြိမ် တစ်ရာလောက် ခြေတိုအောင် လာလာနေရ၊ ရှင်းပြနေရတာ' ဟု ညည်း ပြော ပြောလေသည်။

**'အစ်ကိုကြီးရာ သူတို့ (လုပ်ငန်းရှင်)တွေက ကားကိုသာ သိန်းလေးငါးရာနဲ့ အပြိုင်အဆိုင် စီးချင်ကြတာဗျ ကျွန်တော်တို့ ပင်ပင်ပန်းပန်းရေးတဲ့ ဆော့ဖ်ဝဲတစ်ခုကို ဆယ်သိန်းလောက်နဲ့ ဝယ်ဖို့ကို အကြိမ်တစ်ရာလောက် ခြေတိုအောင် လာလာနေရ ရှင်းပြနေရတာ' ဟု ညည်းပြော ပြောလေသည်**

## (၅)

ကွန်ပျူတာဆိုသော ခေတ်သစ်ကိရိယာကလေးနှင့် အိုင်တီ ဆိုသော ခေတ်သစ်နည်းပညာသည် ကမ္ဘာကြီးကို အများကြီး ပြောင်းလဲ ပစ်လိုက်သည်။ အများကြီးလည်း ထပ်မံပြောင်းလဲပစ်ဦးမည်။ ယင်း အစွမ်းထက်လှသော ကိရိယာကလေးနှင့် အင်အားကြီးမား အရှိန်အဟုန် ကောင်းလှသော ယင်း နည်းပညာကလေးကို မြန်မာပြည်တွင်လည်း ထိတွေ့သုံးစွဲနေကြပါပြီ။ မသုံးနိုင်သူများ ဝေးနေသည်ကို မပြောလို သော်လည်း သုံးနိုင်သူများ၊ သုံးအားရှိသူများ၊ သုံးသင့်သူအများစုမှာ ယင်းတို့နှင့် ဝေးဝေးနေနေကြသည်။ ကျွန်တော့်မိတ်ဆွေတွေလို လူစားတွေ အများကြီးဖြစ်သည်။ သူတို့သည် ကွန်ပျူတာတစ်လုံး ဝယ်ရမှာကို

www.burmeseclassic.com

ပညာရှာသူချင်း တူလျှင် အိုင်တီပညာ အခြေခံ ရှိသူသည်ပင်လျှင် မရှိသူများနှင့် ကွာဟသွားပါလိမ့်မည် သိပ်မကြာတော့သော ကာလတွင် ကျွန်တော်တို့ဆီ၌ ပင်လျှင် ကွန်ပျူတာနှင့် အိုင်တီကို မသိသူများ (မရှိမသေစကား ခိုင်းနှိုင်းရလျှင်) ခွေးအ,ကြီး လှည်းနင်းခံရမည့် ကိန်းဆိုက်သည့် အခြေအနေသို့ တစ်နေ့တခြား ဦးတည်လာနေပြီ ဖြစ်ပါသည်

ကပ်စေးနဲနေကြသည်။ ကွန်ပျူတာနည်းပညာသည် ပညာတတ်၊ အထူးကျွမ်းကျင်သူများနှင့်သာ သက်ဆိုင်သည်ဟု တချို့က မှားယွင်းစွာ ယူဆနေကြတုန်း ဖြစ်နေသည်။

(၆)

ကွန်ပျူတာ ပညာရှင်ကြီးတစ်ဦးနှင့် တွေ့ဆုံ မေးမြန်းကြည့်ဖူးပါသည်။ သူက ကျွန်တော်တို့ဆီတွင် လူဦးရေနှင့် အချိုးအစားချကြည့်လျှင် ကွန်ပျူတာသုံးစွဲနေသူများ အရေအတွက်သည် အလွန်နည်းပါးနေကြောင်း၊ ကွန်ပျူတာ ထိုးဖောက်မှု အားနည်းနေသည်ဟု ဆိုသည်။ အဆိုပါ ကွန်ပျူတာ မသုံးသေးသူများစာရင်းတွင် သုံးနိုင်သော်လည်း မသုံးကြသေးသူများ မည်မျှရှိနေမည်ကို သိလိုလှပါသည်။ စီးပွားရေးလုပ်သူချင်းယှဉ်လျှင် ကွန်ပျူတာသုံးသူ၊ နားလည်သူသည် ရေရှည်တွင် အပြတ်ကျော်တက်သွားပါလိမ့်မည်။ ပညာရှာသူချင်းတူလျှင် အိုင်တီပညာ အခြေခံရှိသူသည်ပင်လျှင် မရှိသူများနှင့် ကွာဟသွားပါလိမ့်မည်။ သိပ်မကြာတော့သောကာလတွင် ကျွန်တော်တို့ဆီ၌ပင်လျှင် ကွန်ပျူတာနှင့် အိုင်တီကို မသိသူများ (မရှိမသေစကား ခိုင်းနှိုင်းရလျှင်) ခွေးအ,ကြီး လှည်းနင်းခံရမည့်ကိန်းဆိုက်သည့် အခြေအနေသို့ တစ်နေ့တခြား ဦးတည်လာနေပြီ ဖြစ်ပါသည်။ တစ်ယောက်တည်း ချန်ခဲ့မည်ဆိုလျှင်တော့ တစ်မျိုးပေါ့။ အနာဂတ် လူ့အဖွဲ့အစည်း အသိုက်အမြုံထဲမှာ အလိုက်သင့် ပါဝင်လာဖို့ဆိုလျှင်တော့ ယခုကတည်းက ပြင်ကြ၊ ဆင်ကြရပါမည်။ မလိုသည့်နေရာမှာ ကပ်စေးနဲ မနေသင့်တော့ပါ။ ကွန်ပျူတာ သင်ရမှာ ရှက်မနေသင့်တော့ပါ။ အချိန်မီပါသေးသည်။ ဆေးမီပါသေးသည်။

**အတွဲ(၁)၊ အမှတ်(၄၃)** *7 Day News Journal*

www.burmeseclassic.com

# ခင်မောင်ရင်၊ ကျော်ဆွေနှင့် ဇော်ဝမ်း
# ပြီးတော့… ရာဇာနေဝင်း



www.burmeseclassic.com

## (၁)

အဘိုးသည် ရုပ်ရှင် အလွန်ကြိုက်သည်။ သူ စွဲလမ်းခဲ့သော ရုပ်ရှင်ကားများအကြောင်း ကျွန်တော့်ကို တစ်ဖွဲ့တရပြောပြတတ်သည်။ အဘိုး ခဏခဏ ပြောသောကားမှာ ဗိုလ်အောင်ဒင်ဖြစ်သည်။ "ခင်မောင်ရင် သရုပ်ဆောင်တာကိုတော့ အခုသူတွေ ဘယ်သူမှ လိုက်မမီပါဘူးကွာ" ဟု ပြောတတ်သည်။ ဗိုလ်အောင်ဒင်အဖြစ် ခနဲ့တဲ့တဲ့ရယ်သော ခင်မောင်ရင့် ရယ်ဟန် မည်မျှနာမည်ကြီးသွားကြောင်းလည်း ဂုဏ်ယူစွာပြောတတ် သည်။ နိုင်ငံခြားရုပ်ရှင်များဆိုလျှင်လည်း ကောင်းဘွိုင်ကားတွေအကြောင်း နှင့် ကောင်းဘွိုင်မင်းသားကြီး ဂျွန်ဝိန်း မည်မျှ သရုပ်ဆောင်ကောင်း ကြောင်း၊ သေနတ်ပစ် အလွန်ကျွမ်းကြောင်းပါပြောသည်။ "စီနီမာစကုတ် ကြီးကြည့်ရတာကွ၊ သိပ်ကြည့်လို့ကောင်းတယ်" ဟုလည်း တသသ ဆို သည်။

## (၂)

အဖေသည်လည်း အဘိုးလိုပင် ရုပ်ရှင်ကြိုက်သည်။ အသက် အရွယ်ရလာသောအဖေက ရုပ်ရှင်သိပ်မကြည့်ဖြစ်တော့သော်လည်း ငယ်စဉ်ကမူ ရုပ်ရှင်ကားသစ်တင်တိုင်း မလွတ်တမ်းကြည့်သည်ဟု သိရ သည်။ အဘိုးကတော့ အငြိမ်းစားအရွယ်ရောက်သည့်တိုင် ပင်စင်လစာ ထုတ်သည့်နေ့တိုင်းတော့ ရုပ်ရှင် တစ်ကားကား ဝင်ကြည့်စမြဲဖြစ်သည်။ အဖေ့အသည်းစွဲမြန်မာမင်းသားကြီးမှာ (ဦး)ကျော်ဆွေဖြစ်သည်။ "ပုလဲ မျက်ရည်လိုကားမျိုးကတော့ အခုခေတ်ပြန်ရိုက်နိုင်မယ်မထင်ဘူး" ဟု လည်း ခဏခဏပြောတတ်သည်။ အဖေသည် မင်းသားကြီးကျော်ဆွေ၏ မိုးရုပ်ရှင်ကထုတ်လုပ်သောကားများကို အလွန်အထင်ကြီးသည်၊ တခြား ကမ္ဘာက ချစ်သူရယ်လို ကားမျိုးကိုလည်း အမှတ်တရရှိနေသည်။ "ကျော်ဆွေနဲ့ ခင်ယုမေက သိပ်လိုက်ဖက်တာကွ၊ ပြီးတော့ သူရိုက်တဲ့ ကားတွေက ခေတ်ပုံအယူအဆသိပ်ကောင်းတယ်။ မင်းတို့ခေတ်လို ဖြစ် ကတတ်ဆန်း ရိုက်တာ မဟုတ်ဘူး" ဟု မကျေမနပ်လည်း ပြောတတ် သည်။ နိုင်ငံခြားရုပ်ရှင်မင်းသားများဖြစ်သော ရော့ဒ်ဟတ်ဆန်တို့၊ အန်ထော်နီကွင်းတို့၏ ရုပ်ရှင်များကို မကြာခဏ ပြန်ကြည့်တတ်သည်။

**အဖေ့အသည်းစွဲ မြန်မာမင်းသားကြီးမှာ (ဦး)ကျော်ဆွေ ဖြစ်သည် "ပုလဲမျက်ရည်လို ကားမျိုးကတော့ အခုခေတ် ပြန်ရိုက်နိုင်မယ် မထင်ဘူး" ဟု လည်း ခဏခဏ ပြောတတ်သည်**

သူတို့ကမှ "တကယ့်မင်းသားတွေကွ" ဟုလည်း ကျေကျေနပ်နပ်ကြီး ပြောတတ်သည်။

(၃)

အဘိုးနှင့် အဖေ့သွေးပါသော ကျွန်တော်သည်လည်း ရုပ်ရှင်ကြိုက်သူတစ်ဦး ဖြစ်လာခဲ့သည်။ ကျွန်တော်သည် ညွှန့်ဝင်းနှစ်ကိုယ်ခွဲ သရုပ်ဆောင်သော ဗန်တိုလူလေးနှင့် သူ့ဇာရုပ်ရှင်ကားကို အလွန်ကြိုက်ခဲ့သည်။ 'မိုက်တယ်ဆိုတာ လွယ်ပါတယ်' ရုပ်ရှင်ကိုလည်း ကြိုက်သည်။ ထို့နောက် ရှုမဝဦးကျော်ရိုက်သော 'စေလိုရာစေ' ရုပ်ရှင်တစ်ကားတည်းနှင့် မင်းသားဖြစ်လာသည့် ဇော်ဝမ်း၏ကားတွေကို ကြိုက်လာ သည်။ စေလိုရာစေကားထဲက ဇော်ဝမ်းသီဆိုသော "မင်းရည်မှန်းတာက မြခဲ၊ စိန်ခဲ၊ ကိုယ့်မှာတော့ လမ်းဘေးကကျောက်ခဲ"ဆိုသော 'ကျောက်ခဲ' တေးသီချင်းကို ယခုတိုင် အမှတ်ရရရှိနေဆဲဖြစ်သည်။ ချင်းတွင်းမြစ်ကြော တစ်လျှောက်လှပသောရှုခင်းများနောက်ခံနှင့် စေလိုရာစေကားကို ကျွန်တော့်ရင်ထဲ စွဲစွဲမြဲမြဲ ဖြစ်နေဆဲဟု ဆိုရမည်။ ရုပ်ရှင်ဆိုတာ ဒါမျိုးမှ ဟု ကျွန်တော့်ရင်ထဲ ထင်ထားခဲ့သည်။ အမှန်ပြောရလျှင် ယခုခေတ်ရုပ်ရှင် ကားတော်တော်များများသည် ဇာတ်လမ်း၊ ဇာတ်အိမ် ခိုင်ခိုင်မာမာမရှိလှ ဟု ကျွန်တော်က ကျွန်တော်ငယ်နုစဉ်မှာ ကြည့်ရှုစွဲလမ်းခဲ့ရသော ရုပ်ရှင် တွေနှင့် နှိုင်းယှဉ်ခံစားမိလေသည်။ နိုင်ငံခြားရုပ်ရှင်ကားတွေကြည့်တတ် လာသောအခါ ဂလုပ်ရုံ(ဂုဏ်ရုံ)မှာ ပြတတ်သော ခံစားမှုအသားပေး ဒရာမာကားများကို မလွတ်တမ်းကြည့်တတ်လာသည်။ ကျွန်တော်သည် ဆိုဖီရာလောရင်း၏ ဆန်းဖလားဝါးရုပ်ရှင်ကားကို ယခုတိုင် ထပ်ခါထပ်ခါ ကြည့်လိုဆဲဖြစ်လေသည်။

(၄)

တစ်နေ့က သမီးဖြစ်သူနှင့် ဗီစီဒီအငှားဆိုင်သို့ လိုက်သွား သည်။ ကျောင်းပိတ်ရက်အားလပ်နေသောသမီးက မြန်မာဗီဒီယိုကား ကြည့်ချင်သဖြင့် လိုက်ပို့ပေးခြင်း ဖြစ်သည်။ သမီးက သူကြိုက်သော ဗီဒီယိုကားနှစ်ကားလောက် ကျွန်တော့်ကိုပြသည်။ ကျွန်တော်က ဇာတ်ကားနာမည်ကြည့်လိုက်ရုံနှင့် စိတ်ညစ်သွားသည်။ နာမည်တွေက မလှမပ။ ကဗျာမဆန်။ တုံးတိတိကြီးတွေ။ ကျွန်တော်က နှာခေါင်းရှုံ့လိုက်တော့

**သမီးက သူကြိုက်သော ဗီဒီယိုကား နှစ်ကားလောက် ကျွန်တော့်ကို ပြသည် ကျွန်တော်က ဇာတ်ကားနာမည် ကြည့်လိုက်ရုံနှင့် စိတ်ညစ်သွားသည် နာမည်တွေက မလှမပ ကဗျာမဆန်**

www.burmeseclassic.com

သမီးကရယ်လေသည်။ သမီးတို့က ခေတ်ပေါ်မင်းသားတစ်ယောက်ကို အတော် သဘောကျနေသည်။ ကျွန်တော်က သူသရုပ်ဆောင်တာကို တစ်ခါကြည့်ဖူးပြီးကတည်းက စိတ်ပျက်သွားသည်။ ‘သူက နာမည်ကြီးနေတာ ပါပါကြီးရ။ အခုခေတ်ကောင်လေးတွေဆို သူ့စတိုင် လိုက်လုပ်ကြတာ’ ဟု သမီးကရှင်းပြသည်။ ရုပ်မြင်သံကြားတွင် မြန်မာဇာတ်ကားတွေ ပြသည့်အခါများတွင်လည်း ဟိုခေတ်ကဇာတ်ကားဟောင်းတွေလာလျှင် ကျွန်တော်က မထတမ်းကြည့်သည်။ သမီးတို့က အိပ်ရာစောစောဝင်သည်။ သူတို့ကြိုက်သောကားတွေလာလျှင်လည်း ကျွန်တော်က အိပ်ရာပေါ်လှဲပြီး စာဖတ်လိုက်သည်။ သူတို့တစ်ခစ်ခစ်နှင့် ရယ်မော သဘောကျနေသံများကို အိပ်ရာပေါ်မှ ကျွန်တော် အတိုင်းသားကြားနေရသည်။

(၅)

ခေတ်တို့သည် လူတို့အသက်ကြီးလာသလိုပင် မသိမသာ ကလေးနှင့် ကြာသော် သိသိသာသာကြီးပြောင်းလဲလာသည်။ ဆယ်စုနှစ်တစ်စုစာမျှသော သက်တမ်းအတွင်းမှာ ပြောင်းလဲမှုတွေက တဖျတ်ဖျတ်။ မျိုးဆက်တွေက ခေတ်တစ်ခေတ်နှင့် တစ်ခေတ်အကြားမှာ၊ ဆယ်စုနှစ်တစ်စုနှင့် တစ်စုအကြားမှာ လက်ဆင့်ကမ်းခဲ့ကြပြီ။ မျိုးဆက်တစ်ဆက်နှင့် တစ်ဆက်အကြားမှာ အတွေးအခေါ်၊ အယူအဆ၊ နှစ်သက်မှု၊ မနှစ်သက်မှု၊ ချစ်ခြင်း၊ မုန်းခြင်း၊ တန်ဖိုးဖြတ်မှု၊ တန်ဖိုးထားမှု၊ အစွဲအလမ်း စသည် စသည်တို့ကလည်း အများကြီး ပြောင်းလဲသွားခဲ့ကြပြီ။ ခြားနားသွားခဲ့ကြပြီ ဖြစ်လေသည်။ အဘိုးက ခင်မောင်ရင်ကို ကြိုက်သည်။ အဖေက ခင်မောင်ရင်ထက် ကျော်ဆွေကို သဘောကျသည်။ ကျွန်တော်ကျတော့ ဇော်ဝမ်းကို ကျော်ဆွေထက် ပိုစွဲသည်။ သမီးကတော့ သူတို့တွေသရုပ်ဆောင်သည့် ဇာတ်ကားတွေလာသည့်အခါ ရုပ်မြင်သံကြားပြင်ကို ဝေးဝေးရှောင်လေတော့သည်။ သမီးတို့က ရာဇာနေဝင်းမှ ရာဇာနေဝင်းဖြစ်နေသည်။

(၆)

မိမိဖြတ်သန်းခဲ့သော ခေတ်၏အခြေအနေနှင့် ယဉ်ကျေးမှုရိုက်ခတ်မှုများအပေါ် မူတည်ကာ တစ်ခေတ်နှင့် တစ်ခေတ်၊ မျိုးဆက်

www.burmeseclassic.com

တစ်ဆက်နှင့် တစ်ဆက် အကြိုက်ချင်းမညီ၊ သဘောထားချင်းမတိုက်ဆိုင်၊ အယူအဆချင်းကွဲလွဲသည်မှာ သဘာဝတရားတစ်ခုသာ ဖြစ်ပါသည်။ အကြိုက်ချင်းအတင်းတူခိုင်း၍မရ။ သဘောထားချင်း အတင်းတိုက်ဆိုင်၍ မဖြစ်နိုင်။ ပြီးတော့ အယူအဆချင်း အတင်းညီခိုင်းနိုင်ကြမည်လည်း မဟုတ်ပါ။ သို့ရာတွင် ခေတ်နှောင်းလူတို့သည် မျက်မှောက်ပြုနေသော ခေတ်ကို နားလည်မှုပေးရမည်။ မျက်မှောက်ခေတ်လူတို့ကလည်း ခေတ်နှောင်းလူတို့၏ ခံစားမှုများကို စာနာနားလည်ပေးဖို့ လိုအပ်ပါသည်။ ရာဇာနေဝင်းကြိုက်သည့် သမီးတို့ကို ကျွန်တော်က နားလည်ပေးရမည်။ ခွင့်ပြုပေးရမည်။ ကျွန်တော်ကိုယ်တိုင်က ရာဇာနေဝင်းကိုလိုက်ကြိုက်ပေးဖို့ မလို။ ထို့အတူ ဇော်ဝမ်းကားကြိုက်သော ကျွန်တော်က သမီးကို ဇော်ဝမ်းကား အတင်းလိုက်ကြည့်ခိုင်းဖို့မလိုပါ။ ဇော်ဝမ်းကားလာတိုင်း မလွတ်တမ်း ကြည့်တတ်သော အဖေ၏စွဲလမ်းမှုကို သမီးကနားလည်ပေးဖို့သာ လိုပါသည်။ တစ်ခေတ်က တခြားတစ်ခေတ်ကို နားလည်ခြင်း၊ မျိုးဆက်တစ်ခုက တခြားမျိုးဆက်တစ်ခုကို စာနာခြင်းတို့ကို အခြေခံခြင်းဖြင့် ညီညွတ်မျှတသော လူ့ဘောင်ကို တည်ဆောက်နိုင်ကာ သမိုင်းသည် တိုးတက်ဖြစ်ထွန်းလာပါလိမ့်မည်။

**မျက်မှောက်ခေတ်
လူတို့ကလည်း
ခေတ်နှောင်းလူတို့၏
ခံစားမှုများကို
စာနာနားလည်ပေးဖို့
လိုအပ်ပါသည်
ရာဇာနေဝင်း
ကြိုက်သည့်
သမီးတို့ကို
ကျွန်တော်က
နားလည်ပေးရမည်
ခွင့်ပြုပေးရမည်
ကျွန်တော်
ကိုယ်တိုင်က
ရာဇာနေဝင်းကို
လိုက်ကြိုက်ပေးဖို့
မလို**

**အတွဲ (၂)၊ အမှတ် (၄)** *7 Day News Journal*

www.burmeseclassic.com

ကိုကို(စက်မှုတက္ကသိုလ်)

# အယ်ဒီတာ့ဒိုင်ယာရီ

## စာစုများ




7 DAY NEWS ဂျာနယ်တွင်
ရေးသားခဲ့သော
စာရေးသူ အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်)၏
ခေါင်းကြီး အယ်ဒီတာ့ဒိုင်ယာရီ များကို
[illegible] စုစည်းတင်ဆက်မှု